Right Decisions come from wide vision
THE POPULAR NEWS JOURNAL
No:23,Vol.7,
June.11,2015
(Thursday)




စာမျက်နှာ ၃၂ ➤

# အပြင်တကြိုက် ပုရိသများနှင့် ဣတ္ထိယအိမ်ကွင်း ဝစ်ဆင်ရေး

စာမျက်နှာ ၁၉ ➤



## ဒဂုံစီးတီး စီမံကိန်းနှင့်ပတ်သက်၍ တင်သွင်းသည့်အဆို ပြည်သူ့လွှတ်တော်ရုံးမှ လက်ခံ

စာမျက်နှာ ၈ ➤

## ဖွဲ့စည်းပုံပြင်ဆင်ရေး ဥပဒေကြမ်း လွှတ်တော်တွင် မကြာခင် ဆွေးနွေးတော့မည်

စာမျက်နှာ ၆ ➤

## တစ်ပြည်တစ်ရွာမှာ အဖြိုက်ကောက် ပရဟိတ လုပ်ကြသူများ

စာမျက်နှာ ၁၅ ➤

## ကျောင်းသားလူငယ်တွေကို ဖေ့စ်ဘွတ်ခ် ပေးမသုံးသင့်ဘူးလား

စာမျက်နှာ ၁၃ ➤

## အကြမ်းဖက်ရန် တာလီဘန်တိုက်တွန်းမှု ပြည်တွင်းဘာသာရေး အဖွဲ့အစည်းများ ဆန့်ကျင်

စာမျက်နှာ ၈ ➤

## ဒေါ်လာဈေးနှင့် ရွှေဈေး ရုတ်တရက် မြင့်တက်မှုအပေါ် စီးပွားရေးပညာရှင်များ သတိပေး

စာမျက်နှာ ၆ ➤

## အလိုက် သိသိ အကြိုက် မိမိ အဂတိ၏ သားကောင်များ

စာမျက်နှာ ၂၃ ➤

## တီဗီ အသံဗိတ်ပါ ပြန်မာပွဲလာနေသည်

စာမျက်နှာ ၁၆ ➤




www.free4reader.com

Vol: 7, No-23, June 11, 2015 POPULAR NEWS

af
ASIAN FAME MEDIA GROUP
CEO: Ngwe ThawDar.

THE POPULAR NEWS JOURNAL
Established in 2009

**Advisory Board**
Ko Ko Hlaing
Mg Swe Thet
Thayet Ma Thet Swe
Zaw Win Aung
Myo Tun Hlaing

**Editorial & Technical Director**
Po Naing Lin

**Editorial Director**
Ko Myo (Myanmarsar)

**HR Director**
Pann Zan

**Admin Director**
Mya Hlaing

**Editor-in-charge**
Thet Naing
Aung Khoon Set

**Editor**
Minn Thu Aung, May Zin Win
Kyaw Ye Lynn

**Editorial Desk**
Khaing Thazin Oo(Assistant Editor)

**Senior Reporters**
Thuta Linn,
Myat Su Nyein

**Reporters**
Sai La Min, Eain Si Soe San,
Khine Nwe Oo,Yan Naing,
Po La Pyae, Htoo Htoo, Zay Wai Yan
Aung Zaw Htoo, Ye Lwin, Zu Zu

**Photographer**
Aung Naing Soe (Kisapa)
Kyaw Kyaw (AF)
Hkun Lat

**Proof**
Kyaw Moe Aung (Assistant Editor),
Lwin Phyu Thant

**Design Team**
Win Ko Ko(Design-in-charge)
Zaw Win Mg(Designer)
Saw Wanna (Designer)
Phyo Phyo Khine (Designer)

**IT Team**
Ko Myo (IT) (Assit: General Manager)
Khin Wai Htet, Thidar Wine, Zayar Lin
Thiha Htun, Naing Lin Hein
Min Sett Paing

**R & D Team**
KLMA(Research Editor)
Nway Nway San Myint, Yamin Thu

**Pre-Press Dept**
Kyaw Soe Nyunt(Assistant Manager)
Lwin Myint Oo(Supervisor)

**Distribution**
Thaung Myat Kyaw, Nyi Nyi Naing,
Htoo Htoo Aung

**Advertising Team**
Tin Sandar Win, Thet Wai San
Htay Lin Aung, Tint Tint Aung
advertising@popularmyanmar.com
Ph-377482

**Headquarter**
No. (150/160), 35th Street (Middle),
Kyauktada Township, Yangon.
Tel: 372833. Fax: 385450
email: popularnews@popularmyanmar.com

Post Office Box - 140

**Mandalay**
No.19, 30th street, bet: 65 x 66,
Mandalay.
Ph:09-402637196
email: mandalayoffice@popularmyanmar.com

**Nay Pyi Taw**
Ph:09-420724749

**Permission No.**
TEMP : 1312

**Publisher**
U Zaw Win Mg (04886)
84/85, (30) Quarter, Hninsi St,

**Printing**
Daw Nang Clyar Win
NgweGantGaw Press(06361)
82/83 Hnin Si Phyu St,
Yangon Thit

## မနောကံ စင်ကြယ်နေလျှင်...

လူ၌ ကာယကံ၊ ဝစီကံ၊ မနောကံဟူသော ကံသုံးပါးရှိရာ မနောကံ စင်ကြယ်နေလျှင် ဝစီကံမှု၊ ကာယကံမှုများလည်း စင်ကြယ်နေပေလိမ့်မည်။ ဂုဏ္ဍသာ၊ မစ္ဆရိယ၊ ဒေါသ၊ လောဘများဖြင့် စိတ်နှလုံး၌ လောင်ကျွမ်းနေလျှင် ကာယကံမှု၊ ဝစီကံမှုများ ပူလောင်ဆူပွက်နေပေလိမ့်မည်။ ကာယကံမှု၊ ဝစီကံမှုများ ပူလောင်ဆူပွက်ရိုင်းပျကြမ်းတမ်းခက်ထန်နေလျှင် ပတ်ဝန်းကျင်၏ အမုန်းအာဃာတများကို ဖိတ်ခေါ်နေခြင်းပင် ဖြစ်ပါ၏။ စိတ်နှလုံးသန့်ရှင်းတည်ကြည်ငြိမ်သက်လျှင် ပြောမှု၊ ပြုမှုဟူသမျှ ငြိမ်းအေးပြေစင်နေပေလိမ့်မည်။ ဝစီကံမှု၊ ကာယကံမှုများ ပျော့ပျောင်းသိမ်မွေ့ခြင်းသည် ပတ်ဝန်းကျင်ရှိ လူသားများထံမှ မေတ္တာ၊ စေတနာ၊ ကရုဏာများကိုသာ ဖိတ်ခေါ်ကြိုဆိုခြင်းပင် ဖြစ်ပါသည်။

**တောင်တန်းသာသနာပြုဆရာတော်ကြီး အရှင်ဦးဥတ္တမသာရ**



အယ်ဒီတာ့အာဘော်

## မျိုးဆက်သစ်တွေယူလာပေးတဲ့ ညီညွတ်ရေးနှင့် အသက်ရှည်ရှည် ခင်ခင်မင်မင်

မြန်မာနိုင်ငံတစ်ဝန်းတွင် လတ်တလော အပြောအများဆုံး အကြောင်းအရာမှာ မြန်မာဘောလုံးအသင်းများ၏ အကြောင်းများပင်ဖြစ်သည်။ ယူ ၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မြန်မာအသင်း အဆင့်မီမီ ပါဝင်ယှဉ်ပြိုင်ခဲ့ပုံ၊ ယူ ၂၃ အသင်းအရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ခြေစွမ်းပြ၍ နိုင်ပွဲများဆက်တိုက်ရရှိနေပုံများကို မြန်မာပြည်သူတစ်ရပ်လုံးက စိတ်ဓာတ်တက်ကြွစွာ ကြည်နူးပီတိဖြစ်စွာဖြင့် နေရာတိုင်းလိုလိုတွင် လူတိုင်းလိုလိုက ပြောဆိုနေကြသည်ကို သတိပြုမိပါသည်။

ထိုဘောလုံးပွဲများသည် မြန်မာတို့ အနှစ်နှစ်အလလက ဆာလောင်စွာတောင့်တနေခဲ့သော အဆင့်အတန်းမြင့်သည့် ဘောလုံးရသများကို ပေးနိုင်စွမ်းသလိုတစ်ချိန်တည်းမှာပင် သင်ယူစရာ သင်ခန်းစာများကိုလည်း ပေးစွမ်းနိုင်ခဲ့သည်ကို တွေ့ရပါသည်။

ရှေးဦးစွာမြန်မာယူ ၂၀ အသင်း၏အကြောင်းကို ဖော်ပြလို၏။ ထိုအသင်းသည် ကမ္ဘာ့ဖလားဝင်ခွင့်ရ ပထမဦးဆုံးသော မြန်မာအသင်းဖြစ်သဖြင့် တစ်နိုင်ငံလုံး၏ အသည်းနှလုံးကို ဖမ်းစားနိုင်သော ပြည်သူချစ်အသင်းတစ်သင်းဖြစ်သည်။ ထိုအသင်းသည် အသင်းလိုက်ညီညွတ်စွာ ကစားသည်။ တစ်ကိုယ်ကောင်း မဆန်ကြ။ ပြိုင်ပွဲတစ်လျှောက်လုံး အင်တိုက်အားတိုက် ကစားသည်။ အချိန်မဆွဲကြ။ ပြိုင်ပွဲစည်းကမ်းများအတိုင်း သန့်ရှင်းစွာကစားသည်။ မညစ်ပတ်ကြ။ ထိုဂုဏ်ပုဒ်များကြောင့် ကမ္ဘာ့ဖလားဝင်ခွင့် မရခင်ကတည်းကပင် ပြည်သူချစ်သောအသင်း ဖြစ်လာစေခဲ့၏။

အမှန်အတိုင်းဆိုရပါလျှင် မြန်မာယူ ၂၀ အသင်းသည် ကမ္ဘာ့အဆင့်ပြိုင်ဘက်များကို ကြိုးစားယှဉ်ပြိုင်ခဲ့သော်လည်း ရလဒ်ကောင်းများမရခဲ့ကြ။ ဂိုးပြတ်ရှုံးပွဲများပင် ကြုံခဲ့ရ၏။ ထူးခြားသည်မှာ ထိုအသင်းကို ပြည်သူလူထုက အောင်ပွဲရအသင်းကြီးကဲ့သို့ပင် ဂုဏ်ပြုကြိုဆိုကြ၏။ ပိုစတာ အမျိုးမျိုးကိုကိုင်ဆောင်ရင်း နိုင်ငံတော်အလံများကို ဝှေ့ရမ်းကာ လေဆိပ်တွင်သွားရောက်ကြိုဆိုသူများရှိသလို လူမှုကွန်ရက်များပေါ်မှလည်း တစ်ခဲနက်ဂုဏ်ပြုကြ အားပေးကြသူများလည်း ရှိကြသည်။ မေတ္တာမပျက်ကြ။ အရှုံးကိုလက်ခံနိုင်သော မြန်မာတို့ဖြစ်ကြောင်း ဂုဏ်ယူဖွယ်တွေ့ရပေသည်။

အရှုံးကိုလက်ခံသည်ဆိုသော်လည်းအကြောင်းမဲ့ လက်ခံကြသည်မဟုတ်။ ဖီဖာခေါ် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ကစားပွဲစည်းမျဉ်းများကို ပြိုင်ပွဲဝင်အသင်းအားလုံးအတွက် တစ်ပြေးညီသတ်မှတ်ပြိုင်ပွဲဝင်စေ၏။ အနိုင်အရှုံးကို အဆုံးအဖြတ်ပေးရာတွင် အရေးပါသော ဒိုင်လူကြီးများကို စနစ်တကျတာဝန်ပေးကြီးကြပ်စေ၏။ ယှဉ်ပြိုင်မှုကို မီဒီယာများမှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ကာ သန်းပေါင်းများစွာသော ကမ္ဘာသူ ကမ္ဘာသားများရှေ့တွင် ပွင့်လင်းမြင်သာစွာယှဉ်ပြိုင်စေခဲ့၍သာ ဤသို့အရှုံးကို လက်ခံကြခြင်းဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းသာ တရားမျှတမှုရှိပါစေ၊ ကြီးကြပ်သူတို့ဘက် မလိုက်ပါစေနှင့်၊ အများရှေ့တွင် ပွင့်လင်းမြင်သာစွာ ယှဉ်ပြိုင်သောပြိုင်ပွဲတစ်ခုသာ ဖြစ်ပါစေ၊ မြန်မာတို့သည် အနိုင်ရလဒ်ကို အသိအမှတ်ပြု၍ အရှုံးကို ကျေကျေနပ်နပ် လက်ခံတတ်သောစိတ်မှာ နဂိုကပင်ရှိနှင့် ရှိနေပြီးသားဖြစ်ပြီးကြောင်း ဤဘောလုံးပွဲက မီးမောင်းထိုးပြသကဲ့သို့ ရှိသည်။

ဆက်လက်ဖော်ပြလိုသည်မှာ အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် မြန်မာယူ ၂၃ အသင်း ဖြစ်သည်။ ထိုပြိုင်ပွဲမတိုင်မီက ထိုအသင်းကိုလည်းကောင်း၊ အသင်းတွင်ပါဝင်သော အားကစားသမားများကိုလည်းကောင်း သိသူနည်းလှသည်။ အချို့သောဘောလုံးဝါသနာအိုးများပင်လျှင် မသိကြ။ စင်ကာပူရောက် မြန်မာပရိသတ် အများစုသည်လည်း မြန်မာအသင်းဟူသော စိတ်တစ်ခုတည်းဖြင့်သာလျှင် လာရောက်အားပေးကြသော်လည်း အသင်းသားများကိုမူ သိသူမရှိသလောက် နည်းလှသည်။

ပြိုင်ပွဲ စတင်သောအခါတွင်မူ ထိုအသင်း၏ စွမ်းဆောင်မှုကို မြန်မာပရိသတ်တို့ အံ့အားသင့်ခဲ့ရသည်။ ထိုအသင်း၏ လှပသောကစားကွက်များကို အားပေးရင်း ပီတိဖြစ်ခဲ့ရသည်။ ရင်တမမဖြင့် အားပေးနေရသော ပရိသတ်ဘဝမှ လွန်မြောက်ကာ ယုံကြည်မှုရှိရှိဖြင့် အားပေးနိုင်သောအခြေအနေကို ရောက်ခဲ့ရ၏။ အသင်းသားများ၏ အမည်များသည်လည်း တစ်ပွဲတည်းနှင့်ပင် ပြည်သူအကြား ပျံ့နှံ့သွား၏။ တိုးတက်မှုလျင်မြန်လှသောအံ့ဖွယ် ရွက်ပုန်းသီးအသင်းဖြစ်၏။

ထိုအသင်းများ၏ စွမ်းဆောင်မှုကြောင့်ပင် မြန်မာ့ဘောလုံးအဆင့်သည် ဖီဖာအဆင့် သတ်မှတ်ချက်တွင် ၁၅ ဆင့်ခုန်တက်သွား၏။ မြန်မာယူ ၂၃ အသင်းသည် အရန်အင်အားလူငယ်များ၏ အားကိုကြည့်တတ်မြင်တတ် အသုံးချတတ်စေရန် သင်ကြားပေးသကဲ့သို့ရှိသည်။ မြန်မာ့ဘောလုံးသည် တစ်ခေတ်ဆန်းမည့်လမ်းကြောင်းပေါ်သို့ ရောက်သွားပြီဖြစ်လေသည်။

ဘောလုံးပွဲကြည့်၍ အားပေးနေသည့် အခိုက်အတန့်ဝယ် တိုင်းရင်းသား ပြည်သူများ၊ ပြည်တွင်း ပြည်ပ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူအားလုံးတို့ကို လူမျိုးဘာသာမတူညီမှု၊ ဆင်းရဲချမ်းသာကွာဟမှု၊ ယုံကြည်ချက်ခံယူချက်မတူညီကြမှု အစရှိသည့် မတူကွဲပြားခြားနားမှုများကို မေ့ပျောက်စေ၍ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ ပေါ်ပေါက်လာသည့် 'မြန်မာ' ဟူသော ဘုံဦးတည်ချက် ဆုံမှတ်တစ်ခုဆီသို့ ရောက်ရှိသွားအောင်ပို့ဆောင်ပေးနိုင်သည်ကပင် မြန်မာလူငယ်ဘောလုံးသမားများ၏ တာဝန်ကျေမှုပင်ဖြစ်ပါကြောင်း ဂုဏ်ပြုဖော်ပြအပ်ပါသည်။

အယ်ဒီတာ

## ယခုဘဏ္ဍာနှစ်အတွင်း လူကူးခုံးကျော်တံတား ခြောက်စင်းဆောက်မည်

ရဲလွင်
ရန်ကုန်၊ ဇွန် ၉

ယခုဘဏ္ဍာနှစ်အတွင်း ရန်ကုန်မြို့တွင် လူကူးခုံးကျော်တံတားခြောက်စင်း တိုးချဲ့ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာဌာနမှ သိရသည်။

ယင်းလူကူး ခုံးကျော်တံတားသစ်များကို အနော်ရထာလမ်း(ဆူးလေ)၊ အနော်ရထာလမ်း(လမ်းမတော်) အင်းလျားကန်ပေါင်ရှေ့(တံတားဖြူမှတ်တိုင်)၊ ဗဟန်းသုံးလမ်းကားမှတ်တိုင်၊ ရန်ကုန်တက္ကသိုလ် မာလာဆောင်ရှေ့၊ မရမ်းကုန်းရှစ်မိုင်လမ်းဆုံ စသည့်နေရာများတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနမှ ဒုတိယဌာနမှူး ဦးတင်ထွန်းဦးက ပြောသည်။

"ကျွန်တော်တို့လမ်းတံတားဌာနကပဲ တည်ဆောက်သွားမှာပါ။ ဒီနှစ်ဘတ်ဂျက် ခွဲတမ်းအရတော့ ဒီခုံးကျော်တံတားခြောက်စင်း တည်ဆောက်မယ်ပေါ့ဗျာ"ဟု ၎င်းကဆိုသည်။

လက်ရှိအချိန်တွင် လမ်းတံတားဌာနမှ တာဝန်ရှိသူများက အဆိုပါခုံးကျော်တံတား တည်ဆောက်မည့် မြေနေရာများတွင် မြေစစ်ဆေးစမ်းသပ်မှုများ ပြုလုပ်လျက်ရှိပြီး မကြာခင် တံတားတည်ဆောက်ရေးလုပ်ငန်းများ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ယင်းခုံးကျော်တံတား ခြောက်စင်းတည်ဆောက်မှုကို အခြားပြင်ပကုမ္ပဏီများအား တင်ဒါပေးသွားမည်မဟုတ်ဘဲ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကသာ တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင်လည်း လူကူးခုံးကျော် တံတားများကို ပန်းဆိုးတန်း(နန်းသီတာ) ဆိပ်ကမ်း၊ ကမ္ဘာအေး (ဂမုန်းပွင့်)ရှေ့၊ အင်းစိန် (ခရေပင်လမ်းခွဲ) အနီးတို့တွင် တည်ဆောက်ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။



ဓာတ်ပုံ- အောင်နိုင်စိုး(ကစ္စပ)



www.free4reader.com



ဒေါ်ယဉ်ယဉ်မြင့်က သူ၏ သံအမတ် ခန့်အပ်လွှာကို ဂျာမနီသမ္မတ H.E. Mr Joachim Gauck ထံသို့ ပေးအပ်နေစဉ်။
Photo-MOI

# ဗိုလ်ချုပ် ကတော် ဒေါ်ခင်ကြည် ပြီးတော့ သံအမတ်အဖြစ် ပြန်လည်ခန့်အပ်ခံရတဲ့ မြန်မာ အမျိုးသမီး ၂ဦး က ဘယ်သူ တွေလဲ

နိုင်ငံခြားရေး ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသူ အမျိုးသမီးတစ်ဦးက "ဒါဟာ အမျိုး သမီးတွေကို တန်းတူ အခွင့်အရေးပေးလိုက်တာလို့ ခံစားရတဲ့အပြင်၊ ကြိုးစား ရင် ကြိုး စားသလောက် နေရာရမယ် ဆိုတာ သက်သေ ပြလိုက်သလိုပါပဲ"…

*PN-051*

ရန်ကုန်၊ ဇွန် ၈

၁၉၆၇ ခုနှစ် နောက်ပိုင်း ပထမဦးဆုံးအကြိမ်အဖြစ် မြန်မာအမျိုးသမီး နှစ်ဦးကို နိုင်ငံတော်သမ္မတ ဦးသိန်းစိန် က သံအမတ်များ အဖြစ် ခန့်အပ်လိုက်သည်ဟု သတင်း ရရှိသည်။

အိန္ဒိယ နိုင်ငံဆိုင်ရာ မြန်မာအမျိုးသမီး သံအမတ်အဖြစ် ခန့်အပ်ခံခဲ့ရသည့် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် ပြီးလျှင် ၎င်းတို့ နှစ်ဦးမှာ အမျိုးသမီး သံအမတ်ကြီး များအဖြစ် ပထမဦးဆုံး ခန့်အပ်ခံရသူတို့ ဖြစ်ပြီး တာဝန်ကျရာ နိုင်ငံများမှာလည်း သံတမန် အသိုင်းအဝိုင်းတွင် အလွယ်တကူ မပေးတတ်သည့် ဥရောပနိုင်ငံတို့တွင်ဖြစ်သည်ဟု နိုင်ငံခြားရေး အသိုင်းအဝိုင်းမှ သိရသည်။

မိုးကျရွှေကိုယ်များ မဟုတ်ကြဘဲ နိုင်ငံခြားရေး ဝန်ကြီးဌာနတွင် အဆင့်ဆင့် တာဝန်ထမ်းဆောင်ရာမှ တစ်ဆင့် ယခုကဲ့သို့ ရာထူးရသွားခြင်းဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြီးတန်း အရာရှိ တစ်ဦးက ပြောသည်။

ဂျာမနီ နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ဒေါ်ယဉ်ယဉ်မြင့်ကို လည်းကောင်း၊ နော်ဝေတွင် မြန်မာသံအမတ်ကြီးအဖြစ် ဒေါ်မော်မော်ကိုလည်းကောင်း သမ္မတကခန့်အပ်ခဲ့ပြီး ဒေါ်ယဉ်ယဉ်မြင့်မှာ ဂျာမနီ သမ္မတ H.E. Mr Joachim Gauck ထံသို့ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်ခဲ့ပြီး ဖြစ်သည်ဟု သိရသည်။

နိုင်ငံခြားရေး ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသူ အမျိုးသမီးတစ်ဦးက "ဒါဟာ အမျိုးသမီးတွေကို တန်းတူ အခွင့်အရေး ပေးလိုက်တာလို့ ခံစားရတဲ့အပြင်၊ ကြိုးစားရင် ကြိုးစားသလောက် နေရာရမယ် ဆိုတာ သက်သေပြလိုက်သလိုပါပဲ" ဟုပြောသည်။

ယခု ခန့်အပ်ခံလိုက်ရသူတို့သည် ညွှန်ကြားရေးမှူးချုပ်နှင့် ယင်းနှင့် အဆင့်တူ တာဝန်တို့ကို ထမ်းဆောင်ခဲ့ဖူးသူများ ဖြစ်သည်ဟု သိရသည်။

ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် သည် မြန်မာအမျိုးသမီးများထဲမှာမှ ပထမဦးဆုံး သံအမတ်ဖြစ်ခဲ့ပြီး နယူးဒေလီတွင် ၁၉၆၀ မှ ၁၉၆၇ ခုနှစ်အထိ အိန္ဒိယသံအမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

သံအမတ်ရာထူးသည် မြန်မာနိုင်ငံအနေဖြင့် သံတမန် အဆက်အဆံပြုရာ သက်ဆိုင်ရာ နိုင်ငံနှင့် ပတ်သက်ပြီး အထူးအာဏာကုန်လွှဲပေးခြင်း ခံလိုက်ရသော ရာထူး ဖြစ်သည်။

# သမ္မတလောင်းအမည်စာရင်း ယခုအချိန်အထိ မရွေးချယ်ရသေးပါ

ဒီအစည်းအဝေးက ရွေးကောက်ပွဲမှာ အနိုင်ရဖို့ အစီအစဉ်တွေ ချမှတ်ကြတယ်၊ ဒါလည်း ပါတီတာဝန်ရှိသူတွေက သတင်း ထုတ် ပြန်ပြီးပြီပဲ…

*PN-051*

ရန်ကုန်၊ ဇွန် ၈

ပြည်ခိုင်ဖြိုးပါတီမှ သမ္မတလောင်းအမည်စာရင်းကို ရွေးချယ်ပြီးပြီဟု ထွက်ပေါ်နေသည့် သတင်းတို့သည် ထင်ကြေးသာဖြစ်ပြီး အမှန်တကယ်တွင် မရွေးချယ်ရသေးကြောင်း ပါတီ၏ ဒုတိယ ဥက္ကဋ္ဌဖြစ်သူ ဦးဌေးဦးကပြောသည်။

ပြီးခဲ့သည့်ရက်ပိုင်းက ပြုလုပ်ခဲ့သော ပါတီ၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးတွင် ပါတီ၏ သမ္မတလောင်းကို ရွေးချယ်ကြမည်ဖြစ်ကြောင်းကြိုတင်သတင်းထွက်ပေါ်ခဲ့ပြီး၊ အစည်းအဝေးပြီးနောက်ပါတီဥက္ကဋ္ဌဖြစ်သူ သူရဦးရွှေမန်းကို ပါတီဝင်အချို့ကပင် သမ္မတလောင်းအဖြစ် ပြောဆိုနေရာ ထို အကြောင်းအရာတို့သည် မရွေးချယ်ရသေး၍ ဘာမှ မပြောနိုင်ကြောင်း ၎င်းက ဆက်ပြောသည်။



" ဒီအစည်းအဝေးက ရွေးကောက်ပွဲမှာအနိုင်ရဖို့ အစီအစဉ်တွေ ချမှတ်ကြတယ်။ ဒါလည်း ပါတီတာဝန်ရှိသူတွေက သတင်း ထုတ်ပြန်ပြီးပြီပဲ" ဟု ဦးဌေးဦးက ဆိုသည်။

လက်ရှိအချိန်သည် သမ္မတလောင်းအမည်စာရင်းထက် ပါတီအောင်နိုင်ရေးသည်သာ အဓိက ဖြစ်သည်ဟု ၎င်းကဆက်ပြောသည်။

"အနိုင်ရပြီးမှ ဆက်ဆွေးနွေးရမယ့် ကိစ္စပါ" ဟု သမ္မတလောင်း အမည်စာရင်းကိစ္စကို ဦးဌေးဦးက ပြောသည်။

ပြင်ပတွင် လက်ရှိပါတီဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ညီလာခံမှ ရွေးချယ်ခန့်အပ်ခံရပြီး ဥပဒေအရ လက်ရှိတွင် ဥက္ကဋ္ဌ တာဝန်မရှိသော သမ္မတ ဦးသိန်းစိန်အကြား ပွတ်တိုက်မှုများ ရှိနေသည့်အတွက် ပါတီမှ တိတိကျကျ ထုတ်မပြောခြင်းဖြစ်နိုင်သည်ဟု နိုင်ငံရေး လေ့လာသူများက သုံးသပ်ကြသည်။



Vol: 7, No-23, June 11, 2015 POPULAR NEWS

# ကချင်နှင့် ရှမ်းမြောက် စစ်ဘေးရှောင်များ စားဝတ်နေရေး တစ်နှစ် ကျပ်သန်း ၂၀ လိုအပ်

ဖိုးလပြည့်
ရန်ကုန်၊ ဇွန် ၉

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း စစ်ဘေးရှောင်များစားဝတ်နေရေး ယခုနှစ် တစ်နှစ်တာအတွက် ကျပ်သန်း ၂၀ လိုအပ်ကြောင်း လူမှုရေးအသင်းအဖွဲ့ ၅ဖွဲ့၏စစ်တမ်းများအရ သိရသည်။

အဆိုပါ ငွေကြေးပမာဏမှာ စားသောက်ရေးကိုသာ အဓိကထား တွက်ချက်ထားခြင်း ဖြစ်ကာ တခြား အရေးပေါ် အသုံးစရိတ်နှင့် ကျန်းမာရေး စရိတ်များ မပါဝင်သေးကြောင်း ဇွန်လ ၉ ရက်နေ့ မီကာဆာဟိုတယ်တွင် ကျင်းပသည့် ကချင်ဒေသ တစ်ကျော့ပြန် စစ် ၄ နှစ်ပြည့်အခမ်းအနားတွင် မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းမှ စီမံချက်ညှိနှိုင်းရေးမှူး ဦးဂွမ်ရှာအောင်က ပြောသည်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် စစ်ဘေးရှောင်စခန်းပေါင်း ၁၇၂ခုစစ်ဘေးရှောင်ပြည်သူပေါင်း ၁၂၀၀၀၀ ခန့်ရှိပြီး ဆင်းရဲစွာနေနေရကြောင်း၊ စစ်ဘေးရှောင်ဒုက္ခသည် များနေ့စဉ်ကြုံတွေ့နေရသည်မှာ အခြေခံလိုအပ်ချက်မပြည့်စုံမှု၊ စိုးရိမ်ကြောင့်ကျမှုများ လျော့နည်းသွားခြင်း မရှိသည့်အပြင်တချို့စခန်းများတွင် ပိုမိုတိုးလာကြောင်း လူမှုရေးအသင်း အဖွဲ့များက ပြောသည်။

# ပြည်နယ်ပေးဖို့ တောင်းနေတဲ့ "ဝ" ဒေသမှာ ရွေးကောက်ပွဲ မလုပ်နိုင်တာ ဘာ့ကြောင့်လဲ

P-News
ရန်ကုန်၊ ဇွန် ၉

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဝ ဒေသတို့တွင် ၂၀၁၅ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်မည် မဟုတ်ဟု ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌကကြိုတင်ပြောဆိုလိုက်သည်။

သို့သော်လည်း ကိုးကန့်ဒေသနှင့် ဝ ဒေသတို့မှ ရွေးကောက်ပွဲမလုပ်မည့် မြို့နယ်အမည်များကို အပြည့်အစုံ ထည့်သွင်းမပြောခဲ့ပေ။ လောက်ကိုင်ဒေသတွင် အေးချမ်းပါကရွေးကောက်ပွဲလုပ်ရန်ရှိကြောင်းနှင့်၂၀၁၀ ခုနှစ်က ရွေးကောက်ပွဲ မလုပ်ခဲ့သည့်ကချင်ဒေသမှ မြို့နယ်တို့တွင်ပါ ရွေးကောက်ပွဲလုပ်မည်ဟုသာ ဥက္ကဋ္ဌကဆိုခဲ့သည်။

ဝ အမျိုးသား စည်းလုံးညီညွတ်ရေးပါတီ နာယက ဦးစောဖီးလစ်က ကော်မရှင်ဥက္ကဋ္ဌအနေဖြင့်'ဝ'ဒေသနှင့် ပတ်သက်ပြီး ယခုထက် အသေးစိတ်ကျအောင် ပြောသင့်ကြောင်း ထောက်ပြသည်။

"၂၀၁၀ ပြည့် ရွေးကောက်ပွဲတုန်းက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဝ ဒေသ ၆ မြို့နယ်ထဲက ပန်ဆန်း၊ နားဖန်း၊ ပန်ဝိုင်းနဲ့ မိုင်းမော ၄ မြို့နယ်မှာပဲ မကျင်းပဖြစ်ခဲ့တာ ရှိတယ်။ ဒါပေမဲ့ ဟိုပန်နဲ့ မက်မန်း ၂ မြို့နယ်မှာတော့ ကျင်းပခဲ့တယ်။ ဒါတွေရောပါလား။ သိချင်တယ်" ဟုပြောသည်။

ဝ ဒေသ အားလုံးတွင် ဆိုပါက ဝ ပါတီများဖြစ်ကြသော ဝ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီနှင့် ဝ ဒီမိုကရက်တစ်ပါတီ နှစ်ခုစလုံးကကန့်ကွက်မည်ဟု တာဝန်ရှိသူတို့က ပြောသည်။

ဦးတင်အေးကတော့ ဝ ဒေသတွင် ရွေးကောက်ပွဲမကျင်းပနိုင်ခြင်းမှာ အဆိုပါဒေသတွင် ရွေးကောက်ပွဲကော်မရှင်ဖွဲ့၍ မရခဲ့သလို မဲစာရင်း မကောက် ယူနိုင်ခြင်းကြောင့်ဟု ပြောသည်။

ထိုစကားအပေါ် ပါတီနှစ်ခုစလုံးက အစိုးရနှင့် ဝ တို့ ဆောင်ရွက်ရမည့် ကိစ္စဖြစ်သည်ဟုသာ ပြောကြသည်။ သို့သော် ဝ ဒေသမှလွဲ၍ ၂၀၁၀က ရွေးကောက်ပွဲမကျင်းပဖြစ်ခဲ့သည့် နေရာတို့တွင် ယခုနှစ်ကျင်းပနိုင်ခြေ ရှိနေသည်ဟု ရွေးကောက်ပွဲ ကော်မရှင်မှ သိရသည်။

ယင်းမှာ အင်အားကြီး လက်နက်ကိုင် အဖွဲ့အချို့တို့ဖြစ်သည့် KIO, KNU အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တို့က ပူးပေါင်းမှုကြောင့် ဖြစ်ကြောင်း ငြိမ်းချမ်းရေးစင်တာ အသိုင်းအဝိုင်းမှ သိရသည်။

ဝ ဒေသတွင် ၂၀၁၄ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခွင့်မပေးသဖြင့် စာရင်းအတိအကျမရသော်လည်း ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် UWSA ('ဝ' ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်)၏ ပြောရေးဆိုခွင့်ရှိသူ ဦးအောင်မြင့်က 'ဝ' ဒေသတွင် လူဦးရေ ၆ သိန်းကျော် ရှိသည်ဟု ပြောဆိုထားသည်။

## ဒေါ်လာဈေးနှင့် ရွှေဈေး ရုတ်တရက်မြင့်တက်မှုအပေါ် စီးပွားရေးပညာရှင်များ သတိပေး

PN-051၊ ရုံလွင်
ရန်ကုန်၊ ဇွန် ၉

ရွှေဈေးနှင့်ဒေါ်လာဈေး ရုတ်တရက် မြင့်တက်သွားမှုကြောင့် သွင်းကုန် အဓိက အားထားသောနိုင်ငံအနေဖြင့် အဆိုးဘက်ရောက်သွားနိုင်၍သတိကြီးစွာထားရန် စီးပွားရေးပညာရှင်များက သတိပေးလိုက်သည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံရှိ ဒေါ်လာဈေးနှင့် ရွှေဈေးမှာ ကမ္ဘာ့နှုန်းထားထက် ပိုမိုများပြားနေပြီး ဒေါ်လာဈေးမှာ ဇွန်လ ၉ ရက်တွင် ပြင်ပပေါက်ဈေး ၁ ဒေါ်လာ ကျပ် ၁၂၀၀ ကျော်ထိ တက်လာခဲ့ပြီး ရွှေဈေးမှာလည်း ဇွန်လ ၉ ရက်နေ့ နေ့လယ်တစ်နာရီခွဲခန့်တွင်ခုနစ်သိန်းခွဲ မှန်းလွဲ ၃ နာရီ ၂၅ မိနစ်တွင် ခုနစ်သိန်းငါးသောင်းခြောက်ထောင်နှင့် ၄ နာရီခွဲတွင် ခုနစ်သိန်း ခြောက်သောင်း တစ်ထောင်ခန့်ထိ ရုတ်တရက်ပြောင်း လဲသွားခဲ့ရာထိုအပေါ် အခြေပြု၍ ၎င်းတို့က ယခုကဲ့သို့ သတိပေး ပြောဆိုလိုက်ခြင်း ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကြံပေးဖြစ်သူ ဒေါက်တာမောင်အောင်က ယခုကဲ့သို့ ဒေါ်လာဈေးနှုန်း၊ ရွှေဈေးနှုန်းများ မြင့်တက်လာမှု အခြေခံကိုကြည့်ပါက ယခင်ဒေါ်လာဈေးတက်နိုင်သည့် အရိပ်အယောင်များရှိနေသည့် အချိန်တွင် နိုင်ငံတော် အစိုးရမှ လစာတိုးခြင်း၊ လုံခြုံရေး အကြောင်းပြချက်ဖြင့် တစ်သောင်းတန် အသစ်များထုတ်ဝေခြင်းနှင့် ဒေါ်လာဈေး၊ ရွှေဈေး တက်မည်ကိုမျှော်မှန်း၍ စုဆောင်းထားရှိသူများကြောင့်ဖြစ်သည်ဟု သုံးသပ်ခဲ့ပြီး ယင်းကဲ့သို့ ဈေးနှုန်းများ ရုတ်တရက် ပြောင်းလဲခြင်းသည် သွင်းကုန် လုပ်ငန်းများအတွက် အထူးစိုးရိမ်စရာဖြစ်ကြောင်း ဆိုသည်။

"ပို့ကုန်တွေ အများကြီးရှိနေရင်တော့ ကောင်းတာပေါ့။သွင်းကုန်မှာ အခွန်ပိုင်းတွေဘာတွေ နာစရာဖြစ်နိုင်တယ်" ဟု ၎င်းက ဆိုသည်။

မြန်မာနိုင်ငံ၏ပို့ကုန်သွင်းကုန်ကဏ္ဍတွင် ၅. ၆. ၂၀၁၄ မှ ၅. ၆. ၂၀၁၅ ထိတင်သွင်းခဲ့သော သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်း ၂၅၂၄၀. ၈၄၈ရှိပြီး ပို့ကုန်တန်ဖိုးထက် နှစ်ဆခန့်ရှိကြောင်း သိရသည်။

အောင်သမာဓိ ရွှေဆိုင်ပိုင်ရှင်ဖြစ်သူ ဦးအောင်က ယခုကဲ့သို့ တန်ဖိုးရုတ် တရက် ပြောင်းလဲလာမှုအပေါ် တွင်နိုင်ငံအနေဖြင့် သတိထားစောင့်ကြည့်ထိန်းသိမ်းရမည့်အခြေအနေတွင်ရှိနေကြောင်း ဆိုသည်။

"တက်ရောင်း၊ ကျဝယ်ဆိုပြီး ပုံသေနည်းအတိုင်းသွားလို့ မရတဲ့ အခြေအနေ ဖြစ်နေတယ်။ သွင်းကုန်ကို အားကိုးရတဲ့ ကျွန်တော်တို့ နိုင်ငံအတွက်ကတော့ မလွယ်ဘူး" ဟု ၎င်းက ပြောသည်။

# ဒေါ်စု၏ တရုတ်ပြည် ခရီးစဉ်အတွင်း မြစ်ဆုံအရေး ဆွေးနွေးကြမည်လား

KYL
ရန်ကုန်၊ ဇွန် ၁၀

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ် အောင်ဆန်းစုကြည်သည် တရုတ် ကွန်မြူနစ်ပါတီ၏ ဖိတ်ကြားချက်အရ ယနေ့တွင် တရုတ်နိုင်ငံသို့ အလည်အပတ်ခရီး စတင်တော့မည် ဖြစ်သည်။

ယခု ခရီးစဉ်သည် ဒေါ် အောင်ဆန်းစုကြည် အတွက် ပထမဆုံး တရုတ်ပြည်ခရီးစဉ် ဖြစ်သကဲ့သို့ နိုင်ငံတစ်ခု၏ အဓိကအတိုက်အခံနိုင်ငံရေးခေါင်းဆောင် တစ်ဦးအား တရုတ်အစိုးရက ပထမဆုံးအကြိမ်ဖိတ်ကြားမှုလည်း ဖြစ်သည်။

၅ ရက်တာ ကြာမြင့်မည့် ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်သည် သမ္မတ ရှီကျင်းပင် အပါအဝင် တရုတ် အစိုးရထိပ်သီးခေါင်းဆောင်များနှင့် တွေ့ဆုံသွားမည်ဖြစ်ပြီး ယခု ခရီးစဉ်ကြောင့် တရုတ်ကွန်မြူနစ်ပါတီ (CPC) နှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD)တို့ အကြားနားလည်မှု ပိုမိုအားကောင်းလာမည်ဟု တရုတ်အစိုးရ အာဘော်သတင်းစာများက ရေးသားဖော်ပြကြသည်။

"မြန်မာနိုင်ငံရဲ့ အရေးပါတဲ့ နိုင်ငံရေးသမား တစ်ယောက်ဖြစ်တာနဲ့အညီ ဒေါ်အောင်ဆန်းစုကြည်ဟာ တရုတ်နဲ့မြန်မာ နှစ်နိုင်ငံကြားက ဆက်ဆံရေးအခြေအနေကို ကောင်းကောင်းကြီး နားလည်ထားတဲ့သူပါ" ဟု တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသကဲ့သို့ ဒေါ်အောင်ဆန်းစုကြည် ကလည်း တရုတ်အစိုးရနှင့်ဆက်ဆံရေးကောင်းမွန်ရန်လိုအပ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံဆိုသည်မှာ မဆက်ဆံချင်၍ မရကြောင်း ပြောဆိုထားဖူးသည်။

တရုတ်အစိုးရက အထူးသဖြင့် သမ္မတဦးသိန်းစိန်က မြစ်ဆုံစီမံကိန်းကို ရပ်ဆိုင်း ထားခဲ့ပြီး နောက်ပိုင်း NLD နှင့် ဆက်ဆံရေး တိုးမြှင့်ရန် ကြိုးပမ်းလာသည်ကို တွေ့ရသည်။ NLD ဗဟိုကော်မတီဝင်များသည် ၂၀၁၂ နောက်ပိုင်း တရုတ်အစိုးရ၏ ဖိတ်ကြားချက်ကြောင့် တရုတ်နိုင်ငံသို့တစ်ကြိမ်မက သွားရောက်လည်ပတ်ခဲ့ဖူးသည်။

ဒေါ်အောင်ဆန်းစုကြည် က မြစ်ဆုံစီမံကိန်းကို ယခုအစိုးရသက်တမ်းအတွင်း ရပ်ဆိုင်းထားရန်သာ ဆုံးဖြတ်ခဲ့ပြီးအပြီးတိုင် ပယ်ဖျက်ခြင်းမဟုတ်သည့်အပေါ် ဝေဖန်ထားခဲ့ဖူးသည်။

"စီမံကိန်းကို ငါးနှစ် ရပ်ဆိုင်းထားတာက နောက်အစိုးရအနေနဲ့ ဒါကို သတိထားကိုင်တွယ်ရမယ် ဆိုတဲ့ သဘောသက်ရောက်တယ်" ဟုသူမက RFA သတင်းဌာနနှင့် အင်တာဗျူးတစ်ခုတွင်ဝေဖန်ထားဖူးသည်။

၂၀၁၅တွင် သူမဦးဆောင်သောပါတီအနိုင်ရခဲ့လျှင် မြစ်ဆုံစီမံကိန်း အရေးဖြေရှင်းရန် တရုတ်ရင်းနှီးမြှုပ်နှံသူများနှင့် ဆွေးနွေးခြင်းမှတစ်ပါး အခြားရွေးချယ်စရာမရှိဟုသူမကဆိုသည်။ အဘယ့်ကြောင့်ဆိုသော် ဦးသိန်းစိန်သည် ယခင်တပ်မတော် အစိုးရလက်ထက် ချုပ်ဆိုခဲ့သော စာချုပ်အတွက်တာဝန်ရှိသော်လည်း ယင်းကိုဖြေရှင်းပေးရန် ပျက်ကွက်ခဲ့သောကြောင့်ဟု သူမက ဆိုသည်။

"ကျွန်မကတော့ ဒီအိုင်ဒီယာကိုမကြိုက်ဘူး။ ဘာလို့ဆိုတော့ အစိုးရဆိုတာ ကိုယ့်လုပ်ရပ်ကို တာဝန်ယူရဲတဲ့ သတ္တိရှိရမယ်လေ" ဟု သူမကဆိုသည်။

ယခုခရီးစဉ်အတွင်း တရုတ်အစိုးရဘက်က မြစ်ဆုံစီမံကိန်းကို ဆွေးနွေးရန် စတင်လာခဲ့ပါက ဒေါ်အောင်ဆန်းစုကြည် အနေဖြင့် သတိကြီးစွာထား၍ ဆွေးနွေးရန် လိုအပ်ကြောင်း ပြည်တွင်းနိုင်ငံရေးသုံးသပ်သူများက သုံးသပ်ထားကြသော်လည်း NLD ပါတီကမူ မည်သည့် သဘောထား ရပ်တည်ချက်နှင့် ဆွေးနွေးမည်ကို ထုတ်ဖော် ပြောဆိုထားခြင်းမရှိသေးပေ။

"ဒါကတော့ ဒေါ်အောင်ဆန်းစုကြည်မှပဲ ပြောနိုင်လိမ့်မယ်ဗျ" ဟု ပါတီဗဟိုကော်မတီဝင် ဦးထွန်းထွန်းဟိန်က ပြောသည်။

# ဖွဲ့စည်းပုံ ပြင်ဆင်ရေး ဥပဒေကြမ်း လွှတ်တော်တွင် မကြာခင် ဆွေးနွေး တော့မည်

နိုင်းလမင်း ၊ ဇေယယ်
နေပြည်တော်၊ ဇွန် ၉

၂၀၀၈ ဖွဲ့ စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော် ကိုယ်စားလှယ် ၂၀ ရာခိုင်နှုန်းကျော်က သဘောတူညီသဖြင့် ပြည်ထောင်စုလွှတ်တော်ရုံးသို့ ဇွန် ၉ ရက်နေ့တွင် တင်သွင်း လိုက်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး အကောင်အထည်ဖော်မှု ကော်မတီမှ သိရသည်။

ထိုဥပဒေကြမ်းအား ပြင်ဆင်ရန် အတွက် ဇွန်လ ၁၀ ရက်နေ့တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး အစီအစဉ်၌ စတင် ပါဝင်လာမည်ဖြစ်ကြောင်းဖွဲ့ စည်းပုံ အခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီဝင် ရွှေပြည်သာအမတ် ဦးတင်မောင်ဦးက ပြောသည်။

"ကျွန်တော်တို့ ပြည်ခိုင်ဖြိုးပါတီ အမတ်တွေနဲ့တင် ၂၀ ရာခိုင်နှုန်းကျော်ပါတယ်။ဒါပေမဲ့ အခြေခံဥပဒေပြင်ဆင်ရေးမှာ တိုင်းရင်းသားပါတီတွေရော ပါတီစုံကပါဝင်တာမျိုး ဖြစ်စေချင်လို့ပါ။ ဒီနေ့လွှတ်တော်ရုံးကိုတင်ပါပြီ။ အခြေအနေအရ မနက်ဖြန် ဆွေးနွေးနိုင်ရင်လည်း ဆွေးနွေးဖြစ်မယ် ထင်ပါတယ်" ဟု ၎င်းက ဇွန် ၉ ရက်နေ့ နံနက်ပိုင်း မီဒီယာနှင့်တွေ့စဉ် ဖြေကြားခဲ့ခြင်း ဖြစ်သည်။

ဖွဲ့ စည်းပုံ အခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီဝင် ၃၁ ဦးတွင် ပါဝင်သည့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် ၄ မှ ဦးအောင်ကြည်ညွှန့် ကလည်း "မနေ့က လုပ်တာက ကော်မတီ အစည်းအဝေးတော့ မဟုတ်ဘူး၊ ကော်မတီဝင် ပြည်ခိုင်ဖြိုး အမတ်တွေကပဲ စည်းဝေးပြီး ပြည်ထောင်စုလွှတ်တော်အမတ် ၂၀ ရာနှုန်း ထောက်ခံ လက်မှတ်ရရေးကို လိုက်ပြီး ကောက်ခံကြတာ ဖြစ်မယ်၊ ဒီအဆိုတင်ဖို့ကို ပြည်ခိုင်ဖြိုးပါတီက ဦးစီးဆောင်ရွက်သွားမယ်လို့ လွှတ်တော် နာယက က အရင်အပတ်သောကြာနေ့တုန်းက နိုင်ငံရေးပါတီ တွေနဲ့ တွေ့ချိန်မှာပြောတော့ အားလုံးကလည်း သဘောတူထားကြတယ်၊ ဒေါ်အောင်ဆန်းစုကြည်လည်း မနေ့ကပဲ ထောက်ခံလက်မှတ် ထိုးပေးလိုက်ပြီ"ဟု ဇွန် ၉ ရက်နေ့ နံနက်တွင် မီဒီယာသို့ ဖြေကြားသည်။



www.free4reader.com

Vol: 7, No-23, June 11, 2015 POPULAR NEWS




နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဇွန် ၉ ရက်နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ရှိ အင်းလေးဒေသ သာယာလှပရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးရန် သွားရောက်ကြောင်းသိရသည်။

*ဓာတ်ပုံ- Hmuu Zaw ဖေ့စ်ဘွတ်ခ်*

# ဒဂုံစီးတီး စီမံကိန်းနှင့်ပတ်သက်၍ တင်သွင်းသည့်အဆို ပြည်သူ့လွှတ်တော်ရုံးမှ လက်ခံ

စိုင်းသမ်အား လေးထယ်

နေပြည်တော်၊ ဇွန် ၉

ရွှေတိဂုံစေတီတော် အနီးတွင် တည်ဆောက်နေသည့် ဒဂုံစီးတီး အဆင့်မြင့်အိမ်ရာ စီမံကိန်းနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရမှ ပြန်လည် ဆွေးနွေးသုံးသပ်ပေးရန် အတွက် တင်သွင်းသောအဆိုကို ပြည်သူ့လွှတ်တော်ရုံးက လက်ခံလိုက်ပြီဖြစ်ကြောင်း သိရသည်။

ရွှေတိဂုံစေတီတော် ခြေရင်း ဦးထောင်ဘိုအဝိုင်းအနီးရှိ ယခင် စစ်ရုံးချုပ်ဟောင်းဝင်း မြေဧက ၂၀ ခန့်ပေါ်တွင် ဟောင်ကောင်နှင့် ဗြိတိန် စသောနိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံ သူတို့ပါဝင်သည့် Marga Landmark ကုမ္ပဏီနှင့် သုခ ရတနာကုမ္ပဏီတို့ ပူးပေါင်းတည်ဆောက်နေသည့် ဒဂုံစီးတီးအိမ်ရာ နှင့် ပတ်သက်ပြီး ဝေဖန်မှုများ မြင့်တက်လာပြီးနောက် လွှတ်တော်ဝယ် ယင်းစီမံကိန်းအား ဆွေးနွေး သုံးသပ်ရန် အဆိုကို ယခုကဲ့သို့ လက်ခံလိုက်ခြင်းဖြစ်သည်။

ထိုသို့ အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရမှ ပြန်လည်သုံးသပ်နိုင်ရန်အတွက် ၎င်းအဆိုကို တင်ခဲ့ခြင်းဖြစ်သည်ဟု အဆိုတင်သူ NLD ပါတီ၏ ပုလဲမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်က ပြောသည်။

ယင်းအဆိုကို ပြည်သူ့လွှတ်တော်ရုံးမှလက်ခံခဲ့ပြီး မကြာမီဆွေးနွေးသွားရန် စီစဉ်နေကြောင်း ဇွန်လ ၉ ရက်နေ့ နေ့လယ်ပိုင်း ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမစတင်မီ အချိန်တွင် ဒေါ်ခင်စန်းလှိုင်က သတင်းမီဒီယာများသို့ ပြောကြားခဲ့သည်။

ယင်းနှင့် ပတ်သက်၍ ဒေါ်ခင်စန်းလှိုင်က "ကျွန်မတို့ နိုင်ငံတော်ရဲ့ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းနိုင်မှသာ အကျိုးစီးပွားဖြစ်တယ်၊ နိုင်ငံတော်ရဲ့ အကျိုးစီးပွားကို ဆောင်ရွက်ဖို့က ကျွန်မတို့က ပြည်သူတွေရဲ့ ကိုယ်စားလှယ်တွေဖြစ်တယ်၊ ယနေ့ ပြည်သူတွေ စိုးရိမ်နေတာကို ပြည်သူ့ ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ဆောင်ရွက်နေတယ်"ဟုပြောသည်။

အထပ်မြင့် အဆောက်အအုံများ ဆောက်လုပ်မည့် ဒဂုံစီးတီး စီမံကိန်းနှင့် ပတ်သက်၍ ပြီးခဲ့သည့်လအတွင်းက ပြုလုပ်ခဲ့သော ရွှေတိဂုံစေတီတော်ကို ကယ်တင်ပါ "Save The Shwedagon" ဆွေးနွေးပွဲတွင် ပညာရှင်အချို့က ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ယင်းနှင့် ပတ်သက်၍ အင်တာနက်အသုံးပြုသူများ အကြား ပြောဆိုဝေဖန်မှုများ ပေါ်ထွက်လာပြီးနောက် မကြာမီမှာပင် ယင်းစီမံကိန်းနှင့် ပတ်သက်ပြီး အနှောင့်အယှက် တစ်ခုခုဖြစ်စေရန်ပြုလုပ်သူအား တရားဥပဒေကြောင်းအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း Marga Landmark ကုမ္ပဏီက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

■

# ဒီချုပ်နှင့် နိုင်ငံတကာ ဖိအားကို ရွေးကောက်ပွဲ ကော်မရှင် ဂရုမစိုက်

ရန်ကုန်၊ ဇွန် ၈

ယခုနှစ်ကုန်ပိုင်းတွင် ပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ပြုလုပ်နိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများနှင့် သက်ဆိုင်ရာ မဲဆန္ဒရှင်များ ပူးပေါင်းပါဝင်ရန် ထပ်မံတိုက်တွန်းလိုက်ပြီး မည်သည့်အကြောင်းနှင့်မျှ ရွေးကောက်ပွဲကို ရွှေ့ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း ရှိလာမည် မဟုတ်ဟု ဆိုသည်။

"ဒါက တို့က အမိကတာဝန်ရှိတယ်ဆိုပေမယ့် နိုင်ငံရေးပါတီတွေ၊ မဲဆန္ဒရှင်တွေမပါဘဲနဲ့ ဘယ်လိုမှ အောင်မြင်နိုင်စရာ မရှိဘူးလေ၊ အခုဆိုရင်ပဲ အခြေခံမဲစာရင်းမှာ မှားယွင်းနေတာတွေကို ပါတီတွေကြောင့်၊ ပြီးတော့ လူထုကပါလာလို့ အချိန်မီသိပြီး ပြင်လို့ဆင်လို့ ရတာပေါ့။ ဒါ့ကြောင့် အားလုံး ပူးပေါင်းပေးပါလို့နော်။ အဲ့ဒါမှ လွတ်လပ်ပြီး တရားမျှတတယ်ဆိုတဲ့ ရွေးကောက်ပွဲ ဖြစ်နိုင်မှာ" ဟု ကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက ပြောသည်။

ပထမအကြိမ် ထုတ်ပြန်ကြေညာသော အခြေခံမဲစာရင်းများတွင် အမှားအယွင်း များပြားခဲ့ပြီး အချို့ဒေသများတွင် မဲဆန္ဒရှင်များ မွေးနေ့တူနေကြခြင်း၊ မဲပေးခွင့်မရှိသော (တစ်နည်း) သေပြီးသားသူများ မဲစာရင်းတွင် ပါဝင်လာခြင်း၊ မှတ်ပုံတင် မရှိသေးသူများ မဲစာရင်းတွင် ပါဝင်လာခြင်း စသည်တို့ကို နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်များက ဝေဖန် ထောက်ပြခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ မြို့နယ်အတွင်းရှိ ကျေးရွာအများစု၏ အခြေခံ မဲစာရင်းတွင် မွေးနေ့အများစုမှာ ၆ လပိုင်း ၁၀ ရက်ဖြစ်နေသည့် ကိစ္စသည် လတ်တလော အင်တာနက် အွန်လိုင်း အသုံးပြုသူများအကြားတွင် ဝေဖန်မှုများ ပြင်းထန်နေလျက် ရှိသည်။

"ဒါကတော့ ဘာမှ ပြဿနာ မရှိနိုင်ဘူးဆိုပြီး ရပ်ကျေးကော်မရှင်တွေက ပြီးစလွယ်လုပ်မိတဲ့ သဘောလို့ပဲ ထင်ပါတယ်။ ဒီလို အမှားအယွင်းတွေကို အားလုံးက ပူးပေါင်းပြီး ပြင်ဆင်ခွင့်ရဖို့ရည်ရွယ်ပြီး အခြေခံမဲစာရင်းတွေ ကြို ထုတ်ပြန်ပေးတာပါ။ ကန့်ကွက်ပါ။ ပြင်ဆင်ပါ။ ကျွန်တော်တို့ မှားနေတာကို ထောက်ပြပြီး ပြင်ဆင်ပေးပါ"ဟု ဦးတင်အေးက ပြောသည်။

၂၀၁၅ အထွေထွေ ရွေးကောက်ပွဲကို နိုဝင်ဘာလကုန်၊ ဒီဇင်ဘာလဆန်းပိုင်းတွင် ပြုလုပ်မည်ဟု ရွေးကောက်ပွဲကော်မရှင်က ကြေညာထားပြီး ရက်အတိအကျကိုမူ မထုတ်ပြန်သေးပေ။

"ရက်အတိအကျ မကြေညာနိုင်သေးတာက တချို့တိုင်းရင်းသားဒေသ အခြေအနေတွေကို စောင့်ကြည့်နေလို့ပါ။ အထူးသဖြင့် ကိုးကန့်လို ဒေသမျိုးမှာ ရွေးကောက်ပွဲ လုပ်ဖြစ်မလား၊ လုပ်နိုင်မှာလားကို စောင့်ကြည့်နေတာကြောင့်မို့ပါ" ဟု ရွေးကောက်ပွဲ ကော်မရှင် တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရွေးကောက်ပွဲကို တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ကျင်းပနိုင်ရန် ရည်ရွယ် လုပ်ဆောင်နေပြီး မည်သည့် ဒေသကိုမျှ ချန်လှပ်ထားလိုခြင်း မရှိကြောင်း ရွေးကောက်ပွဲ ကော်မရှင်က ဆိုသည်။

"ဖြစ်နိုင်မယ်ဆိုရင် ကိုးကန့်ရော၊ ဝဒေသရော၊ ကချင်အကုန်လုံး ပါစေချင်တယ်။ မတတ်သာလွန်းမှသာ ချန်ခဲ့ရမှာ။ မချန်ခဲ့ရအောင် ကြိုးစားနေပါတယ်" ဟု ၎င်းက ဆိုသည်။

ဥက္ကဋ္ဌ ဦးတင်အေး အပါအဝင် ရွေးကောက်ပွဲကော်မရှင် အကြီးတန်းအဖွဲ့ဝင် အများစုမှာ တပ်မတော် အငြိမ်းစား အရာရှိများ ဖြစ်နေသောကြောင့် ၎င်းတို့၏ လုပ်ဆောင်ချက်များကို ပြည်တွင်း ပြည်ပအဖွဲ့အစည်းများက စောင့်ကြည့် လေ့လာနေကြပြီး မြန်မာ့နိုင်ငံရေး အပြောင်းအလဲအတွက် အရေးပါသော နောက်ထပ်ခြေလှမ်း တစ်ခုဖြစ်သည့် ၂၀၁၅ရွေးကောက်ပွဲကို လွတ်လပ်မျှတစွာ ကျင်းပပေးရန် တိုက်တွန်းထားကြသည်။

သို့ရာတွင် ကော်မရှင်က ယင်းနိုင်ငံတကာ ဖိအားများမှာ ပြည်တွင်းနိုင်ငံရေး ပါတီကြီးတစ်ခုကြောင့် ဖြစ်ပေါ်လာခြင်းဟု ယူဆထားကြောင်း သိရသည်။

"သူတို့ အနိုင်ရစေချင်တဲ့ပါတီ မနိုင်တာနဲ့ဘဲ ရွေးကောက်ပွဲက မလွတ်လပ်ဘူး၊ မတရားဘူး ပြောတာကို တို့လက်မခံဘူး။ တို့ရဲ့ အင်အားက တို့ပြည်တွင်းမှာပဲ ရှိတယ်။ နော် ဟုတ်လား။ တို့တွေ စည်းစည်းလုံးလုံး ရှိနေရင် ဒါက မအောင်မြင်စရာ မရှိဘူး။ အခုလို ဟိုဟာလုပ်ပါ ဒီဟာလုပ်ပါ လာဖိအားပေး ပြောတာကို တို့ကတော့ ဂရုမစိုက်ဘူး" ဟု ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ပြောသည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၈၀ နီးပါး ဝင်ရောက်ယှဉ်ပြိုင်ရန် မှတ်ပုံတင်ထားကြသည်။ လက်ရှိအနိုင်ရ ပြည်ခိုင်ဖြိုးပါတီနှင့် အဓိက အတိုက်အခံပါတီဖြစ်သော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်တို့က တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်နေကြသည်။

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ဒီချုပ်က ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်းမရှိဘဲ ပြုလုပ်မည်ဆိုပါက ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတသည်ဟု ဆိုနိုင်မည်မဟုတ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အတူ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်နိုင်ခြင်း မရှိသေးပါက ဒီချုပ်အနေဖြင့် ၂၀၁၅ ရွေးကောက်ပွဲကို သပိတ်မှောက်သော နည်းလမ်းကို ရွေးချယ်စရာတစ်ခု အဖြစ်ရှုမြင်ထားကြောင်းဒေါ်အောင်ဆန်းစုကြည်က ဆိုထားသည်။

■

# အကြမ်းဖက်ရန် တာလီဘန် တိုက်တွန်းမှု ပြည်တွင်း ဘာသာရေးအဖွဲ့အစည်းများ ဆန့်ကျင်

ရန်ကုန်၊ ဇွန် ၉

မြန်မာနိုင်ငံတွင်းရှိ မွတ်ဆလင်များအနေဖြင့် မြန်မာနိုင်ငံ ခေါင်းဆောင်များကို ဆန့်ကျင်ရန် ပါကစ္စတန် တာလီဘန်အဖွဲ့တစ်ဖွဲ့ကတိုက်တွန်းကြောင်း နိုင်ငံတကာ သတင်းဌာနအချို့၏ ဖော်ပြမှုကို ပြည်တွင်းရှိ အစ္စလာမ်များက ဆန့်ကျင်ကြောင်း တုံ့ပြန်လိုက်သည်။



ပါကစ္စတန်ရှိ "တေရိ-အီ-တာလီဘန် ပါကစ္စတန်(Tehreek-e-Taliban Pakistan/TTP)" အဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ် အီဆန်နူလာအီဆန်

ပါကစ္စတန်ရှိ "တေရိ-အီ-တာလီဘန်ပါကစ္စတန် (Tehreek-e-Taliban Pakistan/TTP)" အဖွဲ့က "ဓားများကို ဆွဲထုတ်ကြ" ဟု သည့်ကြွေးကြော်သံဖြင့် တိုက်တွန်းမှုသည် လက်ခံနိုင်စရာမရှိကြောင်း အစ္စလာမ် သာသနာရေး ကောင်စီ တွဲဖက်အတွင်းရေးမှူးချုပ် ဦးဝဏ္ဏရွှေက ဆိုသည်။

"မြန်မာနိုင်ငံမှ လူငယ်များ ဓားများကို ဆွဲထုတ်ကြကာ ဘုရားသခင်၏ လမ်းကြောင်းအတိုင်း လိုက်ကြ။ ဘုရားသခင်သည် ငါတို့နှင့်အတူရှိနေခြင်းကို သံသယ အလျဉ်းမရှိကြနှင့်" ဟူ၍ မစ္စတာ အီဆန်က မီဒီယာများဆီသို့ ဇွန်လ ၈ ရက်နေ့က ပေးပို့သောအသံဖိုင်တွင် ပြောကြားထားကြောင်း နိုင်ငံတကာသတင်းများအရသိရသည်။

"အကြမ်းဖက်မှုကို အားမပေးပါဘူး။ ဒီလို ကိစ္စမျိုးက ဘယ်သူ့အတွက်မှ အကျိုး မရှိပါဘူး" ဟု ဦးဝဏ္ဏရွှေက ပြောသည်။

မြန်မာတွင် ယခင်ကတည်းက တာလီဘန်များ တောင်းဆိုသကဲ့သို့ တစ်ကြိမ်တစ်ခါမှမဖြစ်ခဲ့ကြောင်းနှင့် ယခုခေတ်လူငယ်များအနေဖြင့်လည်း ထိုကိစ္စကိုသဘောပေါက်ကြကြောင်း ဦးဝဏ္ဏရွှေက ဆက်ပြောသည်။

ယင်းအပြင် ပြည်တွင်းရှိ အခြားသော အစ္စလာမ်အဖွဲ့ ၃ ဖွဲ့ကို မေးမြန်းရာ ၎င်းတို့ကလည်း လက်မခံနိုင်ကြောင်း ပြောကြသည်။

ပါကစ္စတန်ရှိ အဆိုပါအဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ် အီဆန်နူလာအီဆန်က ဆန့်ကျင်ရန်အတွက် စစ်သွေးကြွ အရင်းအမြစ်များနှင့် လေ့ကျင့်ရေး အကူအညီများပေးရန် အသင့်ရှိနေကြောင်း နိုင်ငံတကာမီဒီယာတို့ကို ပြောထားသည်။

ယမန်နေ့ ဇွန်လ ၈ ရက်နေ့က ထိုသူက "ဆန္ဒပြကြ၊ စီတန်းလှည့်လည်ကြ၊ ချီတက်ကြ၊ ရှုတ်ချကြ" ဆိုသည့် စကားကိုလည်း ထည့်သွင်းပြောခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင် သွေးချောင်းစီးသတ်ဖြတ်မှုများကို ၂၀၀၇ ခုနှစ်ခန့်ကတည်းက ပြုလုပ်ခဲ့သော ယင်းအစွန်းရောက် အကြမ်းဖက်အဖွဲ့တစ်ဖွဲ့၏ ထုတ်ပြန်ပြောဆိုမှုကို သတိထားသင့်ကြောင်း ရခိုင်အမျိုးသားပါတီမှ ဗဟိုအလုပ်အမှုဆောင် ဦးမျိုးကျော်က ဆိုသည်။

"အကြမ်းဖက်မှုတွေက နေရာတိုင်းမှာ ရှိနေပါတယ်။ ကမ္ဘာ အရပ်ရပ်တိုင်းမှာလည်း ဖြစ်ပေါ်နေပါတယ်။ အကြမ်းဖက်သမားတွေဆိုတာက အစ္စလာမ်တွေ မဟုတ်ကြပေမယ့် ခက်တာက အကြမ်းဖက်တိုင်း အစ္စလာမ်တွေပါနေတာ ခက်တယ်" ဟု ၎င်းက ပြောသည်။

ချင်းအမျိုးသားတပ်ဦးမှ ခရစ်ယာန် ဘာသာဝင် ဒေါက်တာ ရွှေခါးရိက တာလီဘန်တို့၏ ယခုကဲ့သို့ ပြောဆိုမှုများသည် အစိုးရနှင့် ပြည်သူအတွက် သတိထားစရာ ဖြစ်လာပြီဟု ပြောသည်။

"တို့ဘက်ကလည်း ချက်ချင်းတုံ့ပြန်မှုတွေ လုပ်သင့်တယ်။ ဒါ့အပြင် ဒီမှာနေတဲ့ မွတ်ဆလင်တွေကလည်း ငြိမ်မနေဘဲ ရှုတ်ချရမယ်" ဟု ၎င်းက ပြောသည်။

ရွှေညဝါ ဆရာတော်ကြီးကမူ ပဋိပက္ခများ မဖြစ်ပွားရန် အားလုံးနှင့် ပူးပေါင်းလုပ်ဆောင်ရမည်ဟု မိန့်သည်။

အကြမ်းဖက်မှု အန္တရာယ်ကို ကာကွယ်ရန် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ထားပြီး အစဉ်သတိရှိထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အကြီးတန်း အရာရှိတစ်ဦးက ပြောသည်။

■



www.free4reader.com

# တရုတ်ပြေးမင်းနဲ့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ စောင့်ပါခလှည့်

## ဆရာမောင်ခင်မင် (ဓနုဖြူ) ရာဇဝင်ပြန်လှန်သည်။

အိမ်စည်စိုးစံ



ဒီတစ်ပတ်မှာတော့ ဆရာမောင်ခင်မင်(ဓနုဖြူ)က ရာဇဝင်ထဲမှ နရသီဟပတေ့မင်းနဲ့ မိဖုရားစောလုံတို့ရဲ့အဖြစ် အပျက်နဲ့ဆက်နွယ်ပြီး ဆရာ့ရဲ့ အတွေးအမြင်များကို ပြောပြပေးသည်မို့ စာဖတ်ပရိသတ်ကြီးအတွက် ဖော်ပြပေးလိုက်ပါတယ်။

သမိုင်းကြောင်းတွေကို ပြန်စဉ်းစားကြည့်တဲ့အခါ ပုဂံခေတ်ကို သွားစဉ်းစားမိတဲ့ အခါကျတော့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ ကဗျာနဲ့ ဆက်နွယ်ပြီးတော့ နရသီဟပတေ့မင်းနဲ့ မိဖုရားစောလုံ အကြောင်း နောက်ခံကို နည်းနည်းလောက် ပြောစရာရှိလာတယ်။ ပုဂံခေတ်မှာ နရသီဟပတေ့မင်းကို တရုတ်ပြေးမင်းလို့လည်း ခေါ်တယ်။ ပုဂံခေတ်နောက်ပိုင်းမှာ တော်တော်ထင်ရှားတဲ့ မင်းတစ်ပါးပေါ့နော်။ ဒီ ဘုရင်မှာ မိဖုရား ၅ ယောက်ရှိတယ်။အကြီးဆုံးက မိဖုရားစောဖြစ်ပြီး အငယ်ဆုံးက စောလုံပေါ့နော်။ အဲ့ဒီ မိဖုရားတွေနဲ့ ပျော်ပျော်ရွှင်ရွှင် နေရင်း နွေဦးဘက်ရောက်တဲ့အခါမှာ ခုခေတ်လိုဆိုရင်တော့ သင်္ကြန် ဖြစ်လိမ့်မယ်ထင်တယ်။ စာထဲမှာတော့ သင်္ကြန်လို့ထည့် မရေးထားဘူး။ ဒီအချိန်မှာ နန်းတော်ကနေ မြစ်ဆိပ်အထိ တောက်လျှောက် အမိုးအကာတွေနဲ့ လုပ်ထားပြီး မြစ်ဆိပ်ဘက်မှာလည်း မဏ္ဍပ်ထိုးပြီး ရေကစားကြတာပေါ့။ ဒီလိုရေကစားတဲ့အခါမှာ ဘုရင်က မိဖုရားစောလုံကို သိပ်ချစ်တာကိုး။ ဒီတော့ ကျီစယ်ချင်တာကြောင့် စောလုံကို တစ်ကိုယ်လုံး ရေရွှဲအောင် လောင်းဆိုပြီးနိုင်းတယ်။ ဘုရင်ခိုင်းတော့ မိဖုရားစောလုံကို ခေါင်းကနေစပြီး တစ်ကိုယ်လုံးရွှဲအောင်လောင်း တာပေါ့နော်။ ဒီလိုရေတွေရွှဲသွားတော့ ဝိုင်းရယ်ကြတာပေါ့။ ဘုရင်ကလည်း ပျော်သွားတာပေါ့ ။

သို့သော် အကျိုးသက်ရောက်မှုက ဘာဖြစ်သွားသလဲဆိုတော့ ဆန့်ကျင်ဘက်ဖြစ်သွားတယ်။ ဒီမှာ စောလုံက သူ့ကို လူရှေ့သူရှေ့မှာ အရှက်ခွဲတယ်ဆိုပြီးတော့ ဘုရင်ကို အဆိပ်ခတ်တယ်။ အခြား မိဖုရားတစ်ယောက်ကိုခေါ်ပြီး ဘုရင်စားမယ့်ပွဲတော်ထဲမှာ အဆိပ်ခတ်ပြီး ပွဲတော်ဆက်သနိုင်းတယ်။ ဘုရင်က စားခါနီးမှာ အတိတ်နိမိတ်ပြတယ်။ နန်းတော်အောက်က ခွေးတစ်ကောင်က ချေတယ်။ အသံပေးတာပေါ့။ အဲဒီမှာ ခွေးကို အဲ့ဒီအစာချပေးလိုက်တော့ ခွေးက သေသွားတယ်။

အဲဒီမှာ ဘုရင်ကစိတ်ဆိုးတာပေါ့။ ပွဲတော်ဆက်တဲ့ မိဖုရားကို ခေါ်မေးတော့ မိဖုရားစောလုံ ဆက်ခိုင်းတာဆိုတော့ စောလုံကို ခေါ်မေးတဲ့အခါ စောလုံကလည်း မကွယ်မထောက်ဘဲနဲ့ နင်ငါ့ကို လူရှေ့သူရှေ့မှာ အရှက်ခွဲတဲ့အတွက်ကြောင့် နင့်ကိုသေစေချင်လို့ တမင်အဆိပ်ခတ်တာပဲလို့ ခပ်ရဲရဲပြန်ပြောတော့ ဒီမှာ နရသီဟပတေ့မင်းကလည်း နဂိုကတည်းက ဒေါသကြီးတဲ့ဘုရင်ဆိုတော့ စိတ်ဆိုးတာ မထိန်းနိုင်ဘဲ ကားစင်တင်ပြီး မီးရှို့သတ်စေလို့ အမိန့်ပေးလိုက်တယ်။ သံချပ်စင်ဆောက်နေတဲ့ ၇ ရက်အတွင်းမှာ မိဖုရားစောလုံက ဘာလုပ်လဲဆိုတော့ အဘိဓမ္မာတရားကို ဆင်ခြင်တယ်။ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်တွေ ဆင်ခြင်ပြီးတော့ စာထဲမှာ ဘယ်လိုရေးထားသလဲဆိုတော့ တရားပီတိတွေ ဖြစ်လာတယ်လို့ ရေးထားတယ်) ၇ ရက်ပြည့်လို့ သံချပ်စင်ပြီးတဲ့အခါ မိဖုရားကလည်း တရားတွေ ပြည့်နေတဲ့သူဆိုတော့ သူစင်ပေါ်တက်လိုက်တဲ့အခါမှာ မီးက ၃ ကြိမ်အထိ ငြိမ်းသွားတယ်။နောက်ဆုံးမှာ သူကိုယ်တိုင် ငါ့ကို လောင်ကျွမ်းပါစေသတည်းလို့ အမိဋ္ဌာန်လိုက်တဲ့အခါမှ ချက်ချင်း မီးလောင်သွားတယ်။ အင်မတန် ကြေကွဲစရာကောင်းတဲ့ ဇာတ်လမ်းလေး။

သူ့ နောက်ဆက်တွဲကလည်း ရှိသေးတယ်။ ညကျတော့ ဘုရင်အိပ်ခါနီးကျရင် မိဖုရားတွေက တစ်လှည့်စီ အိပ်ဖန် စောင့်ရတာဆိုတော့ အဲ့ဒီညမှာပဲ စောလုံကို သတိရပြီးတော့ စာထဲပါတာကတော့ "စောလုံ စောင့်ပါခလှည့် စောလုံ စောင့်ပါခလှည့်" မြည်တမ်းတယ်တဲ့။ ဒီတော့ မိဖုရားစောက အရှင်မင်းကြီးပဲ စောလုံကို ကွပ်မျက်လိုက်ပြီမို့လားဆိုတော့ ဒီတော့မှ ဟုတ်သားပဲဆိုပြီး စိတ်ထဲမှာ ကြေကွဲဝမ်းနည်းသွားတယ်။ နောက်တစ်နေ့မနက်ကျတော့ ဘုရင်က သူ့ဦးရီးတော်ကို ခေါ်ပြီး နောင်အခါမှာ သူက စိတ်လိုက်မာန်ပါ သေစေလို့ အမိန့်ချပေမယ့် ချက်ချင်းမသေစေပါနဲ့ ၇ ရက်တန်သည် ၁၀ ရက်တန်သည်ထားပါပြီး သေသင့်မှ သေပါစေလို့ မှာတယ်တဲ့။

ဒါက အားလုံးလည်း ကြားဖူးကြတဲ့ ဇာတ်လမ်းလေးပါ။ ဒီမှာ ဘာသွားတွေ့လဲဆိုတော့ စိတ်ကို မထိန်းနိုင်ဘဲနဲ့ စိတ်လိုက်မာန်ပါ လုပ်တဲ့အတွက်ကြောင့် ကြေကွဲစရာကောင်းတဲ့ ဇာတ်လမ်းတွေ ဖြစ်လာတယ်။ အဲ့ဒီမှာ ဘာလေးတစ်ခု သွားတွေ့လဲဆိုတော့ ဝတ္ထုရေးတဲ့ စာရေးဆရာအနေနဲ့ ဇာတ်လမ်းဖန်တီးတဲ့နေရာမှာ ရည်ရွယ်ချက်ပြောင်းပြန်ဖြစ်ခြင်း ဆိုတာ ရှိတယ်။ ရည်ရွယ်ထားတာက တစ်မျိုး ဖြစ်လာတာက တစ်မျိုး ဒီလိုနည်းနဲ့ ပရိသတ်ကို ဖမ်းစားကြတယ်။ တချို့ စာပေတွေမှာ ပြလေ့ရှိတယ်။ ဥပမာ ဆဒ္ဒန်ဆင်မင်းဝတ္ထုမှာဆိုရင် ရည်ရွယ်တာကတော့ ဆဒ္ဒန်ဆင်မင်းသည် မိဖုရား စူဠသုဘဒ္ဒါကို ချစ်လို့ အင်ကြင်းပန်းပေးတယ်။ ဒါကောင်းတဲ့ ရည်ရွယ်ချက် သို့သော် အကျိုးသက်ရောက်မှုက ဒီပန်းမှာ ခါချဉ်ပါသွားတဲ့အတွက် နောက်ဘဝအထိ ရန်ညှိုးဖွဲ့ပြီး အသက် ဆုံးအောင် ဖြစ်တဲ့အထိ အကျိုးသက်ရောက်မှုရှိတယ်။

ဒီမှာလည်း ဒီလိုပဲ။ ဘုရင်က မိဖုရားကို ချစ်လို့ ကျီစယ်တာပဲ။ ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင် ဖြစ်စေချင်တဲ့ ရည်ရွယ်ချက်နဲ့လုပ်တာ။ ဒါပေမဲ့ သက်ရောက်မှုက အရှက်ခွဲတယ်ဆိုပြီးတော့ ကြေကွဲဖွယ်ဆိုးကျိုးတွေ ဖြစ်လာတယ်။ နောက်တစ်ခုက ဒီအထဲမှာ ဘာပါလဲဆိုတော့ တရားကို ဆင်ခြင်ပြီးတော့ ဒီတရားနဲ့တွေ့ပြီး သေခြင်းကို ရဲရဲဝံ့ဝံ့ရင်ဆိုင်နိုင်တယ် ဆိုတာပါ။

ဒါကို ဆရာသဘောကျခဲ့သလို ဆရာကြီး သခင်ကိုယ်တော်မှိုင်းလည်း သဘောကျခဲ့တာပါပဲ။ သဘောကျတော့ မိဖုရားစောဖွဲ့ လေးချိုးကို ရေးခဲ့တယ်။ ဒီဖြစ်ရပ်လေးက စာဆိုတော်ကြီးတစ်ယောက်ကို ကဗျာကောင်းတစ်ပုဒ် ဖြစ်အောင်လည်း ဖန်တီးပေးတယ်။ ဒီဖြစ်ရပ်ထဲမှာ အဓိကသော့ချက်က ဘာလဲဆိုတော့ စောလုံသေသွားတဲ့ အခါမှာ ဘုရင်က သတိရပြီး "စောလုံ စောင့်ပါခလှည့်" "စောလုံ စောင့်ပါခလှည့်" ဆိုတဲ့ စကားလေးပဲ။ ဒီစကားကို ဆရာကြီး သခင်ကိုယ်တော်မှိုင်းလည်း သဘောကျပြီး သူရေးတဲ့ လေးချိုးလေးမှာ "စောင့်ပါခလှည့်" ဆိုတာပါအောင် ထည့်ရေးတယ်။ ဇာတ်လမ်းကတော့ စောစောက ဇာတ်လမ်းလေးပဲပေါ့။

"သေနန်းဝေ မှောင့်ရှာတဲ့ တမိရယ်ကြောင့် ရွှေနန်းရှင် မောင့်မှာဖြင့် မချိပေဘူး စောင့်ပါခလှည့်ရယ်လို့ တရရှာလေသကွယ်" အဲ့ဒီ အပိုဒ်လေးပါတယ်။ စောင့်ပါခလှည့်ကို ပါအောင် ကာရံတွေ နဘေတွေနဲ့ ရေးသွားတာလေးက နှစ်သက်စရာ ကောင်းတယ်။အင်မတန် ချစ်စရာကောင်းတဲ့ ကဗျာလေးကို ဒီစောင့်ပါ ခလှည့်လေးပါအောင် ထည့်ရေးပြီး အမျက်ဒေါသမထွက်သင့်တဲ့ အကြောင်းလေးတွေ ထည့်ရေးသွားတယ်။

စဉ်းစားကြည့်တော့ ဒီဖြစ်ရပ် ကလေးနဲ့ စပ်ဆက်ပြီးတော့ တွေးစရာလေးတွေ၊ စဉ်းစားစရာလေးတွေ၊ လူ့သဘောသဘာဝဖော်တာလေးတွေ ရည်ရွယ်ချက်ပြောင်းပြန် ဖြစ်သွားတာလေးတွေ အဖြစ်အပျက်လေးတွေ ဖော်တာလေးတွေ တရားသဘောနဲ့ လောကဓံကို ကြံ့ကြံ့ခံနိုင်တာတွေ စသည်ဖြင့် ဒါလေးတွေဟာ ဒီအထဲကနေမှ မှတ်သားစရာ၊ သင်ခန်းစာယူစရာ၊ နှစ်သက်စရာကောင်းတဲ့ ရသနဲ့ အသိအမြင်လေးပေးတဲ့ ဖြစ်ရပ်လေးတစ်ခုဖြစ်တယ်လို့ ရာဇဝင်ထဲက နရသီဟပတေ့နဲ့ မိဖုရားစောလုံကို အကြောင်းပြုပြီးတော့ အဲ့ဒီလို အတွေးလေးတွေ အဲဒီလိုစိတ်ကူးလေးတွေ ပေါ်လာတယ်။

# ပဋိပက္ခ အကဲဆတ်သည့် တင်ဆက်မှုများ စောင့်ကြည့်ရေး သုတေသန ပြုလုပ်နေ

အိမ်စည်စိုးစံ

ရန်ကုန်၊ ဇွန် ၉

မီဒီယာအသီးသီးတွင် ရေးသား ထုတ်လွှင့်ကြသော အကြောင်းအရာများနှင့် ပတ်သက်၍ ပဋိပက္ခအကဲဆတ်သောတင်ဆက်မှုများ စောင့်ကြည့်ရေး သုတေသန ပြုလုပ်လျက်ရှိသည်ဟု Pen Myanmar ကပြောသည်။

အဆိုပါ ပဋိပက္ခအကဲဆတ်သော တင်ဆက်မှုများ စောင့်ကြည့်ရေးသုတေသနကို ၂၀၁၄ ခုနှစ်မှ စတင် လုပ်ဆောင်နေခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ် နှစ်ဝက်စာ စောင့်ကြည့်ခဲ့ပြီးဖြစ်ကာ ယခုနှစ်အတွက် တစ်နှစ်အပြည့် စောင့်ကြည့်၍ သုတေသန ပြုလုပ်သွားဟု Pen Myanmar မှ သုတေသနစီမံကိန်း ဒါရိုက်တာ ဒေါ်ခင်မမမျိုးက ပြောသည်။

ယင်းသို့ စောင့်ကြည့်ရာတွင် မဂ္ဂဇင်း၊ ဂျာနယ်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ရုပ်သံများ စသည်ဖြင့် သုတေသန ပြုလုပ်လျက်ရှိပြီး သုတေသနရလဒ်များကို အင်္ဂလိပ် မြန်မာ နှစ်ဘာသာဖြင့် ပြည်သူလူထုထံ ပြန်လည်ဖြန့်ဝေသွားမည်ဖြစ်သည်။

"ဝတ္ထုတိုဆိုရင်လည်း ဘယ်လိုဝတ္ထုတိုမျိုးထဲမှာ ဒါမှမဟုတ် ဘယ်လိုဆောင်းပါးတွေထဲမှာ ပဋိပက္ခကို လျော့ကျ စေတာမျိုး မဟုတ်ဘဲနဲ့ ပဋိပက္ခကို လှုံ့ဆော်လိုက်တဲ့ အမုန်းတရားတွေကို ဖြစ်ပွားစေသော စာသားတွေကို ဘယ်လိုပုံသဏ္ဌာန်တွေနဲ့ဖော်ပြထားတယ်။ Social Mediaတွေမှာ ဘယ်လိုပုံရိပ်မျိုးတွေ တစ်ပြိုင်နက်တည်း အကောင့်ဘယ်နှခုကနေ ဘယ်လိုပုံစံမျိုးရှိတဲ့ ပဋိပက္ခကိုဖြစ်စေနိုင်သော အမုန်းတရားတွေကို လှုံ့ဆော်ပေးသော ကြီးထွားစေနိုင်သောအရာများ ပါဝင်တယ်ဆိုတာကို လေ့လာ စောင့် ကြည့်တာဖြစ်ပါတယ်" ဟု ဒေါ်ခင်မမမျိုးက ပြောသည်။

ယင်းသို့ ပဋိပက္ခအကဲဆတ်သော တင်ဆက်မှုများ စောင့်ကြည့်ရေးသုတေသနပြုလုပ်ရာတွင် အများဆုံးတွေ့ရှိရသည်မှာ Social Media ဖြစ်သော ဖေ့စ်ဘွတ်ခ် စာမျက်နှာများတွင် ပဋိပက္ခဖြစ်စေသော အရေးအသားများကို ကြောက်ခမန်းလိလိ တွေ့ရှိရသည်ဟု အထက်ပါ ပုဂ္ဂိုလ်က ဆိုသည်။

၎င်းတို့၏ သုတေသနတွေ့ရှိချက်များမှတစ်ဆင့် ငြိမ်းချမ်းရေးကို မည်မျှအထိ ထိခိုက်စေနိုင်ကြောင်း မီးမောင်းထိုးပြကာ ဥပဒေများတွင်ပြင်ဆင်နိုင်ရန် လွှတ်တော်အမတ်များမှ တစ်ဆင့် ဆောင်ရွက်သွားရန် ရှိကြောင်း သိရသည်။

"ရှိပြီးသား မီဒီယာဥပဒေ ပိုပြီးအားကောင်းစေဖို့ အသက်ဝင်စေဖို့၊ ဒါနဲ့မှ မပြည့်စုံဘူးဆိုလို့ရှိရင် ဥပဒေနဲ့ပတ်သက်ပြီး ဥပဒေအသစ်တွေနဲ့ ဒါမျိုးတွေကို ထိန်းချုပ်လို့ရမယ်ဆိုတာကို ပြန်လည်ပြီးတော့ ရေးသားနိုင်မယ်ဆိုတာကို ကွန်မတ်ပြ အကြံပြုနိုင်မယ်" ဟု ဒေါ်ခင်မမမျိုးက ဆိုသည်။

ပဋိပက္ခ အကဲဆတ်သော တင်ဆက်မှုများ စောင့်ကြည့်ရေးသုတေသနနှင့် ပတ်သက်၍ စက်တင်ဘာလ ၂၁ ရက်တွင် ယခု နှစ်အတွက် နှစ်ဝက်စာသုတေသန တွေ့ရှိချက်များကို ဖြန့်ဝေသွားမည်ဖြစ်ပြီး ၂၀၁၅ တစ်နှစ်စာ သုတေသန တွေ့ရှိချက်များကို လာမည့်နှစ် ဖေဖော်ဝါရီလတွင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

# အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး နေ့ အထိမ်းအမှတ် ဝတ္ထုတိုနှင့် ကဗျာ ပြိုင်ပွဲ အတွက် စာမူများ ဖိတ်ခေါ်ထား

အိမ်စည်စိုးစံ

ရန်ကုန်၊ ဇွန် ၉

Pen Myanmar ၏ ငြိမ်းချမ်းရေးအတွက် စာရေးဆရာများကော်မတီမှ ကြီးမှူးကျင်းပမည့် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ် ဝတ္ထုတိုနှင့် ကဗျာပြိုင်ပွဲအတွက် စာမူများ ဖိတ်ခေါ်ထားသည်။

အဆိုပါ စာမူပြိုင်ပွဲအတွက် မြန်မာနိုင်ငံတွင်း ဖြစ်ပွားခဲ့ပြီးသော၊ ဖြစ်ပွားလျက်ရှိသော ပြည်တွင်းစစ်ပွဲများ၊ အကြမ်းဖက်မှုများနှင့် ပဋိပက္ခများမှ အကြောင်းအရာတစ်ခုခုကို အခြေတည်ကာ ရေးဖွဲ့ထားသော စာမူများဖြစ်ရမည်ဖြစ်ပြီး ငြိမ်းချမ်းရေးနှင့် ယဉ်ကျေးမှုကို တည်ဆောက်နိုင်ရေးအတွက် ခံစားမှု တွန်းအားပေးနိုင်သည့် စာမူများဖြစ်ရမည် ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများမှာ စာရေးသက် ၅ နှစ်ကျော်သော ကလောင်ရှင်များဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ် ဝတ္ထုတိုနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိခဲ့သူများ ယခုနှစ်ပြိုင်ပွဲတွင် ပါဝင်ခွင့်မရှိဟု သတ်မှတ်ထားသည်။

ပြိုင်ပွဲဝင်လိုသည့် စာမူရှင်များအနေဖြင့် ဝတ္ထုတိုပြိုင်ပွဲအတွက် အေဖိုး စာရွက်တွင် ဇော်ဂျီဝမ်းဖောင့် ၁၁ ဆိုဒ်ဖြင့် ၃ မျက်နှာမှ ၅ မျက်နှာအတွင်း၊ ကဗျာပြိုင်ပွဲအတွက် အေဖိုးစာရွက်တွင် ဇော်ဂျီဝမ်းဖောင့် ၁၁ ဆိုဒ်ဖြင့် ၁ မျက်နှာမှ ၂ မျက်နှာအတွင်း ရေးသားရမည်ဖြစ်သည်။

ဆုများကို ဝတ္ထုတိုပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများအတွက် ပထမ၊ ဒုတိယ၊ တတိယဟူ၍ ဆုရွေးချယ်ပေးသွားမည်ဖြစ်ပြီး ဆန်ခါတင် ရွေးချယ်ခံရသော ဝတ္ထုတိုနှင့် ကဗျာ ၁၅ ပုဒ်ကိုလည်း Pen Myanmar မှ စာအုပ်ထုတ်ဝေ ဖြန့်ချိပေးသွားမည်ဖြစ်သည်။

စာမူများရှင်များမှာ ဇွန် ၃၀ ရက်နောက်ဆုံးထား၍ အမှတ် ၃၀၊ အထက်ပုဇွန်တောင်လမ်း (ပုဇွန်တောင်ဈေးအနီး)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ -၃၉၆၂၁၁ သို့မဟုတ် အီးမေးလ် - penmyanmarcenter@gmail.com သို့ ဆက်သွယ် ပေးပို့နိုင်သည်။

အဆိုပါ စာမူပြိုင်ပွဲနှင့် ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ဇွန် ၆ ရက်က Pen Myanmar ရုံးခန်းတွင် ပြုလုပ်ခဲ့သည်။


www.free4reader.com

# ပထမဆုံးအကြိမ် ယောဂသရုပ်ပြပွဲ ပြုလုပ်မည်

မြတ်ရုပြီး
ရန်ကုန်၊ ဇွန် ၅

ယောဂလေ့ကျင့်ခန်းလေ့လာ လိုက်စားသူ ငါးရာခန့် ပါဝင်သရုပ်ပြမည့် ယောဂသရုပ်ပြပွဲကို ပထမဆုံးအကြိမ် အပြည်ပြည်ဆိုင်ရာယောဂနေ့ ဇွန်လ ၂၁ ရက်တွင် သုဝဏ္ဏအားကစားရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

ယောဂ လေ့ကျင့်ခန်းသည် စိတ်ကျန်းမာရေးသာမက ခန္ဓာကိုယ်ကျန်းမာရေးကိုပါ အထောက်အကူပြုသည့် လေ့ကျင့်ခန်းတစ်ခုဖြစ်ပြီး အိန္ဒိယနိုင်ငံမှ လေ့ကျင့်ခန်းတစ်ခုဖြစ်သည်။

ယမန်နှစ် စက်တင်ဘာလက ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် နှစ်စဉ် ဇွန်လ ၂၁ ရက် အား အပြည်ပြည်ဆိုင်ရာ ယောဂနေ့အဖြစ် သတ်မှတ်ကျင်းပရန် အိန္ဒိယဝန်ကြီးချုပ်မှ အဆိုပြုချက်တင်သွင်းခဲ့ပြီးနောက် ဒီဇင်ဘာလတွင် ယင်းအဆိုပြုချက်ကို အတည်ပြုထုတ်ပြန်ခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၁၇၀တွင် ပထမဆုံးအကြိမ်အဖြစ် အပြည်ပြည်ဆိုင်ရာ ယောဂနေ့ အခမ်းအနားကို အားကစားဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာနပေါင်းစုံနှင့် အိန္ဒိယသံရုံးတို့ပူးပေါင်းပြီး သုဝဏ္ဏအားကစားရုံ (ရန်ကုန်)တွင် ဇွန်လ



၂၁ ရက် နံနက် ၈ နာရီမှ ၁၀နာရီ အထိ ကျင်းပမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ယောဂနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇွန် လ ၁၆ ရက်တွင် ရန်ကုန်မြို့ရှိ ယောဂသင်တန်းများ ပူးပေါင်း ကူညီမှုဖြင့် ယောဂပြိုင်ပွဲကို ကျင်းပသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

ထို့ပြင် မန္တလေးမြို့ မန္တလာသိရိ ဘောလုံးအားကစားကွင်း၌လည်း ယောဂသရုပ်ပြပွဲကို ဇွန် ၂၁ တွင်ပင် အလားတူပြုလုပ်သွားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ လာရောက်ကြည့်ရှုနိုင်ကြောင်းသိရသည်။

# ဝမ်းပျက်ဝမ်းလျှော ကာကွယ်ဆေးကို ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ထည့်သွင်းတိုက်ကျွေးမည်

မြတ်ရုပြီး
ရန်ကုန်၊ ဇွန် ၅

ငါးနှစ်အောက် ကလေးများတွင် ဒုတိယသေဆုံးမှု အများဆုံးရောဂါဖြစ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးကို ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် ထည့်သွင်း တိုက်ကျွေးသွားမည်ဟု ကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထွန်းအောင်က ပြောသည်။

"ဝမ်းပျက် ဝမ်းလျှောရောဂါကို ကာကွယ်ပေးမယ့် ကာကွယ်ဆေးကို လာမယ့် ၂၀၁၇-၂၀၁၈ မှာမှ စတိုက်မှာပါ။ ပုံမှန် ကာကွယ်ဆေးထိုး အစီအစဉ်မှာ ထည့်ပြီး တိုက်မယ်" ဟု ၎င်းကဆိုသည်။

အဆိုပါ ကာကွယ်ဆေးမှာ အစက်ချ တိုက်ကျွေးရသည့် ဆေးမျိုးဖြစ်ပြီး အသက်နှစ်လအရွယ် တစ်ကြိမ်နှင့် လေးလအရွယ် တစ်ကြိမ် အနည်းဆုံးနှစ်ကြိမ်ခန့်တိုက်ကျွေးရမည်ဖြစ်သည်။

ဝမ်းပျက် ဝမ်းလျှော ရောဂါသည် ဘက်တီးရီးယားကြောင့်ဖြစ်ပွားသလို ဗိုင်းရပ်စ်ကြောင့်လည်း ဖြစ်ပွားနိုင်ပြီး တိုက်ကျွေးမည့် ကာကွယ်ဆေးမှာ ငါးနှစ်အောက် ကလေးများတွင် အဖြစ်များသည့် ရိုတာဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားသည့် ဝမ်းပျက် ဝမ်းလျှောရောဂါကို ကာကွယ်ပေးသည့် ဆေးဖြစ်သည်။

အဆိုပါ ကာကွယ်ဆေးကို အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံတွင် တိုက်ကျွေးလျက်ရှိပြီး မြန်မာနိုင်ငံတွင် ၂၀၁၇ တွင် စတင်တိုက်ကျွေးနိုင်ရန် INGO အဖွဲ့အစည်းတစ်ခု ဖြစ်သည့် GAVI အဖွဲ့မှ ထောက်ပံ့ ကူညီမည်ဖြစ်သည်။ ထိုအဖွဲ့က အနည်းဆုံး သုံးနှစ်မှ ငါးနှစ်အထိ ကူညီမည်ဖြစ်ကြောင်း သိရသည်။

"အစိုးရဘက်က ထည့်ဝင်တာလည်း ပါမှာပေါ့။ ဒါပေမဲ့ ဘယ်လောက် ထည့်ဝင်မယ်ဆိုတာတော့ မသိရသေးဘူး။ အဓိက ကတော့ ကလေးတွေကို မသေစေချင်လို့ လုပ်တာပေါ့" ဟု ၎င်းကပြောသည်။

ဝမ်းပျက်ဝမ်းလျှော ရောဂါသည် ကလေးအသက်ကြီးလာသည်နှင့်အမျှ အန္တရာယ်နည်းလာသောကြောင့် အထက်ပါကာကွယ်ဆေးကို နှစ်ကြိမ်ထိုးထားခြင်းအားဖြင့်အသက် ငါးနှစ်အထိ ကာကွယ်ပေးမည် ဖြစ်သည်။

ဝမ်းပျက်ဝမ်းလျှော ရောဂါမဖြစ်ပွားစေရန်အတွက် သန့်လေးသန့်ဖြစ်သော အစာသန့်၊ ရေသန့်၊ လက်သန့်နှင့် အိမ်သာသန့်ရှင်းရန် အဓိကထား လုပ်ဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ် စာရင်းများအရ လူဦးရေတစ်သိန်းတွင် ၇၀၀ခန့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်ခံနေရပြီး ၄၀၀ ခန့် သေဆုံးလျက်ရှိကြောင်းသိရသည်။

၎င်းအပြင် ကလေးငယ်ပေါင်း ၄၄၀၀၀ သည် အသက်တစ်လ မပြည့်ခင်မှာပင် ဝမ်းပျက်ဝမ်းလျှောနှင့် အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါများကြောင့် သေဆုံးနေရကြောင်း သိရသည်။

# စိတ်ဖိစီးမှုကို ကိုယ်တိုင် ကုစားနိုင်မည့် သင်တန်းဖွင့်မည်

မြတ်ရုပြီး
ရန်ကုန်၊ ဇွန် ၅

စိတ်ဖိစီးမှုနှင့် ပတ်သက်၍ ကိုယ်တိုင်ဖြေလျှော့မှု လုပ်ဆောင်နိုင်မည့်သင်တန်းကို မြန်မာနိုင်ငံ စိတ်ပညာအသင်းက ကြီးမှူး၍ ယခုလအတွင်း စတင် ဖွင့်လှစ်သွားမည်ဟု သိရသည်။

ဖွင့်လှစ်မည့်သင်တန်းများမှာ နေ့စဉ်ဘဝတွင် ကြုံတွေ့ရသည့် စိတ်ဖိစီးမှုများကို မိမိကိုယ်တိုင် ဖြေလျှော့ခြင်းနှင့် စိတ်ဖိစီးမှုများ လျော့နည်းစေရန် မိမိကိုယ်ကိုယ် စီမံခန့်ခွဲမှုများအတွက် Stress and Stress management သင်တန်း၊ မိဘနှင့် သားသမီးအကြား၊ ဆရာ ဆရာမများနှင့်ကလေးကြား ဆက်ဆံရေးများအတွက် Parental Education Training Course၊ အလုပ်များမှ Human Resource အတွက် စိတ်ပိုင်းဆိုင်ရာစစ်ဆေးမှုများ၊ စစ်ဆေးလွှာများနှင့် ပတ်သက်သောသင်တန်းနှင့် အခြေခံ နှစ်သိမ့်ဆွေးနွေးခြင်း သင်တန်းများကို ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းများကို ဘွဲ့ရရှိပြီးသူ မည်သူမဆို တက်ရောက်နိုင်ပြီး အထူးသဖြင့် မိဘများ၊ ဆရာဆရာမများ၊ HRဝန်ထမ်းများ တက်ရောက်ရန် အထူးသင့်တော်ကြောင်း စိတ်ပညာအသင်းမှ တာဝန် ရှိသူတစ်ဦးက ဆိုသည်။

သင်တန်းတစ်ခုလျှင် လူဦးရေ သုံး ဆယ်ခန့်သာ လက်ခံမည်ဖြစ်ပြီး လူဦးရေပြည့်သည့် သင်တန်းကို အရင်ဆုံး ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်သည်။

"ဒါက ဒုတိယအကြိမ် ဖွင့်တာပါ။ပထမအကြိမ်က အခြေခံ နှစ်သိမ့်ဆွေးနွေးခြင်းနှင့် ပတ်သက်ပြီး သင်တန်းတစ်ခုပဲ ဖွင့်ခဲ့တာပါ။ အသင်းက အခုမှစတည်ထောင်ထားတာဆိုတော့လူလည်း သိမယ်။ တကယ်တမ်းလူထုကြားမှာ လိုအပ်တဲ့ သင်တန်းတွေဖြစ်လို့ဖွင့်တာပါ" ဟု သင်တန်းဖွင့်ရသည့် ရည်ရွယ်ချက်နှင့် ပတ်သက်၍ အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါသင်တန်းကို စိတ်ပညာဆရာကြီး ဆရာမကြီးများက သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကြေးမှာ တစ်ဦးလျှင် သုံးသောင်းကျပ်ဖြစ်သည်။ စိတ်ပညာအသင်းဝင်ထားသူများဆိုပါက နှစ်သောင်း ခုနစ်ထောင်ကျပ် ဖြစ်ကြောင်း ၎င်းက ဆိုသည်။

သင်တန်းကာလမှာ စနေ၊ တနင်္ဂနွေ နံနက် ၉နာရီမှ ၁၂ နာရီအထိ လေးရက်တက်ရောက်ရမည်ဖြစ်ကြောင်းသိရသည်။ သင်တန်း တက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံစိတ်ပညာအသင်း အမှတ် (၂၁)၊ (၉) လမ်း၊ လမ်းမတော်၊ ဖုန်းနံပါတ် ၀၁ ၂၁၂၂၄၃၊ ၀၉ ၅၀၀၁၁၂၃ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ ■

# ဆေးပညာဆိုင်ရာ ဘွဲ့လွန်သင်တန်းများတွင် ပထမဆုံးအကြိမ်အဖြစ် GP ဆရာဝန်များကို တက်ခွင့်ပြုတော့မည်

မြတ်ရုပြီး
ရန်ကုန်၊ ဇွန် ၅

ဘွဲ့လွန် ဒီပလိုမာသင်တန်းများတွင် ပြင်ပဆရာဝန် (GP)များကို ယခုနှစ်မှစတင် ခေါ်ယူသင်ကြားပေးမည်ဟု ဆေးတက္ကသိုလ် (ရန်ကုန်) (၁) မှ ပါမောက္ခချုပ် ဒေါက်တာ ဇော်ဝေစိုးက ပြောသည်။

"ဘွဲ့လွန် ဒီပလိုမာက အရင်ကဆို အစိုးရဆေးရုံမှာ လုပ်နေတဲ့ ဆရာဝန်တွေပဲ တက်လို့ရတာ။ ဟိုအရင်တုန်းက GP တွေကို သင်တန်းပေးတာတစ်မျိုးတည်းပဲ ရှိတယ်။ Family Medicine (မိသားစု ကျန်းမာရေးဆရာဝန်) လို့ ခေါ်တဲ့ဟာပဲရှိတယ်။ အဲဒါပဲသူတို့ တက်ခွင့်ရှိတယ်။ ကျန်တာတက်လို့မရဘူး" ဟု ၎င်းက ပြောသည်။

ယင်းကြောင့် ယခုနှစ်တွင် ဆေးတက္ကသိုလ်(ရန်ကုန်) (၁)၊ ဆေးတက္ကသိုလ်(ရန်ကုန်) (၂)၊ မန္တလေးဆေးတက္ကသိုလ်နှင့် မကွေးဆေးတက္ကသိုလ်များ၌ ဖွင့်လှစ်မည့် ဒီပလိုမာသင်တန်းများ၌ ဂျီပီဆရာဝန်များလည်း သင်တန်း တက်ရောက်ခွင့်ရရှိမည်ဟု သိရသည်။

အဆိုပါဒီပလိုမာသင်တန်းများတွင် အစိုးရဆေးရုံ၌အလုပ်လုပ်သည့် အစိုးရဆရာဝန်များနှင့် အတူ သင်ကြားပေးမည်ဖြစ်ပြီး လက်ရှိအနေအထားအရ အစိုးရဆေးရုံမှဆရာဝန်များမှာ အရေအတွက်ပိုများကြောင်း၊ လျှောက်လွှာများအပေါ် မူတည်ပြီးဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

မိသားစု ကျန်းမာရေးဆရာဝန်အဖြစ် ဆယ်နှစ်ကျော်လုပ်ကိုင်ခဲ့သော ဒေါက်တာမိမိကိုက "တရားဝင်ကြေညာချက်တော့ ထွက်မလာသေးပါဘူး။ ခွဲစိတ်ပညာ၊ ဆေးပညာ၊ သားဖွားမီးယပ်၊ ပြည်သူ့ကျန်းမာရေးစတဲ့ခေါင်းစဉ်ဘယ်နှခုနဲ့ ခေါ်မလဲမသိသေးပါဘူး။ လေးငါးခုတော့ ဖြစ်လိမ့်မယ်ထင်တယ်။ ဘယ်လိုတက်ရမယ်။ ဘယ်သူတွေ ဘယ်လိုလျှောက်ရမလဲ တိတိကျကျမထွက်သေးဘူး။ ကလေးတွေလည်း သိချင်လို့ဖုန်းဆက်မေးနေကြတယ်" ဟုဆိုသည်။

ဒီပလိုမာ သင်တန်းများကို နှစ်စဉ်ပုံမှန် ဇူလိုင်၊ ဩဂုတ်လများတွင် ခေါ်ယူလေ့ရှိပြီး ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများတွင် စတင်တက်ရောက်ရသည်။

ယမန်နှစ်ကစတင်၍ ဆေးတက္ကသိုလ်များတွင် အထူးကုများနှစ်ဆ သုံးဆခန့်တိုးမြှင့် မွေးထုတ်ပေးရန် လုပ်ဆောင်လျက်ရှိပြီး ယခင်က အမျိုးအထူးကုဆရာ ဝန်တစ်နှစ်လျှင် ၁၅ ယောက်ခန့်သာမွေးထုတ်ရာမှ ယခုနှစ်တွင် ၆၀ အထိမွေးထုတ်မည်ဖြစ်ကြောင်း ဒေါက်တာဇော်ဝေစိုးက ပြောသည်။

"ဆရာဝန်နှင့်လူနာအချိုးကို ကြည့်ရင်မြန်မာပြည်မှာ ဆရာဝန်အများကြီးလိုတယ်" ဟု ၎င်းက ဆရာဝန်များ တိုးမြှင့် မွေးထုတ်ပေးရခြင်း၏ အကြောင်းရင်းကို ဆိုသည်။

ထို့ပြင် လက်ရှိဆရာဝန်ဦးရေ၏ သုံးပုံနှစ်ပုံခန့်မှာ ပြင်ပဆရာဝန် GP များဖြစ်ကြောင်း ဒေါက်တာမိမိကိုထံမှသိရသည်။

## ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်း စေတနာဆေးခန်း (တောင်ဥက္ကလာ)တွင် အခမဲ့ ကုသနိုင်သော ရောဂါများ

| | | | |
|---|---|---|---|
| အမည် | - ပြည်သူ့ ကျန်းမာရေး ဖောင်ဒေးရှင်း စေတနာဆေးခန်း (တောင်ဥက္ကလာ) | အင်္ဂါ | - အထွေထွေရောဂါ (ညနေ ၅နာရီမှ ည ၈နာရီအထိ) |
| နေရာ | - သီလလမ်းနှင့် သမာဓိ လမ်းထောင့် (ရပ်ကွက်ရုံးနှင့် ကပ်လျက်)၊ ၄ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ | ဗုဒ္ဓဟူး | - အထွေထွေရောဂါ (ညနေ ၅နာရီမှ ည ၈နာရီအထိ) |
| ဖုန်းနံပါတ် | - ၀၁ - ၅၇၀၈၁၅။ | ကြာသပတေး | - အထွေထွေရောဂါ (ညနေ ၅နာရီမှ ည ၈နာရီအထိ) |
| | | သောကြာ | - အထွေထွေရောဂါ (ညနေ ၅နာရီမှ ည ၈နာရီအထိ) |
| ဆေးခန်းဖွင့်ရက်နှင့် ကုသနိုင်သော ရောဂါများ | | | |
| တနင်္လာ | - အထွေထွေရောဂါ (ညနေ ၅နာရီမှ ည ၈နာရီအထိ) | စနေ | - အထွေထွေရောဂါ (ညနေ ၅နာရီမှ ည ၈နာရီအထိ) |



မှတ်ချက် - စိတ်ရောဂါကု ဆရာဝန်ကြီး နှစ်ပတ်တစ်ကြိမ်နှင့် အခြားသမားတော်များနှင့် ပြသလိုသူများ သတ်မှတ်လူဦးရေ ပြည့်ပါက ခေါ်ယူကုသပေးသည်။

ဆေးခန်းစတင်ဖွင့်လှစ်သည့်ရက် - ၂၀၁၄ ခုနှစ်။
ဆရာဝန်အင်အား - အထွေထွေရောဂါကု ဆရာဝန် (၂) ဦး။
တည်ထောင်သူ - ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း။



# တီဗီအသံပိတ်ပါ မြန်မာပွဲလာနေသည်

ရန်နိုင်၊ ကျော်ရဲလင်း

**ယခင်ကရေဒီယိုမှ ဘောလုံးပွဲ ကြေညာသူတို့က ပွဲမြင်ကွင်းကို ရုပ်လုံးပေါ်လွင်လာအောင်နှင့် ပွဲစဉ်အတွင်း ကစားပုံကို မြင်သာလာစေရန်အတွက်သာမက စိတ်တက်ကြွအောင် ကြေညာနိုင်သည်များရှိခဲ့ရာ ရေဒီယိုနှင့် ရုပ်သံသဘော သဘာဝမတူစေကာမူ ယင်းကဲ့သို့ ပရိသတ်ကို ဦးဆောင်နိုင်စေရန် ကြိုးစားသင့်သည်ဟု...**

တီဗီဖန်သားပြင်ကိုမျက်တောင် မခတ်တမ်းကြည့်ရင်း သူတို့ ငြိမ်သက်နေကြသည်။ တီဗီကို အသံပိတ်ကြည့်နေသော သူတို့ အဖွဲ့ကို ကြည့်ရသည်မှာ ဟိုးယခင် အချိန်များဆီက ကာလသားတစ်စု အိမ်တစ်အိမ်တွင် စုကာ တိုးတိုးကား ကြည့်သည့် မြင်ကွင်းကို သတိရစေသည်။

ဟိုးအရင်တစ်ချိန်က ထိုသို့ ကြည့်ကြပြီဆိုလျှင် တီဗီအသံတင်မက လူအသံပါ အတတ်နိုင်ဆုံး ဖျောက်ထားရသည်။ လူမသိ၊ သူမသိ ခိုးကြည့်ရသည်ကိုး။ ယခုတော့ လူတိုင်းလိုလို သုံးနေကြသော စမတ်ဖုန်း တန်ခိုးကြောင့် ယခင်ကလိုတကူးတကစုပြီးခိုးကြည့်စရာ မလိုတော့။

ဤသို့ဆိုလျှင် သူတို့ အဘယ့်ကြောင့် တီဗီကို အသံတိတ်ထားကာကြည့်နေရသနည်း။ ခိုးကြောင်ခိုးဝှက်လည်း မဟုတ်။ ကြည့်နေသည့်အထဲတွင် အိမ်ရှင် ကောင်လေး၏ အမေပါ ပါနေပြန်သည်။

"ဂိုး::::::::::::::::::::::::::::::::::::::::::::::::::::::::။ ဂိုးပြီကွ"

"ရန်နိုင်ဦးကွ၊ရန်နိုင်ဦး၊မြန်မာကွ ဂိုး::::::::::::::::::::::::::::::"

သူတို့ ဘောလုံးပွဲကြည့်နေကြခြင်း ဖြစ်သည်။ နိုင်ငံတကာအဆင့် ပြိုင်ပွဲဖြစ်သောဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားပွဲတွင် ပထမဆုံး ပါဝင်ခွင့်ရသော မြန်မာအသင်း၏အဖွင့်ပွဲစဉ်ကို သူငယ်ချင်းတွေစုကာ ကြည့်နေကြခြင်း ဖြစ်သည်။

ဘောလုံးပွဲကိုသူတို့ ဘာ့ကြောင့် အသံပိတ်ကြည့်ရသနည်း။

"ကျွန်တော်တို့ ဘောလုံးပွဲ ကြည့်ရင် မြန်မာလိုကြေညာတဲ့ အသံကိုပိတ်ထားတတ်တယ်။ စိတ်ညစ်ရလို့" ဟု အိမ်ရှင်ဖြစ်သူကိုနော်လီကပြောသည်။ အသက် ၂၃ နှစ်အရွယ်ကိုနော်လီကလမ်းမတော်မြို့နယ် ၈ လမ်းရှိ နေအိမ်တွင် သူငယ်ချင်းများကိုစုကာ မြန်မာ ယူ-၂၀ အသင်း၏အမေရိကန်နှင့် အဖွင့်ပွဲစဉ်ကို ကြည့်ရာတွင် ဘောလုံးပွဲကို အသံတိတ်ကြည့်ရန် သူငယ်ချင်း အားလုံး၏သဘောတူညီမှုဖြင့် ဆုံးဖြတ်ခဲ့သည်။

"ဒီပွဲမှမဟုတ်ဘူးဗျ။ ကျွန်တော်တို့ ကိုယ့်အိမ်မှာကိုယ် ဘောလုံးပွဲ ကြည့်ရင် မြန်မာလို ကြေညာတာဆိုရင် အသံပိတ်ထားလိုက်တာပဲ" ဟု သူကဆိုသည်။

ထိုသို့ဆိုပါလျှင် သူတို့က အင်္ဂလိပ်လိုကြေညာခြင်းကို နားလည်လောက်သည်အထိ ဘာသာစကား အတားအဆီးကို ကျော်ဖြတ်နိုင်ပြီလား။ မဟုတ်ပါဟု သူတို့ဆိုပါသည်။

"အင်္ဂလိပ် ကွန်မန့်တေတာ ကြေညာတာကိုဘယ်ကလာ အကုန်နားလည်မလဲဗျာ။ နည်းနည်းပဲ တချို့နေရာတွေမှာ နားလည်တာ။ ဒါပေမဲ့ အဲ့ဒီနားမလည်တဲ့ အသံက ဘောလုံးပွဲကို မဖျက်ဆီးပစ်ဘူးဗျ။ နားမလည်တောင်စိတ်ဓာတ် တက်ကြွလာစေတယ်။ နားလည်တဲ့ မြန်မာလို ကြေညာတာက ပွဲကောင်းနေတောင် စိတ်ရှုပ်စရာကြီး။ ဆိုးပါ့" ဟု ကိုနော်လီက ညည်းညည်းညူညူနှင့် ပြောသည်။

**မြန်မာ့ဘောလုံးနွေဦး**

မြန်မာ့နိုင်ငံရေး ပြောင်းလဲလာမှုကို လူအများက မြန်မာ့နွေဦးဟု တင်စားခေါ်ဝေါ်ကြသည်။ ထို့ကြောင့် မြန်မာဘောလုံးလောကအပြောင်းအလဲကာလကိုလည်း မြန်မာဘောလုံးနွေဦးဟု တင်စားခေါ်ဝေါ်မိသည်။

ယူ-၂၀ လူငယ်အသင်းက နိုင်ငံ့သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့အဆင့်ပြိုင်ပွဲတွင် ပါဝင်ခွင့်ရခဲ့ရာအုပ်စုအဆင့် ပွဲစဉ်များတွင် နိုင်ပွဲ မရခဲ့သော်လည်း မျက်နှာသစ်အသင်း၏ စွမ်းဆောင်ရည်နှင့်တိုက်ပွဲဝင်စိတ်ဓာတ်ကိုနိုင်ငံတကာကလက်ခံ အသိအမှတ်ပြုခဲ့သည်။

ကမ္ဘာ့ဖလားဆိုသည်မှာ ယခင်ကဆိုလျှင်မြန်မာဘောလုံးလောကနှင့် လားလားမျှ မဆိုင်။ သို့သော် မြန်မာယူ ၂၀ အသင်းက မြန်မာဘောလုံးပရိသတ်များကို တိုက်ရိုက်ပါဝင် ပတ်သက်ခွင့်ရအောင် စွမ်းဆောင်နိုင်ခဲ့သည်ကလည်း သမိုင်းမှတ်တိုင်ကြီးတစ်ခု။

ဆိုရလျှင်အချိုးအကွေ့အတွက် အချက်ပြလိုက်သလို ခံစားရသည်။ မဆုတ်မနစ် ကြိုးစားအားထုတ်ခဲ့သည့်အတွက် အုပ်စုမှ ပွဲတိုင်းရှုံးပြီး ထွက်ခဲ့ရသော်ငြား ပရိသတ်မေတ္တာကို ရရှိခဲ့ကြသည့်ယူ ၂၀ သည် ကျန်မြန်မာ့အသင်းများကိုပါ ခွန်အား ဖြစ်စေခဲ့သည်။ ရှေ့ဆောင်လမ်းပြပေးနိုင်ခဲ့သည်ဟု ဆိုရမည်။

လက်ရှိ စင်ကာပူနိုင်ငံတွင် ကျင်းပ ပြုလုပ်နေသည့်(၂၈) ကြိမ်မြောက်အရှေ့တောင်အာရှ ဆီးဂိမ်းပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာယူ ၂၃ ဘောလုံးအသင်းသည်လည်း အုပ်စုတွင်း အဓိကပြိုင်ဘက် အင်ဒိုနီးရှားနှင့် အိမ်ရှင်စင်ကာပူအပါအဝင် ပြိုင်ဘက်များကို အနိုင်ယူပြီး အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ် တက်ရောက်သွားပြီ။ ဆီးဂိမ်း အုပ်စုတက်သည်က မဆန်း၊ ပရိသတ်အကြိုက်တွေ့သည်ကယင်းအသင်း၏ အားထုတ်မှု။ ယူ ၂၃ အသင်း၏ ပြိုင်ပွဲဝင်စိတ်ဓာတ်နှင့် ကြိုးစားအားထုတ်မှုက ပရိသတ်တို့ကို ဖမ်းစားနိုင်ခဲ့သည်။

ယင်းအပြင် နိုင်ငံတစ်နိုင်ငံ၏ ကိုယ်စားပြု အသင်းတစ်သင်းဖြစ်သည့် မြန်မာ့လက်ရွေးစင် ဘောလုံး အသင်းကြီးမှာလည်း ဘန်ကောက်မြို့တွင် နေထိုင်ပြီး ဖီဖာ ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်လည်း အသင့်အနေအထားတွင် ရှိနေပြီဖြစ်ရာ သူတို့သည်လည်း ယူ ၂၀ နည်းတူ စိတ်ဓာတ်အပြည့်နှင့် ပြိုင်ပွဲဝင်ကြလိမ့်မည်ဟု ပရိသတ်များက မျှော်လင့်ထားကြသည်။

ယခင်ကမြန်မာဆိုသည် အိမ်ကျယ်။ နိုင်လျှင်ကောင်းပြီး ရှုံးလျှင် လူချကစားသည့်အသင်းဟု တင်စားခဲ့ကြသည်အထိ။ မျိုးချစ်စိတ်ဖြင့် အားပေးခဲ့ရသည်သာရှိပြီး ပရိသတ်တို့ အကြိုက်မတွေ့ ဖြစ်ခဲ့ရသည် ကသာ များသည်။

ယခု မြန်မာ့ဘောလုံး အသင်းအပေါ် ပရိသတ်အမြင် ပြောင်းလဲစ ပြုလာပြီ။ ဆိုရလျှင် မြန်မာ့ဘောလုံး နွေဦးရောက်စ ပြုနေပြီ။ ဘောလုံးရွှေခေတ်သို့ ပြန်လည်ချဉ်းနင်းဝင်ရောက်နေပြီဟု ဆိုနိုင်သော မြန်မာ့ဘောလုံးသမားတို့အတွက် ၁၂ ယောက်မြောက် ကစားသမားတို့က တက်တက်ကြွကြွ။ အားပါးတရ အားပေးရန် အသင့်။

**တီဗီထဲက ထိုအသံ ဘာသံလဲမေး**

သို့နှင့်တိုင် ရုပ်သံကြည့် ဘောလုံးပရိသတ်တို့အတွက် မြန်မာ့ဘောလုံးနွေဦးထဲမှ ဘောလုံးပွဲကြေညာသံတို့က စိတ်ညစ်ညူးစရာ တစ်ရပ်အဖြစ် ရှိနေဆဲ။

"တချို့ပြောတာတွေက အမှားအယွင်းတွေ ရှိကြတယ်၊ မှားတာတွေကိုလည်း ဂရုစိုက်သင့်တယ်၊ လက်ပစ်ဘောကိုဖရီးကစ်လို့ ပြောလိုပြောဆိုတော့ ပွဲကြည့်တဲ့သူတွေ နားထောင်ရတာ အဆင်မပြေဘူး၊ ဖြစ်တာပေါ့"ဟု မြန်မာယူ ၂၃ အသင်းနှင့်ဆီးဂိမ်းအိမ်ရှင် စင်ကာပူတို့၏ပွဲစဉ်ကို ရုပ်သံမှ ကြည့်ရှုခဲ့သည့် ဝါရင့်အားကစား ကလောင်ရှင် ဦးခင်မောင်ထွေး(ပျဉ်းမနား) က ပွဲကြေညာသူတို့ကို ဝေဖန်အကြံပြုစကား ဆိုသည်။

**ရသမဲ့ စကားပြောအနုပညာ**

တိုက်ရိုက် ထုတ်လွှင့်သော အားကစားပွဲများတွင် ပွဲကြေညာသူ (Commentator) တို့၏ အခန်းကဏ္ဍသည် အလွန်အရေးပါသည်။ သူတို့၏ စွမ်းရည်ကြောင့် သွက်သောပွဲက ပို၍ရုပ်ကြွလာ တတ်သည်ကိုပရီးမီးယားလိဂ်ရုပ်သံကြည့် မြန်မာပရိသတ်များ ပိုသိပါမည်။

ဘာသာစကားကြောင့် အင်္ဂလိပ်ပွဲ ကြေညာသူတို့၏ ပြောဆိုသုံးသပ်ချက်များကို အနည်းငယ်သာ နားလည်ကြသည့်တိုင် ထိုသူတို့၏ပြောဟန်၊ဆိုဟန်မှာ ပရိသတ်တို့ကို စိတ်ဓာတ်တက်ကြွစေသည်ကို အများစု လက်ခံထားကြပေမည်။

သို့သော် မြန်မာဘောလုံးပွဲ ကြေညာသူတို့၏ စွမ်းဆောင်ရည်က ပရိသတ်ကြားတွင် ဝေဖန်စရာ ဖြစ်နေသေးသည်က အမှန်တရား။

"ကျွန်တော်တို့က ပရိသတ်တွေ မြင်တဲ့ မြင်ကွင်းအတိုင်းပဲမြင်ပြီးတော့ ကြေညာပေးရတာပါ၊ စက္ကန့်ပိုင်းလေးနဲ့တင် ဆုံးဖြတ်ပြီး တင်ပြရတာဆိုတော့ အခက်အခဲလေးတွေတော့ ရှိတာပေါ့၊ နောက်ပြီး မြန်မာမှုပြန်ပြုပြီး ပြောဆိုရတာကိုကအစ ရွေးချယ်ရတဲ့အပိုင်းလေးတွေလည်း ရှိပါတယ်၊ ဒါကိုလည်း ပရိသတ်တွေကိုလည်း နားလည်စေချင်ပါတယ်" ဟု SKY NET Sports Commentator ကိုချစ်ညီညီက ပြောသည်။

ဘောလုံးပွဲတစ်ပွဲ ကြေညာရသူတစ်ယောက်အနေဖြင့် တစ်ဖက်စောင်းနင်း မဖြစ်ရန် အမြဲတစေသတိထားရပြီး ကြားနေရပ်တည်ပြောဆိုရသောကြောင့် ဤအလုပ်သည် ကြိုးတန်းလျှောက် အလုပ်ဟု အများက ဆိုကြသည်။ ဆိုရလျှင် ဘောလုံးပွဲကြေညာသူတို့သည် မည်မျှကျွမ်းကျင်ပိုင်နိုင်စေကာမူ နှစ်ဖက်စလုံး၏လက်ခုပ်သံကိုခံရရန်အခွင့်အလမ်း အလွန်နည်းတတ်သည်။

နိုင်ငံတကာတွင်တော့ ပရော်ဖက်ရှင်နယ် ဘောလုံးပွဲ ကြေညာသူတစ်ယောက် အဖြစ် အသက်မွေးရန် သင်တန်းကျောင်းများတွင် လေ့လာသင်ယူနိုင်ပါသည်။ အလုပ်သင်လက်တွေ့ လေ့ကျင့်ရသည်။ အချိန်နှင့်တစ်ပြေးညီ တင်ဆက်ပြောဆိုသုံးသပ်ရသော အလုပ်ဖြစ်၍ ကျွမ်းကျင်မှု အင်မတန် လိုအပ်သော အလုပ်မျိုးဖြစ်သည်။ အများမခံ၍ဖိအားများသော အလုပ်မျိုးလည်း ဖြစ်သည်။

**မှုဆိုးစိုင်သင် အသံဝင်**

မြန်မာနိုင်ငံတွင်တော့ ဘောလုံးပွဲကြေညာသူများသည် အခြားအခြားသော ကဏ္ဍများကဲ့သို့ပင် မုဆိုးစိုင်သင်သဘောလုပ်ရင်းသင်၊ သင်ရင်းလုပ်။ ဝါသနာ အရင်းခံတစ်ခုသာ မာမာချာချာ ရှိသည်။ ကျန်သည့် အထောက်အပံ့ မရှိ။

"တချို့က အသင်းနောက်ခံလေးတွေကို သဘောကျတဲ့သူရှိတယ်၊ တချို့က ပွဲအကြောင်းပဲ နားထောင်ချင်တဲ့သူရှိတယ်၊ အဲ့ဒီကြားထဲမှာ ဝင်အောင်တော့ ပြောရတာပေါ့၊ ၁၀၀ ရာခိုင်နှုန်း အဆင်ပြေနိုင်တာတော့မရှိပါဘူး၊ တချို့က ပုဂ္ဂိုလ်စွဲလေးတွေ ရှိတယ်၊ အသင်းစွဲလေးတွေရှိတယ်လေ၊ တစ်နိုင်ငံလုံးက လူတွေအကြိုက်ကို လိုက်ရတာဆိုတော့ ကြိုက်ကြတဲ့သူရှိသလို မကြိုက်ကြတဲ့သူတွေကလည်း အများကြီးလေ၊ တစ်ခါတလေအကောင်းပြောပြီး တစ်ခါတစ်ခါတော့လည်း အဆဲခံရတာပေါ့" ဟု SKY NET Sports Production Manager ကို မြတ်သူရ ပြောသည်။

နည်းပညာ အကန့်အသတ်ကြောင့် ရနိုင်သမျှ နည်းလမ်းများဖြင့်အကောင်းဆုံး တင်ဆက်ကြေညာပေးနေသော်လည်း အားနည်းချက်များ အတော်ရှိနေကြောင်း ကိုမြတ်သူရက ဝန်ခံသည်။

စာမျက်နှာ ၂၃ သို့ . . .

www.free4reader.com

# အင်ဒို ငါးဖမ်းကျွန်ပြဿနာမျိုး မဖြစ်စေရန် ဆက်သွယ်ရေးအရာရှိ ထားမည်

ရဲလွင်
ရန်ကုန်၊ ဇွန် ၈

မကြာသေးမီက ဖြစ်ပွားခဲ့သော အင်ဒိုနီးရှား ရေလုပ်သား ပြဿနာမျိုး နောင်တွင် ထပ်မံမဖြစ်ပွားစေရေး အတွက် သတင်းအချက်အလက်ဖြန့်ဝေရေး အရာရှိများ ထားရှိသွားရန် သုံးနိုင်ငံ သဘောတူ လိုက်ကြောင်း သိရသည်။

အင်ဒိုနီးရှား ရေလုပ်သား ပြဿနာနှင့် ပတ်သက်၍ ယခုလ ၄ ရက်နေ့မှစ၍ ထိုင်းနိုင်ငံတွင် နှစ်ရက်ကြာ ပြုလုပ်ခဲ့သော မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား သုံးနိုင်ငံ ဆွေးနွေးပွဲ အပြီးတွင် အထက်ပါအတိုင်း သဘောတူ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံကိုယ်စားပြု တက်ရောက်ခဲ့သော လူကုန်ကူးမှုတားဆီးရေး ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ခင်မောင်လှက ပြောသည်။

သတင်းအချက်အလက် ဖြန့်ဝေ ရေးအတွက် ဆက်သွယ်ရေး အရာရှိများကို တစ်နိုင်ငံလျှင် သုံးဦးနှုန်းဖြင့် ထားရှိသွား မည်ဖြစ်ပြီး မြန်မာနိုင်ငံကိုယ်စားပြု ဆက်သွယ်ရေးအရာရှိအဖြစ် လူကုန်ကူးမှုတားဆီးရေး ရဲတပ်ဖွဲ့မှ ရဲမှူးကြီးဝင်းနိုင်ထွန်း၊ ဒုတိယရဲမှူးကြီး ဥမ္မာရမီနှင့် ရဲအုပ်အဆင့်ရှိ အရာရှိတစ်ဦးတို့ကို ခန့်အပ်ထားကြောင်း သိရသည်။

"အင်ဒိုမှာဖြစ်ခဲ့တာမျိုး ထပ်ပြီး မဖြစ်အောင် သုံးနိုင်ငံ အမြန်အလှန်သတင်း အချက်အလက်တွေ မျှဝေပြီး ပူးပေါင်း ဆောင်ရွက်ဖို့ ဒီဆက်သွယ်ရေး အရာရှိတွေခန့်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒီလိုအဖြစ်တွေထပ်ပြီး မဖြစ်ပွားနိုင်တော့ဘူးလို့ ထင်ပါတယ်" ဟု ဦးခင်မောင်လှက ပြောသည်။

ထားရှိသည့် သုံးနိုင်ငံဆက်သွယ်ရေး အရာရှိများ သတင်းအချက်အလက် ဆက်သွယ်မည့် ပုံစံများကိုလည်း ယင်းဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့အပြင် သုံးနိုင်ငံအစည်းအဝေးကို သုံးလတစ်ကြိမ်အလှည့်ကျ ပြုလုပ်သွားမည်ဖြစ်ပြီး နှစ်ကြိမ်မြောက် အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံတွင် ပြုလုပ်သွားမည်ဟု သိရသည်။



အင်ဒိုရောက် မြန်မာရွှေ့ပြောင်းလုပ်သားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပထမဆုံးပြန်လည်ရောက်ရှိလာစဉ် ဓာတ်ပုံ - ကျော်ကျော်(AF)

# လှေစီးဒုက္ခသည်များကို ပို့ဆောင်ပေးသော လူပွဲစားများ ဖော်ထုတ် အရေးယူမှာလား

ရဲလွင်
ရန်ကုန်၊ ဇွန် ၈

ဧရာဝတီရေတပ်စခန်း ဌာနချုပ်မှ ကယ်တင်ထားသောလှေစီးဒုက္ခသည်များနှင့်ပတ်သက်၍ ၎င်းတို့ကို ပို့ဆောင်ပေးသော လူပွဲစားများကို ဖော်ထုတ်အရေးယူရန် မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးရေး ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ ရခိုင်ပြည်နယ် မောင်တောမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

ပြီးခဲ့သည့် မေလအတွင်းက မြန်မာ့ရေပိုင်နက်တွင်တွေ့ရှိကယ်ဆယ်ခဲ့သော လှေစီးဒုက္ခသည်များနှင့် ပတ်သက်၍ ၎င်းတို့သည် မည်သည့်နိုင်ငံသားဖြစ်သည်၊ ၎င်းတို့ကို ပို့ဆောင်ပေးခဲ့သည့်ပွဲစားများ စသည်တို့ကို စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်နိုင်ရန်အတွက် ဇွန်လ ၈ ရက်နေ့က ရခိုင်ပြည်နယ် မောင်တောသို့ ထွက်ခွာသွားခြင်းဖြစ်ကြောင်း ယင်းအဖွဲ့တွင် လိုက်ပါသွားသော မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးရေး ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ခင်မောင်လှက ပြောသည်။

"ပြောရရင်တော့ သူတို့တွေက ဘယ်နိုင်ငံသားလဲ၊ ဘယ်လို အကြောင်းကြောင့် ရောက်လာတယ်။ သူတို့နဲ့ ပတ်သက်ပြီး ပို့ဆောင်ပေးခဲ့တဲ့ပွဲစားတွေ၊ ဒါတွေကို သွားပြီး ခွဲခြမ်းမယ်။ ပွဲစားတွေကို ဖော်ထုတ်အရေးယူမယ်" ဟု ၎င်းက ပြောသည်။

လက်ရှိ ပင်လယ်ပြင် အတွင်းတွင် ရောက်ရှိနေသော လှေစီးဒုက္ခသည် စုစုပေါင်း ကိုးထောင်ခန့်ရှိမည်ဟု ပြည်ပနိုင်ငံများက ခန့်မှန်းထားရှိပြီး မြန်မာနိုင်ငံတွင်လည်း ကယ်ဆယ်ရရှိထားသော လှေစီးဒုက္ခသည်တစ်ထောင်ကျော်ရှိသွားပြီ ဖြစ်သည်။

၎င်းတို့ထဲမှ ခုနစ်ရာကျော်ကို ရခိုင်ပြည်နယ်၊ မောင်တောခရိုင် တောင်ပြို (လက်ဝဲ) မြို့အနီး မိုင်တိုင် ၁၇ စခန်းတွင် ယာယီ ထိန်းသိမ်းထားရှိပြီး ၎င်းတို့ကို သက်ဆိုင်ရာ မိခင်နိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်း ပို့ဆောင်နိုင်ရန် အစိုးရက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# အင်ဒို တရားရုံးတွင် သက်သေထွက်ဆို နေရ၍ ရေလုပ်သားတစ်ရာကျော် ပြန်မည့်ရက် ရွှေ့ဆိုင်း

ရဲလွင်
ရန်ကုန်၊ ဇွန် ၈

အင်ဒိုနီးရှားနိုင်ငံ တရားရုံးတွင်သက်သေ ထွက်ဆိုနေရသောကြောင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရန်ကျန်ရှိနေသော မြန်မာရွှေ့ပြောင်းလုပ်သားများ သတ်မှတ်ရက်ထက် နောက်ကျပြီးမှ ရောက်ရှိမည်ဟု လူကုန်ကူးမှုတားဆီးရေး ရဲတပ်ဖွဲ့ထံမှ သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် သွားရောက်ခေါ်ဆောင်ရန် ကျန်ရှိနေသေးသော မြန်မာရွှေ့ပြောင်းလုပ်သား တစ်ရာကျော်ကို ယခုလ ၅ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည် ခေါ်ဆောင်ရန် စီစဉ်ထားခဲ့သော်လည်း ကျန်ရှိနေသည့် လုပ်သား တစ်ရာကျော်ထဲမှ ၄၇ ဦးမှာ အင်ဒိုနီးရှားနိုင်ငံတရား ရုံးတွင် ၎င်းတို့ကြုံတွေ့ခဲ့ရသည့် ဖမ်းဆီးအကျဉ်းချခံရသော လုပ်သားများ အမှုအတွက် တရားရုံးသက်သေအဖြစ် ထွက်ဆိုနေရသောကြောင့် သတ်မှတ်ရက်အတွင်း ရောက်ရှိနိုင်မည် မဟုတ်ကြောင်း မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးရေး ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး သက်နောင်က ပြောသည်။

"လက်ရှိဟိုမှာ ကျန်နေတာ တစ်ရာကျော် ကျန်သေးတယ်။ သူတို့ရဲ့ ထွက်ဆိုမှုတွေ မပြီးပြတ်သေးတော့ သွားခေါ်မယ့်ရက်ကို ရွှေ့လိုက်ရတယ်။ အခုတစ်ပတ်အတွင်းတော့ ကျန်ရှိနေတဲ့သူတွေ အားလုံး ပြန်ရောက်မှာပါ" ဟု ၎င်းက ဆိုသည်။

လက်ရှိတွင် အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော လုပ်သား လေးရာကျော်ရှိပြီဖြစ်ပြီး ၎င်းတို့အား မြန်မာနိုင်ငံမှ တစ်ဦးလျှင်ထောက်ပံ့ငွေကျပ်တစ်သိန်းစီပေးအပ်၍ မူလနေထိုင်ရာ နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးလျက် ရှိကြောင်းလည်း သိရသည်။

ပြန်လည် ရောက်ရှိလာသော ရေလုပ်သားများအင်ဒိုနီးရှား နိုင်ငံသို့ လူကုန်ကူးခံရခြင်းနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်ရန် စစ်ဆေးခဲ့သော်လည်း လက်ရှိအချိန်ထိ ပြည်ပအလုပ်အကိုင် ဆိုင်ရာ ဥပဒေဖြင့် အမှုတစ်မှုသာ ဖွင့်နိုင်သေးကြောင်း လူကုန်ကူးမှုတားဆီးရေး ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်မှုများ အရ သိရသည်။

# အွန်လိုင်းမှ အလုပ်ရှာသူများတွင် အင်ဂျင်နီယာအများဆုံး ဖြစ်နေ

*PN -042*
ရန်ကုန်၊ ဇွန် ၈

အွန်လိုင်းမှ အလုပ်အကိုင် ရှာဖွေသူများတွင် အင်ဂျင်နီယာ လုပ်ငန်းဖြင့်အလုပ်ရှာဖွေသူ အများဆုံး ဖြစ်နေကြောင်း Work.com.mm ၏ စစ်တမ်းအရ သိရသည်။

မြန်မာနိုင်ငံ အလုပ်အကိုင် ရှာဖွေရေးဈေးကွက်၏ ဦးဆောင် ဝက်ဆိုက်တစ်ခုဖြစ်သော Work.com.mm သည် အဆိုပါစစ်တမ်းကို ဝက်ဘ်ဆိုက်တွင်အလုပ်လာရောက် လျှောက်ထားသူများ ပေါ်တွင် အခြေခံကာ ကောက်ယူထားခြင်း ဖြစ်ပြီး အလုပ်ရှာဖွေသူများ အတွက် အခွင့်အလမ်းများ ပိုမိုရရှိစေရန် ရည်ရွယ်သည်ဟု သိရသည်။

အွန်လိုင်းမှ အလုပ်ရှာဖွေသူ ဦးရေ တစ်လလျှင် အနည်းဆုံး တစ်သောင်းခွဲ ဝန်းကျင်ခန့်ရှိနေပြီး အင်ဂျင်နီယာလုပ်ငန်း၏ နောက် Account ဖြင့် လျှောက်ထားသူသည် ဒုတိယအများဆုံး၊ Sale and Marketing လျှောက်ထားသူသည် တတိယအများဆုံးဖြစ်ကြောင်း အဆိုပါဝက်ဘ်ဆိုက်မှ ထုတ်ပြန်ချက်အရသိရသည်။

"အဓိက ကတော့ အင်ဂျင်နီယာကျောင်းဆင်းတွေက များပြီး လက်ရှိရှိနေတဲ့ အလုပ်တွေက လောက်ငမှုမရှိတာကြောင့်လို့ ထင်တယ်"ဟု အင်ဂျင်နီယာလျှောက်ထားမှုများလာသည့်အပေါ် Work.com.mmမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အလုပ်ရှာဖွေသူများတွင် အင်ဂျင်နီယာများနေသော်လည်း အလုပ်အကိုင်အခွင့်အလမ်းများတွင်Sale and Marketing တို့ကို ခေါ်ယူမှု အများဆုံးဖြစ်ပြီး အဆောက်အအုံလုပ်ငန်းကဏ္ဍသည် ဒုတိယ၊ IT နှင့် Software ပိုင်းသည် တတိယ အများဆုံး ဖြစ်နေသည်ဟု သိရသည်။ ယခင်က အလုပ်လျှောက်ထားသူများတွင် Sales and Marketing လျှောက်ထားသူ အများဆုံးဖြစ်ပြီး ၂၀၁၅ နှစ်ဆန်းပိုင်းမှ စ၍ အင်ဂျင်နီယာအလုပ်ကို လျှောက်သူ များလာကြောင်း သိရသည်။



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ လက်ရှိတွင် ထုတ်ပြန်နေသော ၂၀၁၅ ရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းများထဲတွင် အလွဲအမှားများ ပါဝင်နေသည်။ နာမည်ထပ်နေခြင်း၊ မပါခြင်း၊ သေသူအမည်ပါနေခြင်း၊ အသက်မပြည့်သေးသူပါနေခြင်း စသည်တို့ ဖြစ်သည်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကတော့ ကော်မရှင်ထံသို့ ယင်းကိစ္စနှင့်ပတ်သက်ကာ ကန့်ကွက်ခြင်းတို့ လုပ်ဆောင်နေသည်။ ယင်းအပြင် အမျိုးသားဒီမိုကရေစီပါတီသစ်မှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကလည်း မဲစာရင်းတွင် ၎င်းအမည်ပါမလာသည့်အပေါ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ထံ တင်ပြထားကြောင်း သတင်းရရှိထားသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ အမည်စာရင်းတွင် ပါမလာသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။



# အဓိက အမှားကတော့ ရွေးကောက်ပွဲ ကော်မရှင်ပါပဲ။ သူက မှန် မမှန် စိစစ်ရမှာ။ မစိစစ်ဘဲ ထုတ်ပြန်လိုက်တယ်။ ဒါ့ကြောင့် အားနည်းချက်တွေ၊ ဝေဖန်စရာတွေ ဖြစ်ကုန်တော့တယ်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နှင့် တွေ့ဆုံမေးမြန်းခြင်း

## မင်းသုအောင် မေးမြန်းသည်။

**သဃ်န်းကျွန်းမြို့နယ် မဲစာရင်းမှာ ဦးကျော်အမည်မပါလာလို့ ရွေးကောက်ပွဲ ကော်မရှင်ကို တင်ပြထားတယ်လို့သိရပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ပြောပြပေးပါဗျာ။**

ကော်မရှင်ကနေ မဲဆန္ဒရှင် ပြည်သူစာရင်းကို ထုတ်ပြန်တဲ့အခါမှာကျွန်တော့်ရဲ့အမည် ပါမလာတာကို ကိုယ်တိုင်တွေ့ခဲ့ရပါတယ်။ ဘာ့ကြောင့် ဒီလိုဖြစ်တာလဲဆိုတာ ဆန်းစစ်လိုက်တော့ ဆောင်ရွက်မှုတွေဟာအားနည်းနေတာကို တွေ့လိုက်ရပါတယ်။ ဒီအတွက် ဖြေရှင်းပေးဖို့အကြောင်း ကြားလိုက်တာပါ။

**အမှားအယွင်းတွေ ဖြစ်နေတဲ့အပေါ် ဘယ်လို ကောက်ချက်ချချင်ပါသလဲ။**

၂၀၁၄ သန်းခေါင်စာရင်းက အိမ်ထောင်စု သန်းခေါင်စာရင်းတွေကို အခြေပြုပြီးရယူလိုက်တယ်လို့သိရပါတယ်။ မနှစ်ကကောက်ခဲ့တာ ဆိုတော့ တစ်နှစ်ကျော်သွားပြီလေဗျာ။ ဒါကို အတည်ပြုလိုက်တော့ အမှားအယွင်းတွေ ဖြစ်ကုန်တော့တာပါပဲ။ အဓိက အမှားကတော့ ရွေးကောက်ပွဲ ကော်မရှင်ပါပဲ။ သူက မှန်မမှန်စိစစ်ရမှာ။မစိစစ်ပဲ ထုတ်ပြန်လိုက်တယ်။ ဒါ့ကြောင့်အားနည်းချက်တွေ၊ ဝေဖန်စရာတွေ ဖြစ်ကုန်တော့တယ်။ကျွန်တော့် အသက်ဆို ၇၀ ကျော်ပြီ။ ရွေးကောက်ပွဲတိုင်းမှာ မဲပေးနိုင်ခဲ့တယ်။ ၂၀၁၀ တုန်းကတောင် ညှိစာရင်းနဲ့ မဲပေးခဲ့တယ်ဗျာ။ ခုနောက်ဆုံး သန်းခေါင်စာရင်းရှိပြီးခါမှ မပါလာခဲ့တာကို ကြည့်လိုက်ရင် ကော်မရှင်ဘက်က အားနည်းမှုတွေ ရှိတယ်ဆိုတာ အထင်အရှားဖြစ်နေပြီ။ လ. ဝ. က က ပေးတဲ့စာရင်းကို ဒီအတိုင်းလုပ်စရာ မလိုဘူးလေ။ ကော်မရှင်မှာ သူ့အဆင့် ဆင့်အဖွဲ့တွေ ရှိတာပဲ။ လိုက်စစ်ရမှာ ပေါ့။ ခုဟာက ရေသာခိုတဲ့သူတွေရှိလို့ ဖြစ်တာပဲ။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ကိုယ်တိုင်ပြောထားတဲ့စကား ရှိထားပါတယ်။ အဲဒါက ရွေးကောက်ပွဲ တရားမျှတမှု ရှိအောင် လုပ်ပေးမယ်တဲ့။ ခုလို မဲစာရင်းတွေ အလွဲလွဲအချော်ချော်ဖြစ်နေရင် ဘယ်လိုယုံရတော့မှာလဲဗျာ။

**ရွေးကောက်ပွဲ ကော်မရှင်ဘက်က ပြောထားတာ ရှိပါတယ်။မဲစာရင်းတွေကို သွားကြည့်ပေးပါ။ မပါရင် ပြောပါ။ ပုံစံ ၃ နဲ့ဖြည့်ပြီး လျှောက်နိုင်တယ်။ ဦးကျော်ရော လုပ်ပြီးပြီလား။**

အမှန်ကကော်မရှင်ကအလုပ်လုပ်ရမယ်။ လူထုကလိုက်လုပ်နေရမှာမဟုတ်ဘူး။ ခုက လူထုက လိုက်လုပ်နေရမယ့်ပုံ ပေါက်နေတယ်။ ဒါမဖြစ်သင့်ဘူး။ ကျွန်တော်ကတော့ဆောင်ရွက်ပြီးပါပြီ။ အမှန်က လုပ်စရာကိုမလိုအောင် ကော်မရှင်က လိုက်လုပ်ပေးရမယ်။ နောက်တစ်ခုက လိုနေတဲ့အချက်ကိုလည်းထည့်ပြောချင်တယ်။ ရက်ပေါင်း ၁၈၀ ကျော်အောင် နေရာတစ်နေရာမှာနေရင် သက်ဆိုင်ရာကနေ ပုံစံယူပြီး မဲစာရင်းထဲပါအောင် လုပ်လို့ရတယ် ဆိုတဲ့အချက်ပဲ။ ဒါဆိုရင်တော့ ရောဝတီကနေ၊ ရန်ကုန်ကနေ ဖားကန့်မှာ ၃ လကျော်လောက်က အလုပ်လုပ်နေတဲ့သူတွေ မဲပေးလို့မရတော့ဘူး။ သူတို့က ဖားကန့်ကနေ နေရပ်ကို လာပေးကြတော့မှာမဟုတ်ဘူး။ ဒါဆိုရင်လည်း မဲကနစ်နာတယ်။ ရွှေ့ပြောင်းလုပ်သားတွေက နည်းတာမှ မဟုတ်တာကိုး။ ဒီအချက်လည်းပြောချင်တယ်။

**ကော်မရှင် အဖွဲ့ဝင်အချို့ကတော့ မဲဆန္ဒရှင်စာရင်း မှားယွင်းမှုတွေဟာကွန်ပျူတာစနစ်ချို့ယွင်းမှုတွေကြောင့်လို့ အကြောင်းပြချက် ပေးနေပါတယ်။ ဦးကျော်ဘက်ကရော ဘာပြောချင်ပါသလဲ။**

ဒါအဖြေအစစ် မဟုတ်ဘူး။ မှားတယ်ဆို ဖြေတဲ့သူကို ပြန်မေးချင်တယ်။ အကြောင်းအရာပဲမှားရမှာပေါ့။ ခုဟာက အမှားတွေ အများကြီးပဲ။ ဟုတ်ပြီ မှားတယ်ဆို မစစ်လို့ပဲ။ထပ်စစ်လေ။ ပြီးမှထုတ်ပြန်ပေါ့။ ကျွန်တော်တို့ရဲ့ သဃ်န်းကျွန်း ကြီးပွားရေးရပ်ကွက်က အကြောင်းအရာတစ်ခုကို ဒီမှာထည့်ပြောချင်တယ်။ မဲလုံးဝ ပေးခွင့်မရှိတဲ့ ၇ နှစ်သားလေးက မဲစာရင်းမှာပါလာတယ်။ ဒါလည်း မှားတာပဲလား။ သူတို့တွေ စစ်ကြလေ။

**ရွေးကောက်ပွဲ ကော်မရှင်ဘက်က ဒီစာရင်းတွေထုတ်ပြန်ဖို့ကို တော်တော် လေးအချိန်ယူ ပြင်ဆင်ခဲ့တယ်။ ကျွန်တော်တို့ ဒီအတိုင်းပဲ သိထားပါတယ်။နောက်ပြီး ကျွန်တော်တို့နိုင်ငံက ကိန်းဂဏန်းတွေနဲ့ ပတ်သက်ပြီး ထောက်ပြစရာက ရှိနေတော့ ဒါဟာလုပ်ယူတဲ့အမှား တစ်ခု မဟုတ်ဘူးလို့လည်း တချို့ကပြောနေပြန်တယ်။ ဦးကျော်ဘက်ကရောခင်ဗျ။**

အရင်တပ်မတော်ခေါင်းဆောင်အချို့ရဲ့ စကားကို ယူပြောချင်ပါတယ်။ အဲဒါကဘာလဲဆိုရင် အိမ်တစ်အိမ်က မီးချောင်းတစ်ချောင်းကိုလျှော့ထွန်းလိုက်တာနဲ့ ဧရာဝတီတံတားတစ်စင်းထိုးလို့ရတယ် ဆိုတဲ့ စကားပါပဲ။ ဒီတော့ဗျာ။ ကော်မရှင်ရဲ့ အသုံးစရိတ်ကိုကြည့်ပါ။ ခုခေတ်က ပွင့်လင်းနေတာပဲ။ ယူထားတာနဲ့ တန်အောင် လုပ်ရဲ့လား။နည်းတဲ့ပိုက်ဆံတွေမှ မဟုတ်တာ။ လုပ်လိုက်တဲ့ပွဲတွေ ဟိုတယ်တွေမှာပဲ နည်းမှမနည်းပဲ။ အဖြေတွေထွက်ရဲ့လား။ လူထုစိတ်ချမ်းသာရလား။ ခုပဲကြည့်ပါ။ တစ်အိမ်တက်ဆင်းလုပ်ရင် လုပ်ရပါလိမ့်မယ်။ ဒါမှမှားလည်းမှားဗျာ။ တချို့အိမ်တွေဆို တစ်အိမ်လုံးကို မှားတာ။ တစ်ရွာလုံးနီးပါးမှားတာတွေတောင်ရှိတယ်။ ကျွန်တော်သိထားတာကို ပြောပြရရင် တစ်အိမ်တည်းမှားတာမဟုတ်ဘူး၊ တစ်ရပ်ကွက်တည်းလည်း မဟုတ်၊ တစ်ရွာလည်း မဟုတ်ဘူး၊ တစ်မြို့တည်းလည်း မဟုတ်ဘူး။ မမှားတဲ့သူတွေတော့ ရှိတယ်ဗျ။ ကြံ့ခိုင်ရေးပါတီဝင်တွေကတော့ ပါတယ်ဗျာ။ ဒါကကျွန်တော့်ဆီကို ရပ်ကွက်တွေက ပြောပြလို့သိရတယ်။ ဆက်ပြောချင်တာက ထန်းတပင်မှာဆိုလည်း အမှားတွေ များနေတယ်။ လေးထောင့်ကန်မှာလည်း အမှားတွေ ရှိနေတယ်။ ဒါဟာလာမယ့် ၂၀၁၅ အပေါ် လူထုကအမြင်ကို မှားနိုင်တယ်။ မှားစေတဲ့ အမှားတွေရှိနေလို့ မှားတာ။ လူထုက အမှားတွေလုပ်နေတာ မဟုတ်ဘူး။

**ရွေးကောက်ပွဲ ကော်မရှင်အပေါ် ဦးကျော်အနေနဲ့ အကြံပြုချင်တာ မျိုးရော ရှိပါသလား။**

ခုလက်ရှိ ကြေညာနေတဲ့အပေါ် ရပ်ဆိုင်းထားပေးပါလို့ပဲ ပြောချင် တယ်။ ရပ်ကွက်တစ်ခုမှာ ကော်မရှင်က ရှိပါတယ်။ သူတို့က ရပ်ကွက်ကိုဆင်းပြီး လိုက်လုပ်ရမယ်။မလုပ်လို့ ခုပြဿနာဖြစ်နေတာ။ လမ်းတိုင်း လိုက်စစ်ပြီး မှန်ကန်မှ ဆက်ထုတ်ပြန်စေချင်ပါတယ်။

■

စာမျက်နှာ ၁၆ ' တီဗီအသံပိတ်ပါ မြန်မာပွဲလာနေသည်'မှအဆက်

. . .

"ဘက်လိုက်တယ်မဖြစ်အောင် သတိထားရတယ်။ ကျွန်တော်တို့က ဝါသနာ အရင်းခံတာဆိုတော့ ကောင်းအောင်ကွန့်တာတို့ လုပ်ချင်ပေမယ့်အခက်အခဲတွေ ရှိနေပါတယ်"ဟုကိုမြတ်သူရကပြောသည်။

သို့ရာတွင် ပရိသတ်ကတော့ ဝန်ဆောင်မှု စားသုံးသူ ဖြစ်၍ အကောင်းကိုသာ တောင့်တမည်။ တန်ရာတန်ကြေးဝန်ဆောင်ခပေးမည်။ ဝန်ဆောင်မှုကောင်းလျှင် ချီးမွမ်းမည်။မကောင်းလျှင်ဆဲမည်။ ရွေးချယ်စရာ မရှိသေး၍ အောင့်အီးသည်းခံ သုံးစွဲနေရလျှင်ပင် ဝန်ဆောင်မှုမကောင်းလျှင် မေတ္တာပို့တာတော့ ခံရမည်။ ယင်းက သဘာဝပင် ဖြစ်သည်။

ယင်း သဘောတရားအရ မြန်မာပရိသတ်တို့ ရွေးစရာ မရှိသေး၍သာ ထုတ်လွှင့်သမျှ ပွဲစဉ်တို့ကို အောင့်အည်းသည်းခံ ကြည့်ရှုနေကြသော်လည်း မေတ္တာတော့ ပို့ကြသည်။ ဩဘာပေးကြသည်။

ဝါရင့် အားကစား ကလောင်ရှင် ဦးခင်မောင်ထွေး (ပျဉ်းမနား)က နောက်ခံ စကားပြောဆိုသူများအနေဖြင့် ဘောလုံးဥပဒေများနှင့် ဘောလုံးအကြောင်းကျွမ်းကျင်စွာ သိရှိသည့် လက်ရွေးစင်ဟောင်းများနှင့်လည်း ဆွေးနွေးမှုများ ပြုလုပ်သင့်ပြီးလေ့လာမှုအများအပြားပြုလုပ်သင့်ကြောင်း မှတ်ချက်ပြုပြောသည်။

"ပိုအရေးပါတာ တစ်ခုက ကြေညာဟန်ပဲ။ ပရိသတ်ကို လှုံ့ဆော်နိုင်ဖို့က အသံသေကြီးနဲ့ ပြောနေလို့ မရဘူး။ ဒါကတော့ ဒီမှာ သင်တန်းကျောင်းမရှိ ဘာမရှိ ဆိုပေမယ့် လေ့လာချင်တယ်ဆို လွယ်ပါတယ်။ ကြိုးစားနေတယ်ဆိုရင် တဖြည်းဖြည်းချင်း ကောင်းလာရမှာပေါ့" ဟု သူကဆိုသည်။

ယခင်ကရေဒီယိုမှ ဘောလုံးပွဲကြေညာသူတို့က ပွဲမြင်ကွင်းကို ရုပ်လုံး ပေါ်လွင်လာအောင်နှင့် ပွဲစဉ်အတွင်း ကစားပုံကို မြင်သာလာစေရန်အတွက်သာမက စိတ်တက်ကြွအောင် ကြေညာနိုင်သည်များရှိခဲ့ရာရေဒီယိုနှင့်ရုပ်သံသဘောသဘာဝ မတူစေကာမူ ယင်းကဲ့သို့ ပရိသတ်ကို ဦးဆောင်နိုင်စေရန် ကြိုးစားသင့်သည်ဟု သူက အကြံပြုသည်။

**သူတို့လည်း ပရိသတ်အစွဲ ကပ်နေသည်**

ဘောလုံးရာသီအတွင်း ဆိုလျှင်သီတင်းပတ်ကုန်ရက်များတွင် နိုင်ငံတကာ အမှတ်ပေးဘောလုံးပွဲ ပွဲစဉ် ၃၀ ထက်မနည်းအတွက် နေ့ည မရှောင် ကြေညာရလေ့ရှိပြီး တစ်ခါတစ်ရံ အိပ်ရေးပျက်ပေါင်းများသောကြောင့် ကြောင်တောင်တောင် ဖြစ်သည်အထိ စိတ်လွှတ်သွားသည့်အချိန်များလည်းရှိကြောင်း ပွဲကြေညာသူအချို့က ဆိုသည်။

"တစ်နေ့တစ်ချိန်ကျရင် ပရိသတ်တွေနဲ့ ထပ်တူကျအောင် အထိ ရောက်အောင် ကျွန်တော်တို့တွေလည်း ကြိုးစားနေပါတယ်" ဟု ကိုမြတ်သူရက ပြောသည်။

မြန်မာပွဲများ ကြေညာရာတွင်တော့ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးဖြစ်သည့် အတွက် ဘက်လိုက်မှုမရှိစေရန် သတိထားနေသည့် ကြားကခံစားချက်ကြောင့်မြန်မာအသင်းကို ပိုမိုအားပေးသည့်သဘော ဖြစ်သွားတတ်ကြောင်း ဘောလုံးပွဲပရိသတ်များကြား နာမည်ကြီးနေသော ဘောလုံးပွဲ ကြေညာတင်ဆက်သူ ကိုသစ္စာက ဆိုသည်။

"မြန်မာအသင်းကို ကြေညာရတော့ ဂုဏ်လည်းယူတယ်၊ တစ်ခါတလေလည်း အီမိုးရှင်း ပါတာလေးတွေလည်းရှိတာပေါ့" ဟု သူကဆိုသည်။

အများစုသော မြန်မာဘောလုံးအသင်း၏ ပွဲစဉ်များတွင် ပြီးခါနီးလာလေလေ အရှုံးတက်လာလေလေ၊ ဖြစ်တတ်ရာ ထိုအချိန်များတွင် ကိုသစ္စာပြောတတ်သည်က-

"ပရိသတ်ကြီး မလောပါနဲ့ခင်ဗျာ။ အချိန်တွေ ရှိပါသေးတယ်။ မြန်မာအသင်း ----"

ယင်းစကားသည် ပရိသတ်များအကြား ရယ်ရွှင်စရာ၊ စောဒက တက်စရာ၊ ဝေဖန်စရာ စသောစသောခေါင်းစဉ်များစွာဖြင့်ရေပန်းစားနေသော အကြောင်းအရာတစ်ခု ဖြစ်နေသည်မှာ ကာလအတန်ကြာနေခဲ့ပါပြီ။

ကိုသစ္စာကတော့ "ပရိသတ်က မလောဘူး။ ကိုသစ္စာက လောနေတာ"ဟူသောတုံ့ပြန်ဝေဖန်မှုများကို တဟားဟားရယ်ရင်း ဖြေရှင်းချက်ထုတ်ပါသည်။

"စိတ်ခံစားမှုမပါအောင် ထိန်းရင်းကကို ဖြစ်ဖြစ်သွားတာဗျ။ မြန်မာဆိုတော့ ပွဲကြေညာရင်းနဲ့ကို ကိုယ့်မြန်မာအသင်းကို အားပေးမိသွားတာပါ။ နားလည်ပေးကြဖို့ တောင်းပန်ပါတယ်" ဟု သူကဆိုသည်။

"ကျွန်တော်လည်း မြန်မာဘောလုံးပရိသတ် တစ်ယောက်ပဲလေဗျာ"

■



# အလိုက် သိသိ အကြိုက် မိမိ အဂတိ၏ သားကောင်များ

မျိုးဟိန်းထွဋ်

ရုံးလုပ်ငန်းများတွင် ဝန်ထမ်းများ၏ စိတ်ဓာတ်၌ ထဲထဲဝင်ဝင်စွဲနေသည့်၊ အသေးအမွှားဟု ဆိုနိုင်သော်လည်း ကူးစက်ရောဂါပိုးကဲ့သို့ ပျံ့နှံ့နေသည့် အရာတစ်ခုရှိနေပါသည်။ ယနေ့ခေတ်တွင် နေရာအနှံ့ အပြား၌ ခြေကုတ်ယူထားသော်လည်း စင်စစ် ယင်းရောဂါပိုးသည် ကမ္ဘာ့နေရာတိုင်းလိုလိုတွင် သမိုင်းမတင်မီခေတ်ကတည်းက တည်ရှိခဲ့ဟန်တူပါသည်။

## ခရီးဦးကြို အဝိုဆာဒါး

ရုံးလုပ်ငန်းများတွင် ညွှန်ချုပ်ကြီးရုံးသို့ ရောက်လာသည့်အခါ ၎င်း၏ ရုံးအကူက အိတ်ဆွဲ၊ ထမင်းချိုင့်ဆွဲသည်ကို ဘေးမှမြင်တွေ့သည့် အခြားဝန်ထမ်းများအနေဖြင့် သမားရိုးကျအတိုင်း ပါးစပ်က ဘာမှမပြောသည့်တိုင် စိတ်ထဲကတော့ သိပ်သဘောမတွေ့။ ကာယကံရှင် အရာရှိကြီးမှာတော့ အလိုက်သိသော တပည့်လေး၏ အပြုအမူကြောင့် တပျော်ပျော် တမော်မော်။ တပည့်ဖြစ်သူ၏ စိတ်ထဲတွင်လည်း ဆရာ့အပေါ် ကျေနပ်မှု အပြည့်အဝဖြင့် လုပ်ဆောင်ပေးခြင်းလား၊ ဆရာ၏ အဆုအပူကို ကြောက်ရွံ့၍ လုပ်ဆောင်ပေးခြင်းလားကိုတော့ တပည့်သည်သာလျှင် အသိဆုံး ဖြစ်မည်။

## နိုင်ငံရပ်ခြား သွားလျှင်လေ

နိုင်ငံတော်၏ တာဝန်ပေးအပ်ချက်အရ သက်ဆိုင်ရာဌာနလိုအပ်ချက်နှင့်အညီ နိုင်ငံခြားသို့ သွားရောက်မြင်တွေ့ခွင့်ရရှိခြင်းသည်လည်း ကာယကံရှင် ဝန်ထမ်းများအဖို့ အစဉ်ထာဝရ ဂုဏ်ယူရမည့် သိက္ခာတစ်ရပ်၊ ခံစားနေရသည်ကပီတိ၊ ရှန်းကန်နေရသည်က လက်တွေ့ဘဝ။

နိုင်ငံခြားမှ ပြန်ရောက်လာသည့် တပည့်များထံမှ ဆရာများအနေဖြင့် ရလိုစိတ်ဖြင့် မျှော်လင့်မှု မရှိသည်သာများပါသည်။ ခက်သည်က အနီးတပည့် လက်အောက်ခံဝန်ထမ်းများ မြန်မာနိုင်ငံသို့ ပြန်မရောက်မီနှင့် ပြန်ရောက်ပြီးပါက ခေါင်းထဲတွင် လုပ်ရန် ပထမဦးဆုံး ဝင်လာသည်က ဆရာ့အတွက် လက်ဆောင်။ ဆရာကလက်မခံချင်။ စေတနာစော်ကားခံရမည့် တပည့်ဖြစ်သူ၏ ဝမ်းနည်းမှုကို ကြိုတင် မျှော်တွေးရင်း လက်ဆောင်ပဏ္ဏာ လက်ခံမိလျက်သား။ တပည့်ဖြစ်သူ၏ စိတ်ထဲတွင် ကျေနပ်မှုများဖြင့် ပြုံးပျော်ရင်း နောက်တစ်ခေါက်ထပ်လာမည့် အခွင့်အရေးအတွက် အဆင်သင့်။ ဆရာ့စိတ်ထဲတွင်လည်း လာဘ်မြင်သည့် တပည့်၊ ကြီးပွားမည့်တပည့်။ ခက်သည်က နိုင်ငံခြားသို့ သွားရမည့် ရက်က နည်းနည်း၊ လက်ဆောင်က ကြီးကြီး။ မပေးပြန်ရင် နောင်အဆင်ပြေဖို့က အခက်ဆိုတော့၊ သည်တစ်ခုတော့ ကြိတ်မှိတ်ပြီး လုပ်ပေးပါမည်။ မှန်းချက်နှင့် နှမ်းထွက်မကိုက်။ ရှိစေတော့။ မီးစင်ကြည့်ကမည်။

တပည့်ဆိုသည်ကလည်း ပညာတတ်ပီပီ၊ လုပ်ချင်သည့်၊ ဖြစ်ချင်သည့်၊ ကိစ္စရပ်များအတွက် လမ်းကြောင်းပေးရင်း ဌာနဆိုင်ရာများတွင် ဆရာနှင့်တပည့်၊ ပေးသူနှင့်ယူသူ။ တစ်ဖက်တွင် အခြားသောဝန်ထမ်းများသည်လည်း ချက်ဆို နားခွက်ကမီးတောက်သည် သာမက ထမင်းအိုးပါတည်၍ ရမည့်နှယ်။ လည်လွှန်း၍ ငြိမ်နေသည့်အလား မှတ်နေသော ပန်ကာကဲ့သို့။

## အလိုက်သိ အကြိုက်မိ

တကယ်တော့ ဖော်လံဖား လုပ်သည်မှာ ဌာနများ၊ ရုံးများ၊ လုပ်ငန်းများတွင် မိမိအကျိုးလို၍ ညောင်ပင်ရေလောင်းသည့် အဖြစ်။ ခက်နေသည်က အဆင့်ဆင့်သောဆရာများ။ ဆန်းကြယ်သည်က လူ့မနော၊ ဖြစ်နေသည်က လူ့သဘာဝ ကျေနပ်တာက လူ့ပီတိ၊ သာယာတာက လူ့စိတ်ဆောင်။

တပည့်တစ်ဦးက ဆရာ့ကို လေးစားစိတ်ဖြင့် တစ်စုံတစ်ရာကို သဘောရိုးဖြင့် လုပ်ဆောင်ပေးသည်။ ဆရာက သူ့အပေါ် အနီးတပည့်က ဖော်လံဖားလုပ်သည်ဟု ခံယူမိသည့်အခါ ဖြစ်ပေါ်လာမည့် အကျိုးဆက်မှာ အပြုသဘောဆောင်မည်(သို့) အနုတ်သဘောဆောင်မည်။ ဆရာနှင့် တပည့်တို့အကြား ဆက်ဆံရေးပို၍ ကောင်းလာမည်(သို့) ပို၍ ဆိုးရွားသွားမည်။ ရှိရင်းစွဲ ဆက်ဆံရေး ဆိုသည်မှာလည်း တစ်နေ့ ငွေ၊ တစ်နေ့ရွှေ ဆိုလိုသည်မှာ ဆရာအရွှေ့ခံရလျှင် တပည့်ငုတ်တုတ်မေ့ ပြီသာမှတ်။ ဆရာများကလည်း ကိုယ့် လုပ်ဖော်ကိုင်ဖက်ရဲ့ တပည့်၊ ကိုယ့်တပည့်မဟုတ်။ အတ္တများက စွဲစွဲမြဲမြဲနေရာယူလျက်။

ဆရာတွေဘက်က ဖော်လံဖားနေတာလား၊ အလိုက်သိတတ်တာလားဆိုတာ ခွဲခြားသိရှိဖို့ လိုအပ်ပါသည်။ တစ်ဆက်တည်း တပည့်ရဲ့ စိတ်ရင်းအမှန်ကို သိရှိဖို့လည်း အရေးကြီးပါသည်။ ပြဿနာမှာ တပည့်၏ ချည်းကပ်နည်းဆိုသည်ထက် ဆရာတွေရဲ့ အမြင်မှာ မှန်ကန်ဖို့လည်း အရေးပါလှပါသည်။

## အိမ်ဝင် အိမ်ထွက် ဒီပလိုမေစီ

> အိမ်ဝင်အိမ်ထွက်
> ဒီပလိုမေစီ
> ဖွံ့ဖြိုးလာလေလေ
> လူ့အရည်အသွေး
> ကျဆင်းလာလေလေဖြစ်ပြီး
> တိုက်ရိုက်အချိုးကျသည်ကို
> တွေ့မြင်ရပါမည်။
> အိမ်ဝင် အိမ်ထွက်လိုသည်
> ဆိုကတည်းက
> အကျိုးလို၍ ညောင်ပင်
> ရေလောင်းခြင်းသာတည်း။

ပုဂ္ဂလိကနှင့် အစိုးရပိုင် ဌာနများတွင် အိမ်ဝင်အိမ်ထွက် ဒီပလိုမေစီသည် ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေစွာ တအိအိဖြင့် ရှင်သန် ဖွံ့ဖြိုးလျက် ရှိနေပါသည်၊ ကြိုဆိုရမည်လား၊ ဆန့်ကျင်ရမည်လား၊ ဖြတ်တောက်ရမည်လား။ ရေရှည်အကျိုးကို မျှော်တွေး ကြည့်၍ အကောင်းအဆိုး အကျိုးအပြစ် တွက်ချက်ကာ အသင့်တော်ဆုံး ယဉ်ကျေးမှုတစ်ခု ပျိုးထောင်ရပါမည်။

အိမ်ဝင်အိမ်ထွက် ဒီပလိုမေစီ ဖွံ့ဖြိုးလာလေလေ လူ့အရည်အသွေးကျဆင်းလာလေလေဖြစ်ပြီး တိုက်ရိုက်အချိုးကျသည်ကို တွေ့မြင်ရပါမည်၊ အိမ်ဝင် အိမ်ထွက်လိုသည်ဆိုကတည်းက အကျိုးလို၍ ညောင်ပင် ရေလောင်းခြင်း သာတည်း။

ဆရာသမားများသည် ရုံးပိတ်ရက်များတွင် အိမ်သို့ တပည့်များ လာရောက်နေသည့်အပေါ် သဘောရိုး၊ အမြင်မှန်မှန်ဖြင့် လာရောက်မည့်အစား အခြား အကျိုးရှိသော အလုပ်များလုပ်ဆောင်ရန် တပည့်များကို လမ်းညွှန်သင့်ပါသည်။ ထိုသို့ ဆောင်ရွက်ရာ၌ သင်တန်းများတက်ရောက်ရန်၊ မိသားစုနှင့် ရုံးပိတ်ရက်တွင် အတူတကွနေထိုင်ရန် စသည်ဖြင့် အကြံပြုသင့်ပါသည်။ ထိုသို့ အိမ်ဝင် အိမ်ထွက်များ ပြုလုပ်ရာတွင် အိမ်ရှင်အနေဖြင့် အကျိုးသက်ရောက်မှု မရှိသကဲ့သို့ ဧည့်သည်များအတွက်လည်း ပြောပလောက်သည့် အကျိုးဖြစ်ထွန်းမှု မရှိသည်ကို တွေ့မြင်နေရပါသည်။

သို့လင့်ကစား လူမျိုးဆက်များ တစ်ခုမှတစ်ခုသို့ စဉ်ဆက်မပြတ် ပြောင်းလဲသွားသော်လည်း အိမ်ဝင်အိမ်ထွက် ဒီပလိုမေစီမှာ စီးဆင်းရှင်သန်မြဲဖြစ်နေမည့် အရိပ်အယောင်များက အထင်းသား။ ရွေးချယ်မှုများ ပြုလုပ်ရန် အခွင့်အလမ်းသာမည်ဆိုပါက အလိုက်သိတတ်မှု၊ အကင်းပါးမှုနှင့် လာဘ်မြင်မှုတို့ကို သဘောရိုးဖြင့် မှန်ကန်စွာ ရွေးချယ်သင့်သည်ဟု ထင်မြင်မိပါသည်။

## အထက်ကဖိ အောက်ကအိ ညှော်-အဂတိ

ဌာနကြီးတစ်ခုက အကြီးတန်းအရာရှိကြီးတစ်ဦး နိုင်ငံခြားသွားဖို့ ကိစ္စတစ်ခုပေါ်လာသည်။ စေလွှတ်သူကို ရွေးရမည်က သူ့တာဝန်။ သူမလုပ်ချင်။ အပေါ်က ဖိအားက ကြီးသည်။ မတတ်နိုင်၊ သူလုပ်ရတော့သည်။ သွားမည့် နိုင်ငံက အင်အားကြီးနိုင်ငံတစ်ခု၊ ပေးအပ်မည့် ဘွဲ့က မဟာဝိဇ္ဇာ။ တက်ရမည့်နှစ်ကာလက နှစ်နှစ်ဆိုသည်ကတော့ ဘုတ်အဖွဲ့ဖြင့် ရွေးချယ်သည်ပေ့၊ ရွေးလိုက်သည့် စေလွှတ်သူ ကျောင်းတက်လို့ ကောင်းတုန်း၊ သတင်းတွေကလည်း ဝင်လာမစဲ တသဲသဲ၊ အဖြစ်ကနည်း အပျက်ကများ။ ဌာန၏ သိက္ခာကို ထိထိပါးပါးဖြစ်လာပြီ။ ဆရာသမား၏ မျက်နှာထောက်ထား၍ အလိုက်သိစွာ လုပ်ပေးလိုက်ခြင်း၏ နောက်ဆက် တွဲရလဒ်များပင်တည်း။

အကျိုးလို၍ ညောင်ပင်ရေလောင်းသည့်အခါ ရေလောင်းခံရသည့် ပုဂ္ဂိုလ်နှင့် ရေလောင်းသည့် ပုဂ္ဂိုလ်ရော နှစ်ဦးစလုံး၏ စိတ်ထဲတွင်တော့ ဖွင့်မပြောသာသော ဝန်ထုပ်ကြီးတစ်ခု တစ်ဆို့လျက်။ အလိုက်သိခြင်းလော၊ ဖော်လံဖားခြင်းလော။ အပေးအယူသဘောဆောင်သော်လည်း အပေးနှင့်အယူတို့ သဘောထားချင်း ဆုံမှတ်တစ်ခုပေါ် ထပ်တူ မကျခဲ့ပါမူ အကျိုးဆက်သည် ပြင်းထန်လှပါသည်၊ တစ်ကြိမ်အဆင်ပြေခြင်းသည် နောက်ထပ် အကြိမ်များ အဆင်ပြေမည်ဟု အာမခံနိုင်သည့် အခွင့်အရေးကြီး မဟုတ်ဆိုသည်ကို သတိချပ်သင့်ပါသည်။

■

တစ်ချိန်တစ်ခါသော ကာလက မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံတွေအကြားမှာ တန်းတူရည်တူလိုက်ခဲ့ရုံသာမက ရှေ့ကနေလည်း ပြေးခဲ့ဖူးပါသည်။

ယနေ့ကာလမှာ တိုးတက်မှုနှုန်း မြန်သောနိုင်ငံများက ကျွန်တော်တို့ နိုင်ငံကို ကျော်တက်သွားကြသည်။ တိုးတက်မှုနှုန်း တန့်နေနှေးနေခဲ့ခြင်းသည် ဟိုလူ့ကြောင့် သည်လူကြောင့်ဟူသော ဝေဖန်မှုတွေမျိုးစုံအောင် ကြားခဲ့ရပါသည်။

ကျွန်တော်ကတော့ လက်ရှိကာလမှ ရှေ့တိုးဖို့အဓိကထား၍ စဉ်းစားသင့်သည်ဟု ယုံသည်။ အတိတ်ကာလကိုလေ့လာရမည်၊ သင်ခန်းစာယူရမည်ဟူသော အတွေးကို လက်ခံပါသည်။

ပါတီစုံ ဒီမိုကရေစီ ကာလက ရွေးကောက်ပွဲတွေ ကျင်းပတိုင်း နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးသမားတွေအားပြိုင်ခဲ့ကြသည်။ စီးပွားရေးလုပ်ငန်းရှင်များက သူ့လူ၊ ကိုယ့်လူ၊ သူ့ပါတီ၊ ကိုယ့်ပါတီအားပေးကြသည်။ ပံ့ပိုးကြသည်။ ကိုယ့်လူနိုင်၍ အာဏာရမှ ကိုယ့်အတွက်အကျိုးရှိမည် မျှော်လင့်ချက်နှင့် ထောက်ပံ့ကြသည်။

ထိုအချိန်က ပုဂ္ဂလိကစီးပွားရေးအောင်မြင်သူတွေ ရှိခဲ့သည်။ မြေပေါ်မှနိုင်ငံရေးသမားချင်း၊ ပါတီချင်းဝေဖန်ကြ၊ တိုက်ခိုက်ကြသလို တောတွင်းရောက်သူများကလည်း ပက်ပက်စက်စက်ဝေဖန်သည်။ ပါးစပ်သေနတ်တွေ ပစ်ရုံသာမက တကယ့်ကျည်ဆန်တွေနှင့်လည်း ပစ်ခတ်တိုက်ခိုက်ကြသည်။ လူတွေသေကျေခဲ့ကြရသည်။

ယနေ့ သက်ကြီးရွယ်အိုတို့မှတ်မိကြပါလိမ့်မည်။ ၁၉၆၂ ခုနှစ်တွင် အစိုးရပြောင်းသည်။ လက်ဝဲလမ်းစဉ်ကို လျှောက်လှမ်းသည်။

၁၉၄၉ ခုနှစ်မှာ တရုတ်ပြည်ကြီးတွင် မော်စီတုန်းတက်လာသည်။ ချန်ကေရှိတ်တို့ အရေးနိမ့်သည်၊ ထွက်ပြေးရသည်။ မြန်မာပြည်ထဲဝင်လာပြီး ခြေကုတ်ယူကြသေးသည်။

၁၉၄၈-၄၉ ကာလမှာ မြန်မာတစ်ပြည်လုံး ဆီပူအိုးကြီးထဲ လက်ပစ်ကူးနေခဲ့ရသည်။ တစ်ပြည်လုံးရှိ သောင်းကျန်းမှုမျိုးစုံကို ချေမှုန်းနေရသော အစိုးရက ပုဂ္ဂလိက စီးပွားရေးကို အားပေးထားခဲ့သည်။

ဦးနုအစိုးရကို ကမ္ဘာက ရန်ကုန်မြို့အစိုးရဟု ခေါ်ဝေါ်ကဲ့ရဲ့ခဲ့ကြသည်။ အင်းစိန်မြို့ကြီး ကေအင်ဒီအိုလက်ထဲကျခဲ့သည်။ ပြည်နှင့် တောင်ငူရှိ ကရင်တပ်ရင်းတို့ တောခိုသည်။ ကွန်မြူနစ်ဝါဒ ယုံကြည်သော တပ်မတော်သား အချို့တောခိုသည်။ ကချင်တပ်ရင်း တောခိုသည်။ ၁၄ နှစ်ကြာသည်။ စီးပွားရေး သိသိသာသာမတိုးတက်ခဲ့။

၁၉၆၂ ခုနှစ်တွင် အစိုးရပြောင်းသည်။ ဝါဒသဘောထားပြောင်းသည်။ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ လမ်းစဉ်ပါတီ အစိုးရတာဝန်ယူသည်။ ၁၉၇၄ ခုနှစ်တွင် ပြည်သူ့ကောင်စီ အဆင့်ဆင့်ပုံစံပြောင်းသည်။ မူဝါဒမပြောင်း၊ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို စွဲကိုင်ထားသည်။



# အုတ်ချပ်များစွာအတွက် သဲတစ်ပွင့်

မောင်ဆွေသက်

၁၉၇၅ ခုနှစ်တွင် တရုတ်ပြည်ကြီးက စီးပွားရေးပုံစံပြောင်းသည်။ နိုင်ငံရေး အဆောက်အအုံမပြောင်း၊ ကွန်မြူနစ်ဝါဒမှ မပြောင်း၊ တရုတ်ပြည်ကြီးမှာ ပြည်တွင်းသောင်းကျန်းမှုမရှိ။

၁၉၈၈ ခုနှစ်တွင် မြန်မာပြည် အစိုးရပြောင်းသည်။ တံခါးဖွင့် စီးပွားရေးစနစ်ကျင့်သုံးသည်။ အောင်မြင်သည်ဟု မဆိုသာ၊ ပြောင်းလဲမှု တိုးတက်မှုတော့ ရှိသည်ကို လက်ခံရမည်။

**Mr Chalom Chai လို စေတနာနှင့် ဘုရားတစ်ဆူ ကျောင်းတစ်ဆောင် ဆောက်ကြမည်ဆိုပါလျှင် ခရီးသည်တွေ လာမည်။ ကိုယ့်စီးပွားအတွက် ကိုယ့်ကုမ္ပဏီမှာ အလုပ်လုပ်သူတွေကို စောင့်ရှောက်သလို ကိုယ့်ဒေသက ရပ်ဆွေရပ်မျိုးတွေအတွက် စီးပွားတွေ ဖြစ်ထွန်းစေပါမည် ...**

၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပသည်။ သမ္မတကြီးဦးသိန်းစိန်အစိုးရ တက်လာသည်။ ဒီမိုကရေစီ အစိုးရဟု ကြွေးကြော်သည်။ ဝေဖန်မှုတွေ စီစီညံနေသည်။

နိုင်ငံရေး စနစ်၊ စီးပွားရေးစနစ်ပြောင်းခြင်းသည် နေ့ချင်းညချင်းပီပြင်စွာ အောင်မြင်မှု မရနိုင်ကြောင်း ကမ္ဘာက သိပါသည်။

၁၉၈၈ ခုနှစ် နောက်ပိုင်းမှာလူအချို့ စီးပွားရေးလုပ်ငန်း အောင်မြင်ကြသည်။ ထိုအောင်မြင်သူတို့ကို မကျေနိုင်ပြုလှုပ်ရှားနေသူတွေ၊ စားဝတ်နေရေး ပြေလည်လာသည်ကို ဝမ်းသာရပါမည်။ ရှိရှိသမျှလူဦးရေ ၅၁ သန်း တန်းတူရည်တူ ချမ်းသာကြဖို့တော့ မည်သည့် အစိုးရမှ လုပ်နိုင်မည် မဟုတ်။

သမ္မတကြီး ဦးသိန်းစိန်ကို အားမရသူတွေ ရှိသည်။ အစိုးရအဖွဲ့ကို ကိုယ်တိုင်ခေါင်းဆောင်၍ခြေစွမ်းပြလိုသူတွေလည်း ရှိနေကြသည်။ လူတွေကလည်း သိနေကြပါသည်။

ဒီမိုကရေစီ အစိုးရဆိုတာ ပထမငါးနှစ်မှာ အခြေခံအုတ်မြစ်ချရမည်။ ဒုတိယငါးနှစ်မှာ အရှိန်ယူရမည်။ အောင်မြင်မှုအချို့ ရမည်။ တတိယငါးနှစ်မှာ အကျိုးသက်ရောက်မှု ရှိမည်။ ချက်ချင်းကြီး လောကနိဗ္ဗာန်မဆောက်နိုင်။

ယနေ့ ချမ်းသာနေသူတွေ၊ ကြွယ်ဝနေသူတွေရှိသည်၊ ရာဂဏန်းမျှသာဖြစ်သည်။ ထိုသူတွေ ထိုသူဌေးတွေ ကိုယ့်မိသားစု ကိုယ့်ဆွေမျိုးစု၊ ကိုယ့်ဆရာသမားတွေ၊ ကိုယ့်ကျေးဇူးရှင်တွေ အတွက်ချည်း မကြည့်ဘဲ နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းမှ ကူပါဟု တိုက်တွန်းလိုပါသည်။ အစိုးရဘက်ကိုချည်း အားမကိုးဘဲ ကိုယ့်အင်ကိုယ်အားနှင့် ကူကြပါဟု ချမ်းသာသူတွေကို တိုက်တွန်းလိုစိတ်တွေ ပြင်းပြနေဆဲမှာ လေ့လာခွင့်ပေါ်လာသည်။

သည်လိုအခြေအနေမှာ ကျွန်တော်ခရီးထွက်ဖြစ်ခဲ့ပါသည်။ စစ်တက္ကသိုလ်အပတ်စဉ် ၁၆ မှ သင်တန်းဆင်းအရာရှိကြီးများ အသက် ၆၀ ပြည့်ကြပြီ။ သံအမတ်ကြီး(ငြိမ်း) ဦးတင်ဝင်း၏စီစဉ်မှုနှင့် သူတို့သူငယ်ချင်းတစ်သိုက် တာချီလိတ်သို့ ခရီးထွက်မည်။ ထိုင်းနိုင်ငံ ချင်းရိုင်မြို့သို့လည်းသွားမည်။ ဂေါက်သီးကစားကြမည်ဟု ဆိုသည်။

အသက် ၆၀ ကျော်ပြီးစ သူတို့ဖိတ်ကြားချက်အရ အသက် ၈၀ အရွယ် ကျွန်တော်နှင့် ၇၅ နှစ် ရှိ ဦးသိန်းမြင့် (သံအမတ်ကြီး -ငြိမ်း) တို့ လိုက်ပါဖြစ်ခဲ့ကြသည်။ ၂၀၁၅ မေလ ၂၅ ရက်။

ဗိုလ်လောင်း ဘဝက တပ်ခွဲမှူးအဖြစ် ချစ်ကြောက်ရိုသေခဲ့ကြသော တပ်ခွဲမှူး (ဦးသိန်းမြင့်)ကို လေးစားချစ်ခင်ကြဆဲ ဖြစ်သလို ကျွန်တော့်ကိုတော့ သက်ကြီးရွယ်အို တစ်ယောက်အဖြစ် ဆက်ဆံကြသည်။

တာချီလိတ် ဒေသတာဝန်ခံ ဦးဘိုလေးသည် နှစ်နိုင်ငံ မြို့နယ်နယ်ခြားကော်မတီ (R.B.C) တွင် နှစ်ပေါင်းနှစ်ဆယ်ကျော် အစိတ်တာဝန်ယူခဲ့သူဖြစ်၍ တစ်ဖက်နိုင်ငံတွင်လည်း မိတ်ဆွေပေါသည်။ ဦးဘိုလေး စီစဉ်ပေးချက်အရ ကျွန်တော်တို့ ဆယ်ဦး တာချီလိတ် Regina ဟိုတယ်တွင်တည်းသည်။ ဂေါက်သီးကစားသည်။ မေ လ ၂၆ ရက်နေ့တွင် မြန်မာလာအိုချစ်ကြည်ရေးတံတားကို သွား ရောက်လေ့လာကြသည်။ ၂၇ ရက်နေ့တွင် တစ်ဖက်နိုင်ငံ ချင်းရိုင်မြို့သို့ ကူးသည်။ Sauti Buri ဂေါက်ကွင်းတွင် ဂေါက်သီးကစားကြသည်။

နံနက်စောစော မကစားဘဲ ၁၀ နာရီမှစ၍ ကစားကြသည်။ ထူးခြားစွာ အပူများသော ရာသီဥတုကို အန်တုလျက် ကစားခဲ့ကြရာ ညနေ ၃ နာရီခွဲမှ ကစား၍ ပြီးသည်။ ညနေပိုင်းတွင် ဦးဘိုလေး စီစဉ်ပေးချက်အရ 'ဘုရားဖြူ'သို့ ရောက်ခဲ့ရသည်။

နာမည်ကြီးရှေးဟောင်းဘုရားမဟုတ်၊ ထူးခြားသော ဌာပနာမရှိ။ ၁၉၈၆ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ထိုင်းနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ကျွန်တော် မကြားဖူး။ ယခု ဆယ်နှစ်တာ ကာလအတွင်းမှာ ထင်ရှားကျော်ကြားလာသည်ဟု ဆိုသည်။

ချင်းမိုင်၊ ချင်းရိုင်ဒေသသို့ ရောက်လာကြသော ကမ္ဘာလှည့်ခရီးသည် တိုင်းလိုလို ရောက်လာကြသည်။ လေ့လာကြသည်။ ဓာတ်ပုံတွေ ဗီဒီယိုမှတ်တမ်းတွေ ရိုက်ကြသည်ဟု ဆိုသည်။

ကျွန်တော်ကိုယ်တိုင်လည်း ညနေစောင်း နေမဝင်မီ ဓာတ်ပုံတွေအများအပြား ရိုက်လိုက်မိပါတော့သည်။

ဒေသခံ တိုင်းရင်းသား Mr Chalom Chai ဆိုသူသည် ပန်းချီဆရာဖြစ်သည်။ အနုပညာ သုခုမ သရုပ်ဖော် ပန်းချီကားပေါင်းများစွာရေးဆွဲသည်။ ရိုးရာကနုတ်ပန်းပုံဖော်မှုဝါသနာကြီးသည်။ သူ့ကိုယ်ပိုင်ပိုက်ဆံနှင့် ဘုရားတည်သည်။

စုလစ်မွန်းချွန် ပန်းခက် ပန်းလက် ကနုတ်ပန်းကွက်စိပ်တွေနှင့် တည်ထားသော ဘုရားဖြစ်သည်။ အဖြူရောင်ဆေးနှင့် ပူဇော်ထားသည်မှာလည်း သိပ္ပံနည်းကျကျ ပညာ သုံးထားသည် အရောင်မမှိန် အရောင်မမည်းဟု ဆိုသည်။ ချင်းရိုင်မြို့နယ်တွင် အထင်ကရ Tourist Attraction ဖြစ်သည်။ ပုဂ္ဂလိက တည်ထားပူဇော်ခြင်း ဖြစ်သော်လည်း ထိုင်းနိုင်ငံကို အကျိုးပြုသည်။ ကမ္ဘာလှည့်ခရီးသည်တို့အကြား သတင်းပျံ့နှံ့မှုကြောင့် ထိုင်းနိုင်ငံအတွက် နိုင်ငံခြားငွေတိုးစေသည်မှာ အမှန်။ ဘုရားပတ်ပတ်လည်မှာ ဓာတ်ပုံတွေရိုက်ကြသည်။ ဘန်ကောက်မြို့မှ မြဘုရားဝင်းထဲဝင်သလို အလှူငွေမပေးရ၊ သို့သော်လည်း ဘုရားဝင်းအတွင်း ရောင်းချသော အမှတ်တရ ပစ္စည်းများဝယ်ခြင်း၊ ထိုင်းအစားအစာများ စားခြင်းဖြင့် ခရီးသည်များထံမှ ထိုင်းဘတ်ငွေ အများအပြား ကျန်ခဲ့သည်။ ချင်းရိုင်ဒေသခံတို့ စီးပွားရေးတိုးစေခဲ့သည်။

တစ်နေကုန် နေပူပူ၊ လေပူပူမှာဂေါက်သီးရိုက်ခဲ့ရသည်ကို မေ့သွားရသည်။

မြန်မာနိုင်ငံမှာ ယနေ့ ချမ်းသာသူတွေ၊ ကြွယ်ဝသူတွေရှိပါသည်။ ထိုသူဌေးတွေ ကိုယ့်ဒေသ၊ ကိုယ့်ရပ်ရွာမှာ Mr Chalom Chai လို စေတနာနှင့် ဘုရားတစ်ဆူ ကျောင်းတစ်ဆောင် ဆောက်ကြမည်ဆိုပါလျှင် ခရီးသည်တွေလာမည်။ ကိုယ့်စီးပွားအတွက် ကိုယ့်ကုမ္ပဏီမှာ အလုပ်လုပ်သူတွေကို စောင့်ရှောက်သလို ကိုယ့်ဒေသက ရပ်ဆွေရပ်မျိုးတွေအတွက် စီးပွားတွေ ဖြစ်ထွန်းစေပါမည်။

သူဌေး ၁၀၀ က ကမ္ဘာလှည့်ခရီးသွားဆွဲဆောင်မှုတစ်ခုစီ ဆောက်လျှင် မြို့ရွာ ၁၀၀ မှာ စီးပွားဖွံ့ဖြိုးတိုးတက်လာပါမည်။ သာသနာရေးဌာန၊ ယဉ်ကျေးမှုဌာနတို့မှ ဘတ်ဂျက်ငွေသန်းပေါင်းများစွာ အကုန်အကျခံစရာမလိုပါ။

ချမ်းသာသူများ ကြွယ်ဝသူများ(ခရိုနီဆိုသော စကား ကျွန်တော်မသုံးပါ)အုတ်တစ်ချပ်စီ၊ တစ်ချပ်စီနှင့် တိုင်းပြည်စီးပွားထူထောင်ကြပါလို့ တိုက်တွန်းလိုပါသည်။ ကျွန်တော်ရေးသော ဆောင်းပါးသည် သဲတစ်ပွင့်ဖြစ်ပါစေသတည်း။






*FBI မှအလိုရှိကြောင်း ကြေညာချက်ထုတ်ထားသည့် Unit 61398 မှ ဆိုက်ဘာစစ်သည်များ*

# တရုတ်တို့၏ ဆိုက်ဘာတပ်ဖွဲ့များနှင့် ယင်းတို့၏ ဆောင်ရွက်ချက်များ (၃)

**ညောင်ရမ်း**

၂၀၀၉ ခုနှစ် မတ်လတွင် Toronto အခြေစိုက် သုတေသီများသည် ပေကျင်းအခြေစိုက် IP များကို အသုံးပြုပြီး နိုင်ငံပေါင်း ၁၀၃ နိုင်ငံရှိ နက်ဝက်ကွန်ရက်ပေါင်း ၁၂၀၀ ကျော်ကို ဖောက်ထွင်းတိုက်ခိုက်ထားသည့်ကြီးမားသော ဆိုက်ဘာတိုက်ခိုက်မှုတစ်ခုကို ဖော်ထုတ်တွေ့ရှိခဲ့ပြီး ယင်းတိုက်ခိုက်မှုကို "Operation Ghost Net" ဟု အမည်ပေးခဲ့ပါသည်။

၂၀၀၉ ခုနှစ် ဧပြီတွင် Lockheed Martin ကော်ပိုရေးရှင်း၏ F-35 ဆိုင်ရာအချက်အလက်များကို တရုတ်ပြည်မှ ဟက်ကာများက ရယူခဲ့သည်ဟု Wall Street Journal တွင် ဖော်ပြခဲ့ပြီး ၊ ထိုသို့ ရယူနေမှုကို မသိရှိမီ နှစ်ပေါင်းအတန်ကြာကပင် ရယူနိုင်ခဲ့သည်ဟု ဆိုပါသည်။

၂၀၁၀ ခုနှစ် ဇန်နဝါရီလထဲတွင် Adobe, Juniper, Rackspace စသည့် အိုင်တီကုမ္ပဏီများကို"Operation Aurora"အမည်ဖြင့် ပစ်မှတ်ထား တိုက်ခိုက်ခဲ့ပြီး ယင်းနှစ်ထဲတွင်ပင် Marathon Oil, ExxonMobil, Conoco Phillips စသည့် ကမ္ဘာ့စွမ်းအင်ကုမ္ပဏီများ၏ ကွန်ရက်စနစ်များကို "Night Dragon"ဟုအမည်ပေးထားသည့်ဆိုက်ဘာစစ်ဆင် ရေးများပြုလုပ်ဆင်နွှဲခဲ့ကြောင်းဆိုကြသည်။ ထို့နောက်တရုတ်အစိုးရသည် ပြည်တွင်းရှိ အင်တာနက် အသုံးပြုသူ သန်း ၄၀၀ ခန့်အား တရုတ်လူမှုကွန်ရက်များနှင့် ဖိုရမ်များအားအသုံးပြုရာတွင် အမည်ရင်းများကို ပြောင်းလဲ အသုံးပြုရန် ဖိအားပေးခဲ့သည်။ ထိုဖြစ်စဉ်များနောက်တွင်လူပေါင်း ၅၀၀၀ ခန့်ကို လိင်မှုအသားပေးစာပေနှင့် ဓာတ်ပုံများ အင်တာနက်တွင် ကြည့်ရှုမှုဖြင့် ဖမ်းဆီးခဲ့ပြီး၊ ဝက်ဘ်ဆိုက်ပေါင်း ၉၀၀၀ ခန့်ကို အပြီးတိုင် ဖျက်သိမ်းပစ်ခဲ့သည်။

၂၀၁၁ ခုနှစ်တွင် RSA နှင့် ချိတ်ဆက်ထားသည့် ကုမ္ပဏီတချို့ အီးမေးလ်မှ တစ်ဆင့် ·Adobe System ၏ အားနည်းချက်ကို အသုံးပြုကာတိုက်ခိုက်ခဲ့ပြီး ကုမ္ပဏီ ၇၆၀ ခန့်ကူးစက်ပျံ့နှံ့ခဲ့သည်။ US-CERT ၏ စစ်ဆေးချက်များအရ ယင်းတိုက်ခိုက်မှုသည် တရုတ်နိုင်ငံက လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဆိုသည်။

၂၀၁၂ ခုနှစ်တွင် တရုတ်ဟက်ကာများသည် Smart Card အသုံးပြုသူများကို ဦးတည်တိုက်ခိုက်ရန် Sykipot Trojian မျိုးကွဲတစ်ခုကို ဖြန့်ဝေခဲ့ပြီးအမေရိကန်ရှိ နာမည်ကြီး အေဂျင်စီများ၊ စီးပွားရေးလုပ်ငန်းများနှင့်ကန့်သတ်နက်ဝက်ကွန်ရက်များကို ဖောက်ထွင်းဝင်ရောက်နိုင်ရန် ရည်ရွယ်ခဲ့ကြသည်။ ယင်း Sykipot Trojian ၏ C&C ဆာဗာသည် တရုတ်နိုင်ငံပေကျင်းတွင် အခြေစိုက်တည်ရှိနေကြောင်း Symnatec အဖွဲ့မှ ထုတ်ပြန်ကြေညာခဲ့သည်။စက်တင်ဘာ ၃၀ ရက်နေ့တွင် အိမ်ဖြူတော်စစ်ဦးစီးချုပ်ရုံးခန်းတွင် ချိတ်ဆက်ထားသည့် နက်ဝက်ကွန်ရက်များအား တရုတ်ဟက်ကာများမှဖောက်ထွင်းဝင်ရောက်ရန်ကြိုးစားခဲ့ကြောင်း ဆိုကြသည်။ ကနေဒါ၊ အမေရိကန်နှင့်စပိန်နိုင်ငံတို့ရှိစွမ်းအင်ထုတ်လုပ်သည့် စက်ရုံများအတွက်အလိုအလျောက်ထိန်းချုပ်စနစ်များ ဝန်ဆောင်မှုပေးနေသည့် Tevent ကုမ္ပဏီက အသုံးပြုနေသည့် SCADAစနစ်အားဖောက်ထွင်းထိန်းချုပ်ခဲ့ပြီး လုပ်ငန်းဆိုင်ရာအချက်အလက်များ ခိုးယူခံခဲ့ရသည်။ ၁၉ ရက်နေ့တွင်ဂျပန်နိုင်ငံရှိ ဝန်ကြီး ဌာနဆိုင်ရာများ၊ တရားရုံးများနှင့် ဆေးရုံများ၏ ဝက်ဘ်ဆိုက် ၁၉ ခုထက်မနည်းကို ဖျက်ဆီးတိုက်ခိုက်ခံခဲ့ရကြောင်း သိရသည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် Great Firewall ကို တီထွင်ခဲ့ကြသည့် တရုတ်ကွန်ပျူတာ ပညာရှင်များသည် Github အမည်ရ ဝက်ဘ်ဆိုက်ကို MITM နည်းဖြင့်တိုက်ခိုက်ခဲ့ကြောင်း နိုင်ငံတကာသတင်းများက ဆိုကြပြန်သည်။ မတ်လ ၁၁ ရက်နေ့တွင် ဩစတြေးလျရှိ The Reverse Bank ကို တရုတ်ဟက်ကာများမှ တိုက်ခိုက်ခဲ့ပြီး မတ်လ ၁၃ ရက်နေ့တွင် အိန္ဒိယကာကွယ်ရေး ဝန်ကြီးဌာန၏ သုတေသနနှင့် ဖွံ့ဖြိုးမှုဌာန၏ ဝက်ဘ်ဆိုက် ( drdo.gov.in) ကို တရုတ်ဟက်ကာများက ပစ်မှတ်ထား တိုက်ခိုက်ခဲ့ပြန်သည်ဆို၏။ မတ်လ ၂၄ ရက်နေ့တွင် တိဗက်အရေးလှုပ်ရှားသူများကြား ပထမဆုံး Android Malware တစ်မျိုးကို တရုတ်ဟက်ကာများမှ စတင်ဖြန့်ဖြူးတိုက်ခိုက်ခဲ့သည်။ မေလ ၁ ရက်နေ့တွင် အမေရိကန်အလုပ်သမားရေးရာဌာန၏ ဝက်ဘ်ဆိုက်အား Deep Panda ဟုအမည်ပေးထားသည့်တရုတ်ဟက်ကာအဖွဲ့မှ တိုက်ခိုက်ခဲ့သည်။ အောက်တိုဘာ ၂၈ ရက်နေ့တွင် အစ္စရေးနိုင်ငံ၏ ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ စက်ရုံ ၁၄၀ ခန့်၏နက်ဝက်ကွန်ရက်များကို တရုတ်ဟက်ကာများမှ ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်ဟုလည်း သုတေသီများက ပြောကြသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် အမေရိကန်အခြေစိုက်ဒ်ချိုက်ခရိုချစ်(ပ်)ကုမ္ပဏီတစ်ခုဖြစ်သည့် ASML ကုမ္ပဏီကို တရုတ်အစိုးရ၏ ထောက်ပံ့မှုများရရှိထားသည့် ဟက်ကာအဖွဲ့တစ်ခုမှ တိုက်ခိုက်မှုများပြုလုပ်ခဲ့ပြီး မတ်လ ၂၆ ရက်နေ့တွင် Github ဆာဗာအား DDoS တိုက် ခိုက်မှုပြုလုပ်ခဲ့ကာ၊ ယခင်က ကြုံတွေ့ခဲ့ရသည့် တိုက်ခိုက်မှုများတွင် ယခုအကြိမ်တိုက်ခိုက်မှုသည် အကြီးမားဆုံး DDoS တိုက်ခိုက်မှု ဖြစ်သည်ဟု GitHub ၏ အလုပ်အမှုဆောင်အဖွဲ့မှထုတ်ဖော်ပြောကြားခဲ့သည်။

## ၇။ တရုတ်ဆိုက်ဘာတပ်ဖွဲ့များ၏ တိုက်ခိုက်မှုအမျိုးအစားများနှင့် ယင်းတို့၏ဦးတည်ချက်များ

၁၉၉၄ ခုနှစ် တရုတ်နိုင်ငံ၏ ဒီဂျစ်တယ်တိုးတက်ပြောင်းလဲမှု စတင်သည့် အချိန်မှ ယနေ့ ၂၀၁၅ ထိဖြစ်ပွားခဲ့သော ဆိုက်ဘာတိုက်ခိုက်မှုများကို အကြမ်းဖျင်းလေ့လာသုံးသပ်ကြည့်လျှင်ဆိုက်ဘာသူလျှိုနှင့် ဆိုက်ဘာစစ်ပွဲတို့ကို အများဆုံးတွေ့ရှိရမည် ဖြစ်သည်။

သို့သော် ၂၀၁၁ ခုနှစ် ဇန်နဝါရီတွင်ကျင်းပခဲ့သည့်နိုင်ငံတကာလုံခြုံရေးဖိုရမ်တွင် တရုတ်ကာကွယ်ရေးဝန်ကြီး:Liang Guan- glie မှာမည်သည့်ဆိုက်ဘာတိုက်ခိုက်မှုများ၏ နောက်ကွယ်တွင် တရုတ်နိုင်ငံအနေဖြင့် ရှိမနေကြောင်းနှင့် ဆိုက်ဘာရာဇဝတ်မှုများနှင့် ပတ်သက်ပြီး တရုတ်အစိုးရအနေဖြင့် ဆန့်ကျင်ကြောင်းပြောကြားသွားခဲ့ပါသည်။ထို့ကြောင့် အနောက်နိုင်ငံများအနေဖြင့် လက်ဆုပ်လက်ကိုင်ပြစရာအထောက်အထားများ တိတိကျကျမရှိခဲ့ကြသောကြောင့် ဆိုက်ဘာတိုက်ခိုက်မှုများတွင် တရုတ်အစိုးရပါဝင်ပတ်သက်နေသည့်စွပ်စွဲချက်များသည် စွပ်စွဲချက်အဆင့်တွင်သာ ရပ်တန့်နေခဲ့ရသည်။

၂၀၁၄ ခုနှစ် မေလ ၁ ရက်နေ့တွင် PLA ၏ GSD ဌာန၊ အမှတ်(၃) ဌာနကြီးလက်အောက်ရှိ အမှတ်(၂) ဗျူရို ရုံးအဖွဲ့ အမှတ်(၃)၊ Unit 61398 ၏ အရာရှိ (၅) ယောက်ကို ဆိုက်ဘာတိုက်ခိုက်မှုစွဲချက်ပေါင်း ၃၁ မှုဖြင့် ဖမ်းဝရမ်းထုတ်ခဲ့သည်။ အဆိုပါ အရာရှိ ၅ ယောက်သည် အမေရိကန်ရှိ ကုမ္ပဏီ (၆) ခုမှ ကွန်ပျူတာကွန်ရက်များကို ထိုးဖောက်ဝင်ရောက်မှု၊ သတင်းအချက်အလက်များ ခိုးယူမှု၊ အီးမေးလ်များဖောက်ထွင်းခိုးယူမှုနှင့် နျူကလီးယားစွမ်းအင်ဆိုင်ရာ ကုန်သွယ်ရေးဆိုင် လျှို့ဝှက်ချက်များခိုးယူကြည့်ရှုမှုဖြင့် စွဲချက်တင် ဝရမ်းထုတ်ခဲ့ခြင်းဖြစ်သည်။

တရုတ် ဆိုက်ဘာတပ်ဖွဲ့များအနေဖြင့် ၁၀ စုနှစ် နှစ်ခုအတွင်း ရည်မှန်းချက်အမြောက်အများကို အောင်မြင်စွာ ရင်ဆိုင်တိုက်ခိုက်နိုင်မှုသည် ဟက်ကာယဉ်ကျေးမှု (Hacker Cultures) ကို တပ်ဖွဲ့များအတွင်း အောင်မြင်စွာ ကျင့်သုံးနိုင်ခြင်းကြောင့် ဖြစ်သည်၊ အတိအကျပြောရလျှင် တပ်ဖွဲ့များအတွင်းရှိ စစ်သည်များအနေဖြင့် မိမိတို့၏ ဖော်ထုတ်တွေ့ရှိချက်အသစ်များကို တပ်ဖွဲ့ဝင် အချင်းချင်း အတူ ခံစားလေ့လာကြခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် တံခါးမရှိ ဓားမရှိ စူးစမ်းလေ့လာရေး၏ အမြင့်ဆုံးပုံသဏ္ဌာန်ကို လက်တွေ့ကျကျ ကျင့်သုံးနိုင်ခြင်းဖြစ်သည်။ တပ်ဖွဲ့များသည့် တပ်မတော်တစ်ခု၏ ဖွဲ့စည်းပုံအရ ထက်အောက်ဆက်ဆံရေးပုံစံဖြင့် ဖွဲ့စည်းထားရှိသော်လည်း လေ့လာသည့် နယ်ပယ်တွင် အလျားလိုက်ဆက်ဆံရေးကို ပြောင်းလဲကျင့်သုံးကြခြင်းပင် ဖြစ်ပါသည်။ ဤအချက်သည်ပင် တရုတ်နိုင်ငံ၏ စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့များ (Units) များနှင့် အရပ်ဘက် (Hacktivists) အုပ်စုတို့ကြား ဒီဂျစ်တယ်ပြုပြင်ပြောင်းလဲမှုတွင် သိသာထင်ရှားသည့် တူရှုချက်တစ်ခုပင် ဖြစ်ပါတော့သည်။

## ၈။ ဆိုက်ဘာတိုက်ခိုက်မှု ဖြစ်စဉ်များမှ PRC ၊ CCP နှင့် PLA တို့ရရှိနေသည့် အကျိုးကျေးဇူးများ

PRC အနေဖြင့် ဆိုက်ဘာတိုက်ခိုက်မှုများမှ ရရှိသည့်အချက်အလက်များကို သုံးသပ်ပြီး ဒီပလိုမေစီ နိုင်ငံရေးကို ခြေလှမ်းသွက်သွက်လက်လက်ဖြင့် ကြိုတင်လက်ဦးမှုရရှိကာ ဒေသတွင်း၊ ပြင်နိုင်ငံများကို လွှမ်းမိုး၊ ခြိမ်းခြောက်ထားနိုင်မည် ဖြစ်ပါသည်။

CCP အနေဖြင့် ဆိုက်ဘာတိုက်ခိုက်မှုများမှ ပြိုင်ဘက်နိုင်ငံများနှင့်ဆန့်ကျင်ဘက်အဖွဲ့အစည်းများမှ သတင်းအချက်အလက်များ သိရှိ စီမံနိုင်ခြင်း၊ စောင့်ကြည့်နိုင်ခြင်း၊ ကွန်ရက်ဒေတာများအား ပြောင်းလဲပစ်နိုင်ခြင်း၊ အချိန်ကိုက်သတင်းတုများနှင့် ကောလာဟလများ ဖြန့်ဝေနိုင်ခြင်း၊ လှည့်စားနိုင်ခြင်း၊ အချက်အလက်များ ဖျက်ဆီးပစ်နိုင်ခြင်း၊ နည်းပညာဆိုင်ရာ အချက်အလက်များ ဆင့်ပွားရယူနိုင်ခြင်း စသည်တို့ကို ပြုလုပ်ရယူနိုင်ပါသည်။

PLA အနေဖြင့် ဆိုက်ဘာစစ်ဆင်ရေးအပေါ် အထူးအလေးပေး ဆောင်ရွက်နေခြင်းဖြင့် သတင်းထောက်လှမ်းခြင်းနှင့် ကွန်ရက်တိုက်ခိုက်မှုများအတွက် အချက်အလက်များ စုဆောင်းနိုင်ခြင်း၊ ရန်သူ၏တုံ့ပြန်မှုကို နှောင့်နှေးစေခြင်းနှင့် ပြန်လည်တုံ့ပြန်နိုင်သည့်နယ်ပယ် ကျဉ်းမြောင်းသွားစေခြင်း၊ လှုပ်ရှားစစ်ကစားမည့် မြေပြင်တပ်ဖွဲ့များအတွက် လိုအပ်သည့် သတင်းအချက်အလက်များ ကြိုတင်ရရှိခြင်းဖြင့် ဟန်ချက်ညီ စစ်ဆင်နိုင်ခြင်း၊ R&D အတွက် ရင်းနှီးမြှုပ်နှံမှု မများစေဘဲ နောက်ဆုံးပေါ် နည်းပညာနှင့် အချက်အလက်များကို ရရှိနိုင်စေခြင်း စသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော တပ်မတော် တည်ဆောက်ရေး တည်ဆောက်ရာတွင် အကျိုးကျေးဇူးများရရှိစေမည် ဖြစ်သည်။

## ၇။ နိဂုံး

တရုတ်ခေါင်း ဆောင်များ၏ အမြင်ကျယ်မှုနှင့် လက်တွေ့ကျကျ ကျင့်သုံးနိုင်မှုတို့ကြောင့် ဆယ်စုနှစ် နှစ်ခုအတွင်း ဒီဂျစ်တယ်ပြုပြင်ပြောင်းလဲမှုတွင် အရပ်ဘက်၊ စစ်ဘက်နှစ်ဖက်စလုံး၌တရုတ်တို့ တာထွက်ကောင်းခဲ့သည်ဟု ဆိုနိုင်ပါသည်။ ယင်း၏သက်ရောက်မှု အကောင်းအဆိုးတို့ကို ယနေ့အချိန်တွင် ယတိပြတ် မပြောနိုင်သေးသော်လည်း စောင့်ကြည့်လေ့လာသွားရမည့် ဝိရောဓိများအဖြစ် တည်ရှိနေဦးမည် ဖြစ်ပါသည်။

ဘက်မလိုက် အမြင်ဖြင့် ရှုမြင်ရလျှင် ရှေးရိုးစွဲ အစဉ်အလာအင်အားစုများနှင့် ခေတ်သစ်အင်အားစုတို့ကြား အတွန်းအတိုက်များဖြင့် ဖိစီးမှုများရှိနေမည်ဖြစ်သော်လည်း အောင်မြင်မှုကို ဆာလောင်သည့် လှိုင်းလုံးများကြားဝယ် ရောက်ရှိနေသည့် တရုတ်တို့၏ ဆိုက်ဘာတပ်ဖွဲ့များနှင့် ယင်းတို့၏ဆောင်ရွက်ချက်များကို ရေးသားတင်ပြလိုက်ရပါသည်။

**ဆိုက်ဘာ တိုက်ခိုက်မှုများမှ ရရှိသည့်အ ချက်အလက်များကိုသုံးသပ်ပြီး ဒီပလိုမေစီ နိုင်ငံရေးကိုခြေလှမ်းသွက်သွက်လက်လက်ဖြင့် ကြိုတင်လက်ဦးမှုရရှိကာ ဒေသတွင်း၊ ပြင် နိုင်ငံများကို လွှမ်းမိုး၊ ခြိမ်းခြောက်ထားနိုင်မည်…**

ကျမ်းကိုး
၁။ ဆရာကျော်ဝင်း ၊ ကမ္ဘာပြားပြီး အတွဲ (၁) (၂) (၃)
၂။ William Hagestad, 21st Century chinese cyber warfare. // March, 2012.
၃။ http://www.globalsecurity.org/mi litary/world/chin/mr.htm
၄။ Jeffrey Carr, Inside Cyber Warfae. // Second Edition.
၅။ Mandiant, Exposing One of China's Cyber Espionage Units.

■

www.free4reader.com

# ရန်ကုန်မြို့က အမှိုက်တွေ

ကိုကိုလှိုင်



ထိရောက်ပြီး စရိတ်ကျဉ်းတဲ့ အမှိုက်သိမ်း ဝန်ဆောင်မှုစနစ်ဖြစ်ဖို့ အရင်ကတွေ့ကြုံခဲ့တဲ့ လိုအပ်ချက်တွေ၊ အလွဲတွေကို သင်ခန်းစာယူ ပြုပြင်သင့်ပါတယ်...

အခုတစ်လော ရန်ကုန်မြို့က အမှိုက်သိမ်းစနစ်ကို ပုဂ္ဂလိကလုပ်ငန်းအဖြစ် ပြောင်းလဲမယ့် ကိစ္စနဲ့ ပတ်သက်ပြီး ပြောကြဆိုကြတာ တွေ့ရပါတယ်။ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီက လုပ်ကိုင်ဆောင်ရွက်ရာမှာ အရှုံးပေါ်နေတဲ့အတွက် ပုဂ္ဂလိကလက်ကိုလွှဲဖို့ စဉ်းစားတာ ဖြစ်တယ်လို့ နားလည်ထားပါတယ်။

တကယ်တော့ အမှိုက်သိမ်းတဲ့ကိစ္စကို ပေါ့ပေါ့တန်တန်သဘောထားလို့ မရပါဘူး။ နိုင်ငံတကာမြို့တော်ကြီးတွေမှာ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု "Waste Management" ဆိုတာ အရေးပါတဲ့ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စတစ်ရပ်ပဲဖြစ်ပါတယ်။ တစ်နည်းပြောရရင် ပြည်သူ့ရေးရာမူဝါဒ Public Policy နဲ့ သက်ဆိုင်တဲ့ကိစ္စပါ။ ဒါကြောင့် ဒီဆောင်းပါးမှာ အမှိုက်သိမ်းတဲ့ကိစ္စကို ပြည်သူ့ရေးရာမူဝါဒရှုထောင့်ကနေတင်ပြ ဆွေးနွေးသွားချင်ပါတယ်။

စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုမှာ အဓိကအားဖြင့် အပိုင်းကြီး နှစ်ပိုင်းရှိတယ်လို့ မြင်ပါတယ်။ ပထမပိုင်းကတော့ အိမ်တွေ၊ ဈေးတွေ၊ ဆိုင်တွေ၊ လမ်းတွေကနေ ထွက်လာတဲ့အမှိုက်တွေကို သိမ်းဆည်းတာဖြစ်ပြီး ဒုတိယပိုင်းကတော့ သိမ်းဆည်းတဲ့ အမှိုက်တွေကို ဘယ်လို စွန့်ပစ်ရှင်းလင်းမလဲဆိုတဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒီလုပ်ငန်းနှစ်ခုစလုံးကိုထိထိရောက်ရောက် ဆောင်ရွက်နိုင်မှစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု စနစ်အောင်မြင်တယ်လို့ ဆိုနိုင်ပါတယ်။

ဒီလုပ်ငန်းနှစ်ခုက သဘောသဘာဝမတူပါဘူး။ အမှိုက်သိမ်းလုပ်ငန်းမှာအချိန်က အဓိကပါ။ အမှိုက်စွန့်/ရှင်းတဲ့ ကိစ္စကတော့ အမှိုက်ပုံဖို့နေရာ လိုပါတယ်။ စက်ပစ္စည်း၊ငွေကြေး၊ နည်းပညာလိုပါတယ်။ နှစ်ခုစလုံးပြေလည်မှ အမှိုက်ပြဿနာကိုရှင်းနိုင်တာ ဖြစ်ပါတယ်။

အဲဒီ လုပ်ငန်းနှစ်ခုထဲမှာ အမှိုက်သိမ်းစနစ် ပျက်ပြားသွားရင် အချိန်တိုအတွင်းမြို့ထဲမှာ ပြဿနာတက်တော့တာပါပဲ။

ရန်ကုန်မြို့ရဲ့အမှိုက်သိမ်း စနစ်ကတော့ ယိုယွင်းနေခဲ့တာ ကြာပါပြီ။ အဓိက,ကတော့ ရန်ပုံငွေလုံလုံလောက်လောက် မရတာပဲလို့ ထင်ပါတယ်။ ရန်ပုံငွေမရှိတော့ အမှိုက်ပုံးတွေ လုံလုံလောက်လောက် မချပေးနိုင်ဘူး။ လူတွေက လမ်းသွားရင် ကြုံသလိုအမှိုက်ချတယ်။လမ်းဘေးဆိုင်တွေကထွက်သမျှအမှိုက်ကို လမ်းဘေးရေမြောင်းထဲ ပစ်တယ်။ အဲဒီတော့ ရေမြောင်းတွေ ပိတ်ဆို့၊ မိုးရွာတော့ရေလျှံ၊ မြောင်းထဲက အမှိုက်တွေဆယ်ဖို့ ပလက်ဖောင်းပေါ်က မြောင်းဖုံးတွေ ဖွင့်ထားတော့ ရေလျှံနေချိန်သွားတဲ့ လူတွေရေမြောင်းထဲ ပြုတ်ကျ၊ ဒုက္ခရောက်ကြရပါတယ်။ ရပ်ကွက်ထဲကအမှိုက်တွေကျတော့ အမှိုက်ကန်တွေက ဝေးလို့ကြုံသလိုလမ်းထောင့်မှာ ပုံကြတာလည်း ရှိပါတယ်။ အထပ်မြင့် တိုက်တွေမှာတော့ အမှိုက်ကို အောက်ဆင်းပစ်ရမှာပင်ပန်းလို့ နောက်ဖေးလမ်းကြားထဲပစ်ချလိုက်ကြပြန်ပါတယ်။ အမှိုက် ကန်တွေကျတော့လည်း အမြဲလိုလို ပြည့်လျှံ ဖိတ်ကျ၊ မိုးတွင်းရောက်ပြန်တော့ အမိုးမရှိလို့မိုးရေတွေဝင်၊ အပြင်ကို အပုပ်ရည်တွေ ယိုစီးပြီး နံစော်ညစ်ပတ်လွန်းလို့ပါပဲ။

အမှိုက်စွန့်/ရှင်း စနစ်မှာလည်းပဲ အရင်ကတော့ Land Fill ဆိုတဲ့ ကျင်းတွေ၊ လျှိုတွေ၊ ချိုင့်တွေမှာ စုပုံတဲ့စနစ်ကို လုပ်ခဲ့တာပါ။ ရန်ကုန်မှာ မလွှကုန်းအမှိုက်ပုံနဲ့ အလုံ ဘက်ကအမှိုက်ပုံတွေဟာ တောင်ကုန်းတွေလို ဟီးနေခဲ့တာ သိမီလိုက်တဲ့သူတွေကတော့ မှတ်မိဦးမှာပါ။ နောက်တော့ အမှိုက်ပုံနေရာတွေကိုဆောက်လုပ်ရေးလုပ်ငန်းတွေကယူသွားပြီး အမှိုက်တွေကတော့ မြောက်ဥက္ကလာကနေ ငမိုးရိပ်တံတားအထိ မီးရထားလမ်းဘေးတစ်လျှောက်ကို ရောက်သွားပါတယ်။ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်က ချိုင့်တွေမှာလည်း အမှိုက်တွေ ရောက်သွားတာ တွေ့ရပါတယ်။

Land Fill စနစ်မှာ ပြဿနာကတော့ဆွေးမြည့်ဖို့ မလွယ်တဲ့ ကြွပ်ကြွပ်အိတ်တွေပါ။ နောက်တစ်ခုကတော့အမှိုက်ပုံထဲက အမှိုက်တွေ ဆွေးမြည့်ဓာတ်ပြုပြီး ထွက်လာတဲ့ ဖန်လုံအိမ်ဓာတ်ငွေ့တွေ ဖြစ်ပါတယ်၊ အခုတော့ အမှိုက်တွေကို မီးရှို့ပြီး စွမ်း အင်ထုတ်တဲ့ စနစ်၊ ဇီဝလောင်စာအဖြစ် ပြောင်းလဲပြီး ဇီဝဓာတ်ငွေ့လောင်စာသုံးစနစ်တွေနဲ့ မြို့တော်အတွက် လျှပ်စစ်ထုတ်တော့မယ်လို့ သိရတဲ့ အတွက် ဝမ်းသာစရာပါ။

အဲဒီတော့ အမှိုက်သိမ်းတဲ့ လုပ်ငန်းကိုပဲ ထိထိရောက်ရောက် လုပ်နိုင်ဖို့ လိုလာပါတယ်။ အဲဒါကလည်း ပုဂ္ဂလိက လက်ထဲလွှဲလိုက်မယ်ဆိုတော့ တကယ် လုပ်နိုင်၊ မလုပ်နိုင်လူတွေက စောင့်ကြည့်နေကြတာဖြစ်ပါတယ်။ နည်းနည်းကလေးအဆင်မပြေဖြစ်လိုက်တာနဲ့ ထုံးစံအတိုင်းဝိုင်းပြီး အပြစ်ပြောဖို့ အဆင်သင့်ဖြစ်နေတဲ့ လူတွေလည်း ရှိနေမှာ သေချာပါတယ်။ "ပိုက်ဆံကျတော့ ပိုပေးရပြီး ဝန်ဆောင်မှု ကျတော့မထူး ပါဘူး။ ညံ့လိုက်တာ" စသည်ဖြင့်ပေါ့။

တစ်လအတွက် အမှိုက်သိမ်းခငွေ ၁၅၀၀ ကျပ်ဆိုတာ တတ်နိုင်သူတွေ အတွက် တစ်ရက်မှာ ၅၇ ကျပ် လောက်ပဲကျလို့ မထောင်းတာပေမယ့် မတတ်နိုင်သူတွေ အဖို့ကတော့ ငါးဆယ်လည်း ပိုက်ဆံပဲမို့ တွန့်ဆုတ်နေတာလည်း ရှိနိုင်ပါတယ်။ တစ်အိမ်ထောင်ကို ၁၅၀၀ ကျပ်ဆိုတော့ ရန်ကုန်လူဦးရေ ခုနစ်သန်းမှာ အိမ်ထောင်စု တစ် သန်းကျော်ရှိတဲ့အတွက် စေ့စေ့စပ်စပ် ကောက်နိုင်ရင် တစ်လကို ဝင်ငွေသန်းပေါင်း ၁၅၀၀ လောက်ရှိမှာ ဖြစ်လို့ ပမာဏကြီးမားတဲ့ လုပ်ငန်းကြီးပါပဲ။ အမြတ်ရနိုင်၊ မရနိုင် ဆိုတာကတော့ ထိရောက်ကောင်းမွန်တဲ့ စီမံခန့်ခွဲမှုနဲ့ ပြည်သူလူထုရဲ့ လိုလိုလားလား ထည့်ဝင်မှုအပေါ် မှာ မူတည်မယ်လို့ ထင်ပါတယ်။

ဒီနေရာမှာ ရန်ကုန်မြို့ရဲ့ လူမှုစီးပွားရေး အခြေအနေကို သေချာခွဲခြမ်းစိတ်ဖြာ လေ့လာပြီးတော့ မှဈေးကွက်သုတေသန၊ လိုအပ်ချက်သုတေသန၊ ဖြစ်တန်စွမ်း လေ့လာချက်တွေ လုပ်ဖို့လိုပါလိမ့်မယ်။ အဲဒီလိုအခြေအနေတွေကို လေ့လာပြီးမှ လက်တွေ့ဖြစ်နိုင်မယ့် မဟာဗျူဟာနဲ့နည်းဗျူဟာ အစီအမံတွေကို ရေးဆွဲသင့်ပါတယ်။ ပြီးတဲ့အခါမှာ နမူနာစမ်းသပ်ပြီး မြို့နယ်တချို့မှာအကောင်အထည်ဖော်ကြည့်ပြီးလိုအပ်ချက်တွေအားနည်းချက်တွေကို လေ့လာဖော်ထုတ်ပြင်ဆင်သွားသင့်ပါတယ်။ အဆောတလျင်ဆုံးဖြတ်ချက်ချရင် မှားသွားပါလိမ့်မယ်။

ကျွန်တော့်အမြင်အရတော့ အမှိုက်သိမ်းစနစ် တကယ်အလုပ်ဖြစ်ဖို့ ဒီအချက်ကို ထည့်သွင်းစဉ်းစားသင့်တယ်လို့ ထင်ပါတယ်။

(၁)- မြန်မာလူမျိုး အများစုဟာ အခွန်ပေးဆောင်ဖို့ ယေဘုယျအားဖြင့် လိုလိုလားလား မရှိကြသေးပါဘူး။ တစ်လတစ်ကြိမ် အမှိုက်ခွန်ဆိုပြီး လိုက်ကောက်ရင် ဆင်းရဲတဲ့ လူများစု အိမ်ထောင်စုတွေက ငွေတစ်ထောင်ကျော်ကို တစ်လုံးတစ်ခဲတည်း ပေးဖို့ ဝန်လေးမှာ သေချာပါတယ်။

(၂)- ချမ်းသာတဲ့လူတွေနဲ့ အလယ်အလတ် လူတန်းစားတွေ အတွက် ငွေ ၁၅၀၀ ကျပ်မက ၃၀၀၀ ကျပ်လောက်အထိပေးဖို့ ဝန်မလေးပေမယ့် ပိုကောင်းတဲ့ ဝန်ဆောင်မှုကို လိုချင်ကြပါတယ်။ အထပ်မြင့်တိုက်ခန်းတွေမှာနေတဲ့ မိသားစုတွေဟာ သူတို့အခန်းရှေ့ အထိလာပြီး တံခါးခေါက် အမှိုက်ထုပ်လာသိမ်းပေးတဲ့ သူကို တစ်ခါအမှိုက်သိမ်းပေးရင် ငွေ ၂၀၀ လောက် ပေးလိုက်ဖို့ ဝန်မလေးပါဘူး။ နှစ်ရက်တစ်ခါ လာသိမ်းပေးရင် အမှိုက်ထုပ်က သယ်သွားဖို့ အတော်ပါပဲ။ အဲဒီလို လာသိမ်းရင် တစ်လ ၃၀၀၀ ကျသင့်မှာ ဖြစ်ပါတယ်။ ကိုယ့်အိမ်ကိုယ့်ခြံနဲ့ နေတဲ့ သူတွေကတော့ အိမ်ရှေ့တွေမှာ ကိုယ့်အမှိုက်ပုံးနဲ့ ကိုယ်ချထားပြီး တစ်နေ့တစ်ခါ စည်ပင်ကလာသိမ်းသွားတာကို လိုချင်ကြပါတယ်။ ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်လိုဟာမျိုးကို သိပ်သဘောမကျပါဘူး။ ဂျပန်၊ အမေရိကန် စတဲ့ နိုင်ငံတွေမှာ အိမ်တွေကို သက်ဆိုင်ရာစည်ပင်ကဘီးတပ် အမှိုက်ပုံးတွေ လပေးနဲ့ ငှားထားပါတယ်။ နေ့လယ်ပိုင်း အမှိုက်သိမ်းလေ့ရှိတယ်ဆိုရင် ကိုယ့်အိမ်ကအမှိုက်ပုံးကို ခြံရှေ့ထုတ်ပေးထားပြီး အမှိုက်သိမ်းသွားပြီးတဲ့ အခါ အိမ်ဝင်းထဲ ပြန်ယူထားကြတာပါပဲ။ ဒီလို အိမ်မျိုးဆိုရင် အမှိုက်ပုံး ငှားခ တစ်လ ကျပ် ၆၀၀၀ ဆိုလည်း ပေးမှာပါပဲ။ တစ်ရက်မှာ ၂၀၀ ကျပ်ပဲကျသင့်တာမို့လို့ပါ။ မြို့ထဲက စတိုးဆိုင်တွေ၊ ကုမ္ပဏီရုံးခန်းတွေလည်း ဒီလိုပါပဲ။

ကိုယ်ပိုင် အမှိုက်ပုံးတွေကို အမှိုက်ပမာဏအလိုက် အရေအတွက်နဲ့ ငှားရမ်းထားမယ်ဆိုရင် သင့်လျော်ပါလိမ့်မယ်။

(၃)- စီးပွားရေး လုပ်ငန်းကြီးတွေ၊ စက်ရုံ၊ အလုပ်ရုံတွေက ထွက်လာတဲ့ အမှိုက်တွေကိုတော့ စီးပွားရေးနှုန်းထားနဲ့ အခွန်ကောက်ပြီး သဘာဝ ပတ်ဝန်းကျင် မထိခိုက်အောင်တော့ သေချာစနစ်တကျ စွန့်ပစ်ဖို့ လိုပါလိမ့်မယ်။

(၄)- အမှိုက်သိမ်းခွန် ကောက်တာ အပြင် အမှိုက်ကနေ တခြားဝင်ငွေရနိုင်တဲ့ ကိစ္စမျိုးတွေကိုလည်း စဉ်းစားပြီး ဆောင်ရွက်သင့်ပါတယ်။ ဥပမာပြန်လည်အသုံးပြုနိုင်တဲ့ စွန့်ပစ်ပစ္စည်းတွေကို ခွဲခြားစုဆောင်းပြီး ရောင်းချတာမျိုး၊ သစ်ပင် အကိုင်းအခက်တွေ ခုတ်ရာကထွက်လာတဲ့ဇီဝစွန့်ပစ်ပစ္စည်းတွေကို ဇီဝဓာတ်ငွေ့ ထုတ်ဖို့ပဲဖြစ်ဖြစ်၊ မြေဩဇာအဖြစ် သုံးဖို့ပဲဖြစ်ဖြစ် ပြန်သုံးဖို့ ရောင်းချတာမျိုး ပြုလုပ်သင့်ပါတယ်။

ခြုံပြီး ပြောရမယ်ဆိုရင်တော့ အမှိုက်သိမ်း အခွန်အခစနစ်ကို အိမ်ထောင်စုတွေရဲ့ အနေအထားပေါ် မူတည်ပြီး ခွဲခြားဆောင်ရွက်သင့်ပါတယ်။ တတ်နိုင်တဲ့ သူတွေနေတဲ့ လူကုံထံရပ်ကွက်မျိုးတွေမှာ ဝန်ဆောင်မှုပိုပေးပြီး ဝန်ဆောင်ခလည်းပိုကောက်သင့်ပါတယ်။ အဲဒီက ရရှိပိုလျှံတဲ့ငွေတွေနဲ့ ဆင်းရဲတဲ့ နေရာတွေမှာ ဖြည့်ဆည်းပေးတဲ့ စနစ်ကို ကျင့်သုံးသင့်ပါတယ်။

ထိရောက်ပြီး စရိတ်ကျဉ်းတဲ့ အမှိုက်သိမ်းဝန်ဆောင်မှု စနစ်ဖြစ်ဖို့ အရင်ကတွေ့ကြုံခဲ့တဲ့ လိုအပ်ချက်တွေ၊ အလွဲတွေကို သင်ခန်းစာယူပြုပြင်သင့်ပါတယ်။ ဥပမာ- မီးဖိုချောင်ထွက် အမှိုက်နဲ့ ပြန်သုံးနိုင်တဲ့ အမှိုက်တွေကို အစိမ်း၊ အပြာရောင်ကွဲ ကြွပ်ကြွပ်အိတ်တွေနဲ့ ထုတ်ပြီးမှ စွန့်ပစ်ဖို့ လူထုကို ညွှန်ကြားတာဟာလက်တွေ့မှာ အလုပ်မဖြစ်ပါဘူး။လူများစုကတော့ ကိုယ့်အိမ်မှာရှိတဲ့ အိတ်နဲ့ပဲ ကြုံသလို ထည့်ပြီးစွန့်ပစ်ကြတာပါ။

စာမျက်နှာ ၃၁ သို့ ...

# ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းနှင့် ပတ်သက်သည့် ထူးထူးခြားခြား ဖြစ်စဉ်များ

*PN-051*

ရန်ကုန်၊ ဇွန် ၉

ပြီးခဲ့သည့် မေလက ကျောင်းသား/ သူ ၅၉၇၉၄၆ ဦး ဝင်ရောက်ဖြေဆိုခဲ့သည့် တက္ကသိုလ်ဝင် စာမေးပွဲ အောင်စာရင်းကို ပညာရေးဝန်ကြီးဌာနမှ ဇွန်လ ၆ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

ယင်းအောင်စာရင်းတွင် အောင်မြင်သူ ၂၂၄၈၄၇ ဦးနှင့် ကျရှုံးသူ ၃၇၃၀၉၉ဦး ရှိခဲ့သည်။ ယခုနှစ် အောင်မြင်ခဲ့သည့် နှုန်းသည် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် အပါအဝင် ၅ နှစ်တာကာလ အောင်စာရင်းတို့နှင့် နှိုင်းယှဉ်ပါလျှင် အောင်ချက် ၃၇ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်သွားခဲ့သည်။

ထို့အတူ ဂုဏ်ထူးရှင်းရေမှာလည်း ၅ နှစ်တာကာလအတွင်း ယခုနှစ်က ၉၃၂၂၅ ဦးနှင့် အများဆုံးဖြစ်ခဲ့သည်။

ပြီးခဲ့သည့်နှစ်များက ဂုဏ်ထူးရသူတို့ မှာ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်က ဦးရေ ၂၈၆၁၂ဦး၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်က ၃၉၀၀၂ဦး၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်က ၃၈၂၀၇ဦး နှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်က ၄၅၅၈၇ ဦး ရှိခဲ့သည်။

ယင်းအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၏ အောင်ချက်များမှာလည်း တက်လာသည်ကို တွေ့ရသည်။

အထူးသဖြင့် အောင်ချက်ရာခိုင်နှုန်း ဆက်တိုက် ကျဆင်းနေသည့် ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၏ အောင်ချက်မှာ သိသိသာသာတက်လာပြီး ကချင်



ဓာတ်ပုံ-အောင်နိုင်စိုး(ကဆွပ)

ပြည်နယ် မြစ်ကြီးနား၊ ရွှေကူ၊ မိုးညှင်းတို့မှ ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား/သူအချို့မှာ တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ် အများဆုံးရစာရင်းထဲ ပါဝင်ခဲ့သည်။

ထို့အတူ ရခိုင်ပြည်နယ် တောင်ကုတ်၊ သံတွဲနှင့် ဂွမြို့မှ ကျောင်းသား ၄ ဦးနှင့် ကျောင်းသူ ၁ဦးတို့သည် ဝိပ္ပံဘာသာတွဲ အတွက် တစ်နိုင်ငံလုံးအမှတ် အများဆုံး ၄၀ စာရင်းတွင် ပါဝင်ခဲ့သည်အထိ ထူးခြားမှု ရှိခဲ့သည်။

အမျိုးသားပညာရေး ဥပဒေ သပိတ်မှောက် ပုသိမ်စစ်ကြောင်းထဲ၌ စာကျက်ရင်း ဆန္ဒပြသည့် ကျောင်းသူ မချောစုစံသည်လည်း စာမေးပွဲအောင်စာရင်းထဲ ပါဝင်ခဲ့သည်။

ယခုနှစ် အမှတ်ပေါင်း ၅၆၆ မှတ်ဖြင့် တစ်နိုင်ငံလုံးအမှတ် အများဆုံးရခဲ့သည့် မဒီရတနာနိုင်သည် ပြီးခဲ့သည့်နှစ်က တစ်နိုင်ငံလုံး အမှတ်အများဆုံးရခဲ့သူ၏ ညီမအရင်းဖြစ်နေသည်ကလည်း ယခုနှစ်အတွက် ထူးခြားမှုတစ်ရပ်ဖြစ်ခဲ့သည်။

ထိုမျှမကသေး ယခုနှစ် ကျရှုံးခဲ့သူ ၃၇၃၀၉၉ ဦးထဲမှ တောင်တွင်းကြီး ကျောင်းသူတစ်ဦးနှင့် ရေနံချောင်းဘော်ဒါဆောင် ကျောင်းသူတစ်ဦးတို့မှာလည်း ဆေးသောက်၍ သေကြောင်းကြံစည်မှု ဖြစ်ပွားခဲ့သည်။

ပြီးခဲ့သည့်နှစ်က ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာမှ တက္ကသိုလ်ဝင်တန်း ကျရှုံးခဲ့၍ မိမိကိုယ်ကိုယ်သေကြောင်းကြံခဲ့သူ ကျောင်းသူတစ်ဦးကဲ့သို့ အထက်ပါ ကျောင်းသူနှစ်ဦးမှာ မသေဆုံးခဲ့ပေ။

စစ်ကိုင်းတိုင်းဒေသကြီးကလေးမြို့နယ်ထဲမှ ကျေးရွာတစ်ရွာတွင်တော့ အစ်မဖြစ်သူ၏ အောင်စာရင်း သွားကြည့်ပေးသည့် နဝမတန်း ကျောင်းသူတစ်ဦးမှာ အမွေကျင့်ခံခဲ့ရသည်။ ယခင်နှစ်က ဒဂုံမြို့နယ် ပြည်လမ်းနှင့် ရှင်စောပုလမ်းဆုံမီးပွိုင့်တွင် အောင်စာရင်းသွားကြည့်သည့် ကျောင်းသားတစ်ဦး ကားတိုက်သေဆုံးသွားခဲ့ပြီး ယခုနှစ်တွင် ကွမ်းခြံကုန်းမြို့လယ်ကောင်၌ လူငယ်များ ရန်ပွဲတစ်ခုဖြစ်ခဲ့သည်။ လူမသေဆုံးခဲ့သော်လည်း ကြောက်မက်ဖွယ်ကောင်းသော ရန်ပွဲတစ်ခုဟု မျက်မြင်တို့က ဆိုသည်။

# ယခုနှစ်တွင် သွေးလွန်တုပ်ကွေး အဖြစ်များနိုင်

မြတ်ရတီဦး

ရန်ကုန်၊ ဇွန် ၉

ယခုနှစ် မေလအတွင်း သွေးလွန်တုပ်ကွေး ဖြစ်ပွားမှုသည် ယခင်နှစ် မေလဖြစ်ပွားမှုနှင့် နှိုင်းယှဉ်ပါက သုံးဆခန့် များပြားနေကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရောဂါနှိမ်နင်းရေး ဌာနမှ သိရသည်။

"ဒီနှစ်က အဖြစ်များမယ့်နှစ်ပဲ။ သွေးလွန်တုပ်ကွေး ဖြစ်ပွားတဲ့ Case တွေက မေလကတည်းက တက် လာတယ်။ အရင်နှစ်တွေက မေလမှာဖြစ်တဲ့ Case တွေချည်းပဲ နှိုင်းယှဉ်ရင်တောင် သုံးဆလောက် များနေတာတွေ့ရတယ်" ဟု ၎င်းက ပြောသည်။

သွေးလွန်တုပ်ကွေး ဗိုင်းရပ်စ်ပိုး၏စက်ဝန်းအရ နှစ်နှစ်တစ်ကြိမ် သို့မဟုတ် သုံးနှစ်တစ်ကြိမ် ရောဂါဖြစ်ပွားမှုများပြားနိုင်သည်။ မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်က သွေးလွန်တုပ်ကွေးရောဂါ အဖြစ်များခဲ့ပြီးနောက် ယခုနှစ်သည် ဒုတိယမြောက်နှစ်ဖြစ်သည့်အတွက် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများပြားနိုင်ကြောင်း ရောဂါနှိမ်နင်းရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ သန္တာလွင်က ဆိုသည်။

ယခုနှစ် မေလအတွင်းသွေးလွန်တုပ်ကွေးဖြစ်ပွားခဲ့သူမှာ တစ်နိုင်ငံလုံးအနေဖြင့် ဦးရေ ၉၀၀ ခန့်ရှိခဲ့ပြီး နှစ်စမှ ဇွန်လကုန်အထိ ရောဂါဖြစ်ပွားသူ ၅၀၀၀ ခန့် ရှိပြီဖြစ်ကာ သေဆုံးမှုအချို့ ရှိလာကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေး ရောဂါအဖြစ်များ နေရခြင်း၏ အဓိကအကြောင်းရင်းမှာ ခြင် နှိမ်နင်းရေးအတွက် လုပ်ဆောင်ရမည့် 'ဖုံးသွန်လဲစစ်'ကို သေချာ နိုင်နိုင်နင်းနင်း မလုပ်ဆောင်နိုင်ကြခြင်းကြောင့် ဖြစ်ကြောင်း ဒေါက်တာသန္တာလွင်က ထောက်ပြသည်။

"နောက်တစ်ခုက ရေရရှိရေးပေါ့။ မြို့ပြမှာရေရရှိရေး ပြဿနာရှိနေရင် ရေတွေကို လှောင်ကြမှာပဲ။ အဲဒီတော့ ရေပြဿနာ ရှိနေရင် ခြင်ရှိရင် သွေးလွန်တုပ်ကွေးက ဖြစ်မှာပဲ" ဟု ၎င်းက ပြောသည်။

သွေးလွန်တုပ်ကွေး ရောဂါသည် မိုးဦးနှင့် မိုးနှောင်းကာလများတွင် ပိုမိုအဖြစ်များတတ်ပြီး အရွယ်သုံးပါးမရွေး ဖြစ်ပွားတတ်သဖြင့် ပိုမိုသတိထားသင့်ကြောင်း၊ မိုးများသော ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် အထူးသတိထားသင့်ကြောင်း ဆရာဝန်များထံမှ သိရသည်။

အရှေ့တောင် အာရှနိုင်ငံများတွင်လည်း သွေးလွန်တုပ်ကွေး ပြဿနာနှင့် ရင်ဆိုင်နေရသော်လည်း ဖြစ်ပွားမှု နည်းပါးကြောင်း၊ ပတ်ဝန်းကျင် သန့်ရှင်းမှု ကွာခြားခြင်းကြောင့် မြန်မာနိုင်ငံ၏ သွေးလွန်တုပ်ကွေးဖြစ်ပွားမှုမှာ ကျဆင်းမှု မရှိခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၁၃၈၀၀ ခန့်ရှိပြီး ၀ ဒသမ ၃၂ ရာခိုင်နှုန်း သေဆုံးခဲ့ကာ ၂၀၁၃ ခုနှစ်က ၂၂၀၀၀ ခန့် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

■


## သတင်းထောက် အလိုရှိသည်

Asian Fame Media Group မှထုတ်ဝေလျက်ရှိသော Popular News ဂျာနယ်တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိပါသည်။

**သတင်းထောက်** ......... **ကျား/မ-(၅) ဦး**
(ရန်ကုန်တွင် တာဝန်ထမ်းဆောင်ရန်)

**သတင်းထောက်** ......... **ကျား/မ-(၂) ဦး**
(မန္တလေး၊ နေပြည်တော်တွင် တာဝန်ထမ်းဆောင်ရန်)

- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သတင်းလုပ်ငန်းကို စိတ်ပါဝင်စားသူဖြစ်ရမည်။
- အချိန်မရွေး၊ နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- သတင်းထောက်အတွေ့အကြုံရှိသူကို ဦးစားပေးခန့်ထားမည်။

စိတ်ဝင်စား၍လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင် (CV) နှင့်အတူ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်း အထောက်အထား၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ နိုင်ငံသား မှတ်ပုံတင်မိတ္တူတို့နှင့်အတူ (၃၀-၆-၂၀၁၅) နေ့ နောက်ဆုံးထား၍ Asian Fame Media Group **အမှတ် ၁၅၀/၁၆၀၊ ၃၅ လမ်း (အလယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၂၄၉၁၆၅၊ ၀၁-၃၇၃၉၃၁၊** Email-asianfame2014@ gmail. com **သို့လျှောက်ထားနိုင်ပါသည်။**

## ဝန်ထမ်း အလိုရှိသည်

Asian Fame Media Group မှ ထုတ်ဝေလျက်ရှိသော အပတ်စဉ်ထုတ်ဂျာနယ်များနှင့် လစဉ်ထုတ်မဂ္ဂဇင်းများတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိပါသည်။

Advertising and Sales Executive ... **ကျား/မ-(၃) ဦး**

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရဖြစ်ရမည်။
- Advertising and Marketing နှင့် ပတ်သက်သောဘွဲ့ (သို့) အောင်လက်မှတ် (သို့) ဒီပလိုမာရရှိထားသူကို ဦးစားပေးမည်။
- လုပ်သက်အနည်းဆုံး (၂) နှစ်ရှိပြီး အသက် (၂၄) နှစ်မှ (၃၀) နှစ်အတွင်းရှိသူဖြစ်ရမည်။
- သွက်လက်ထက်မြက်၍ လူမှုဆက်ဆံရေးကောင်းမွန်ရမည်။
- ကျန်းမာရေးကောင်းမွန်ပြီး ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာသွားလာနိုင်ရမည်။
- လစာနှင့်အတူ ကြော်ငြာကော်မရှင် ခံစားခွင့်ရရှိမည်။

စိတ်ဝင်စား၍လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင် (CV) နှင့်အတူ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်း အထောက်အထား၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ နိုင်ငံသား မှတ်ပုံတင်မိတ္တူတို့နှင့်အတူ (၃၀-၆-၂၀၁၅) နေ့ နောက်ဆုံးထား၍ Asian Fame Media Group **အမှတ် ၁၅၀/၁၆၀၊ ၃၅ လမ်း (အလယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၂၄၉၁၆၅၊ ၀၁-၃၇၃၉၃၁၊** Email-asianfame2014@ gmail. com **သို့လျှောက်ထားနိုင်ပါသည်။**




www.free4reader.com

# ယူ ၂၀ အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ် ယူ ၁၈ အသင်းပြောင်းလဲ ကိုင်တွယ်မှာလား

ရန်နိုင်
ရန်ကုန်၊ ဇွန် ၉

မြန်မာ ယူ၂၀ အသင်းနည်းပြချုပ်ဂတ်ဖရိုင်းဒရစ်သည် ယူ ၁၈ အသင်းအား ပြောင်းလဲကိုင်တွယ်ရန် ဆန္ဒရှိနေသည့်အပေါ် မြန်မာဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ပြန်ရောက်မှသာ ဆွေးနွေးညှိနှိုင်းသွားမည် ဖြစ်ကြောင်း ယင်းအဖွဲ့ချုပ်မှ သိရသည်။

"သူ (မစ္စတာ ဂတ်ဖရိုင်းဒရစ်) ကလည်း ယူ၂၀အသင်းကို အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့တယ်။ ကျွန်တော်တို့ကလည်း ဥက္ကဋ္ဌ ပြန်လာရင် ဒီကိစ္စ ကိုဆွေးနွေးသွားဖို့ရှိပါတယ်"ဟု မြန်မာဘောလုံး အဖွဲ့ချုပ် ပြန်ကြားရေးတာဝန်ခံ ဦးစိုးမိုးက ပြောသည်။

မြန်မာယူ ၂၀ နည်းပြချုပ်အနေဖြင့်လည်း နိုင်ငံတကာမှ ဘောလုံးကလပ်အသင်းများမှလာရောက်ကမ်းလှမ်းမှုပေါင်း ၃၀ ဝန်းကျင်ခန့်ထိရှိနေကာ လက်ရှိလစာထက် ၆ဆခန့်ပိုသော ငွေကြေးများဖြင့် ကမ်းလှမ်းထားကြောင်း သိရသည်။

မစ္စတာ ဂတ်ဖရိုင်းဒရစ် အနေဖြင့် မြန်မာယူ ၁၈ အသင်းကိုသာ ပြောင်းလဲကိုင်တွယ်ရန် ဆန္ဒရှိနေပြီး ၎င်းကို လာရောက် ကမ်းလှမ်းသည့် ဘောလုံးအေးဂျင့်များကို အကြောင်းပြန်ကြားခြင်း မရှိသေးကြောင်း သိရသည်။



ဇွန် ၈ ရက်က ပြန်လည်ရောက်ရှိလာသည့် ယူ ၂၀အသင်းနည်းပြချုပ်မစ္စတာဂတ်ဖရိုင်းဒရစ်

မြန်မာယူ ၁၈ အသင်းနည်းပြချုပ်ဖြစ်သူ ဦးသန်းထိုက်အနေဖြင့်လည်း မစ္စတာ ဂတ်ဖရိုင်းဒရစ် မိမိအသင်းကို လာရောက်မည်ဆိုပါက ကြိုဆိုပါကြောင်း၊ လက်တွဲလုပ်ဆောင်သွားရန်လည်း ဆန္ဒရှိကြောင်း ပြောသည်။

မစ္စတာ ဂတ်ဖရိုင်းဒရစ်နှင့် မြန်မာဘောလုံးအဖွဲ့ချုပ်တို့ ချုပ်ဆိုထားသော စာချုပ်မှာလည်း တစ်နှစ်ခန့် ကျန်ရှိနေပြီး ၎င်းနှင့် ၂၀၁၁ ခုနှစ်က စတင်စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

မြန်မာယူ ၁၈ အသင်းအနေဖြင့် ၂၀၁၆ အာရှယူ ၁၉ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေပြီး ဂတ်ဖရိုင်းဒရစ် ပြောင်းလဲ ကိုင်တွယ်ခွင့်ရရှိပါက ပြိုင်ပွဲနီးကပ်နေသောကြောင့် လေ့ကျင့်ချိန် ၃လ နီးပါးခန့်သာ ရရှိမည် ဖြစ်သည်။

မြန်မာယူ ၁၈ အသင်းမှာ ၂၀၁၆ အာရှ ယူ ၁၉ ခြေစစ်ပွဲ၌ ဗီယက်နမ်၊ ဘရူနိုင်း၊ ဟောင်ကောင်၊ တီမောအသင်းတို့နှင့် အုပ်စု (G) တွင် တစ်အုပ်စုတည်း ကျရောက်လျက်ရှိပြီး စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၆ ရက် နေ့ထိယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သို့သော် ယင်းအုပ်စုတွင် မည်သည့်နိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံ ကျင်းပမည်ကိုမူ သတင်းထုတ်ပြန်မှု မရှိသေးပေ။

မစ္စတာ ဂတ်ဖရိုင်းဒရစ်မှာ မြန်မာယူ ၂၀-အသင်းကို ၂၀၁၅ ခုနှစ်ဖီဖာယူ ၂၀ ကမ္ဘာ့ဖလား ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်စွမ်းဆောင်ပေးနိုင်ခဲ့ပြီး မြန်မာပရိသတ်များ သဘောကျသည့် နည်းပြတစ်ဦးလည်းဖြစ်သည်။

# ဝေဖန်မှုတွေကြား တောက်ပနေဆဲ အမေရိကန် ဂိုးသမား ဟုပ်ဆိုလို



၂၀၁၅ အမျိုးသမီးကမ္ဘာ့ဖလား စတင်ကျင်းပနေပါပြီ။ ကနေဒါနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပတဲ့ ဒီပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်နေတဲ့ အမေရိကန်အသင်းရဲ့ဂိုးပေါက်ကိုစောင့်ရှောက်ခွင့်ရနေတဲ့သူကတော့ အငြင်းပွားဖွယ်ရာတွေ အမြဲတမ်းလုပ်ဖြစ်တဲ့ တစ်ကျော့ပြန်ဂိုးသမား ဟုပ်ဆိုလိုပဲဖြစ်ပါတယ်။ ကျော့ရှင်းပြေပြစ်တဲ့ ကိုယ်နေဟန်ထားကြောင့်သာမက အမေရိကန်ဂိုးပေါက်ကို လက်စွမ်းပြကာကွယ်နိုင်ခဲ့တာကြောင့် ကမ္ဘာ့ဘောလုံးပရိသတ်တွေကို ဖမ်းစားနိုင်ခဲ့တဲ့ ဆိုလိုဟာ ပြဿနာတွေလည်းမကြာခဏ ဖန်တီးတတ်ပါသေးတယ်။

အဖွင့်ပွဲစဉ်မှာ အမေရိကန်က ဩစတြေးလျကို ၃-၁ ဂိုးရလဒ်နဲ့ အနိုင်ရခဲ့ပါတယ်။ ဒါက တိုက်စစ်မှူးတွေ ဂိုးသွင်းနိုင်တာထက် ဂိုးပေါက်ကို လုံခြုံအောင် စောင့်ရှောက်နိုင်ခဲ့တဲ့ ဟုပ်ဆိုလိုရဲ့ လက်စွမ်းကပိုအရေးပါခဲ့ပါတယ်။ ဆိုလိုက ဒီပွဲမှာ ဩစတြေးလျရဲ့ သေချာပေါက်အပိုင်ကန်သွင်းမှု ၃ ကြိမ်ထက်မနည်းကို ကာကွယ်နိုင်ခဲ့တာကြောင့် အမေရိကန်အသင်း နိုင်ပွဲရခဲ့တာလို့ အများကသုံးသပ်ကြပါတယ်။

ဟုပ်ဆိုလိုသာ မပါလာရင် အမေရိကန်အသင်းဟာ မရဏအုပ်စုရဲ့အဖွင့်ပွဲမှာ အရှုံးရလဒ်နဲ့ ရင်ဆိုင်ရနိုင်ခြေ ရှိပါတယ်လို့ ESPN သတင်းဌာနက သုံးသပ်ထားပြီး သူမကို အသင်းမှာ ပြန်ပါဝင်ခွင့်ပေးတာဟာ မှန်ကန်တဲ့ ဆုံးဖြတ်ချက်ပဲလို့ မှတ်ချက်ပြုပါတယ်။

ဆိုလိုဟာ လက်စွမ်းကောင်းသလို ပြဿနာခဏခဏ ရှာတတ်တာမို့ အသင်းမှာ ပါဝင်ခွင့် မကြာခဏ ဆုံးရှုံးခဲ့ရပါတယ်။ လွန်ခဲ့တဲ့ ရှစ်နှစ် တရုတ်နိုင်ငံက လက်ခံကျင်းပတဲ့ ကမ္ဘာ့ဖလားမှာကတည်းက သူမဟာ ပြဿနာတွေ စတင်ဖန်တီးခဲ့တာပါ။ ကွာတားဖိုင်နယ်မှာ ဘရာဇီးကို ရင်ဆိုင်ရမယ့် အမေရိကန်အသင်းမှာ သူမကို ပါဝင်ခွင့်မပေးဖို့ ဆုံးဖြတ်ခဲ့တဲ့ နည်းပြရဲ့ လုပ်ရပ်ကို သူမက အပြင်းအထန် ဝေဖန်ခဲ့ပါတယ်။

"ဒါဟာ လုံးဝမှားယွင်းတဲ့ ဆုံးဖြတ်ချက်ပါ။ ဘောလုံးပွဲအကြောင်းနားလည်တဲ့သူတိုင်း ဒါကို သိကြလိမ့်မယ်လို့ ကျွန်မ ထင်ပါတယ်။ ကျွန်မသာဆိုရင် ဒီဂိုးတွေကို ကာကွယ်နိုင်လိမ့်မယ်ဆိုတာ သံသယဖြစ်စရာ လုံးဝ မရှိပါဘူး" ဟု ဘရာဇီးလ်ကို ၄-၀ ဂိုးနဲ့ရှုံးနိမ့်ခဲ့တဲ့ပွဲအပြီးမှာ သူမက ပြောဆိုဝေဖန်ခဲ့ပါတယ်။ ဒါဟာ အသင်းဖော်တွေကို မလေးစားရာ ရောက်တယ်ဆိုပြီး သူမလည်း အပြင်းအထန် ဝေဖန်ခံခဲ့ရပါတယ်။

အဲဒီနောက်မှာတော့ သူမဟာ အမေရိကန်အမျိုးသမီးဘောလုံးအသင်းအတွက် ပစ်ရမှာလည်း အဆီတဝင်းဝင်း၊ စားရမှာလည်း သဲတရှပ်ရှပ် ဆိုသလိုဖြစ်လာခဲ့ပါတယ်။

ဒါပေမဲ့ ပါခွင့်ရတဲ့ ပွဲတိုင်းမှာ ဟုပ်ဆိုလိုကတော့ လက်စွမ်းပြနေမြဲ ဖြစ်ပါတယ်။ ဒီနှစ် ကမ္ဘာ့ဖလားမှာလည်း အမေရိကန်အသင်းက ဩစတြေးလျ၊ ဆွီဒင်၊ နိုင်ဂျီးရီးယားတို့နဲ့ အုပ်စုကျပ်ထဲရောက်နေတာကြောင့်သာ သူမကို ပွဲမကျင်းပမီလေးမှာပဲ အသင်းက ပြန်လည်ရွေးချယ်ခဲ့တာပါ။ အသက် ၃၃နှစ်ရှိပြီဖြစ်တဲ့ ဟုပ်ဆိုလိုကတော့ ဒါကို ကျေနပ်နေပါတယ်။

"ကျွန်မကို လူတွေ ဘယ်လိုထင်ထင် ဂိုးတိုင်ကြား ရောက် ရင် ကျွန်မပျော်နေရော။ ပြီးတော့ ကန်ချက်တွေကို ကာကွယ်မယ်။ ဒါပဲ"

■

# ဆီးဂိမ်းပြိုင်ပွဲဝင်ဆုရမြန်မာကစားသမားများကို စင်ကာပူရောက်မြန်မာများ ဆုချီးမြှင့်မည်

ဇိုးလပြည့်
ရန်ကုန်၊ ဇွန် ၉

လက်ရှိ စင်ကာပူနိုင်ငံတွင် ကျင်းပနေသည့် ဆီးဂိမ်းပြိုင်ပွဲဝင်ဆုရ မြန်မာကစားသမားများကို စင်ကာပူရောက် မြန်မာများက ဆုချီးမြှင့်မည်ဖြစ်ကြောင်း ၎င်းတို့ထံမှ သတင်းရရှိသည်။

စင်ကာပူရောက် မြန်မာများဖြင့် စုဖွဲ့ထားသည့် Green & Clean အဖွဲ့၊ မြန်မာဘောလုံးချစ်သူများအဖွဲ့၊ မြန်မာကျူးပစ်အဖွဲ့စသည့် အဖွဲ့များက ၎င်းတို့ လူမှုကွန်ရက်စာမျက်နှာများတွင် မြန်မာယူ ၂၃ ဘောလုံးသမားများ အပါအဝင် ဆီးဂိမ်းပြိုင်ပွဲဝင်ဆုရ ကစားသမားများအား ဆုချရန် အလှူငွေများကောက်ခံလျက် ရှိသည်။

"မိတ်ဆွေသူငယ်ချင်းတို့ရေ စင်ကာပူ ဆီးဂိမ်းအားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ ရွှေ၊ ငွေ၊ ကြေး ဆုရရှိသောသူများနှင့် U 23 ဘောလုံးသမားများကို မြန်မာကျူးပစ်အဖွဲ့က ဆုကြေးငွေများ ချီးမြှင့်မည် ဖြစ်ပါသောကြောင့် မိတ်ဆွေသူငယ်ချင်းများ နည်းများမဆို အလှူထည့်ဝင်ကြပါရန် လေးစားစွာ နှိုးဆော်အပ်ပါသည်၊ ဆုရရှိသောအားကစားသမားများ လက်ထဲသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ဆုချကြမည် ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်" ဟု စင်ကာပူရောက် မြန်မာများဖြင့် ဖွဲ့စည်းထားသော မြန်မာကျူးပစ်အဖွဲ့ဝင် မစုချစ်သူက ၎င်း၏ ဖေ့စ်ဘွတ်ခ်တွင် ကြေညာထားသည်၊

စင်ကာပူရောက် မြန်မာများဖြင့် စုဖွဲ့ထားသော Green & Clean အဖွဲ့ကလည်း ယူ ၂၃ ဘောလုံးသမားများနှင့် ရွှေ၊ ငွေ၊ ကြေးဆုရကစားသမားများအား ဆုချီးမြှင့်ရန် အသင်းဝင်များအား အလှူငွေကောက်ခံထားပြီး လက်ရှိတွင်အလှူငွေ စင်ကာပူဒေါ်လာ ၁၅၀၀ ခန့် ရရှိထားပြီးဖြစ်ကြောင်း အသင်းလိုက်လှူမည်ဖြစ်သလို တစ်ဦးတစ်ယောက်ချင်းလည်း လှူဒါန်းမှုများရှိကြောင်း အသင်းဝင်တစ်ဦးဖြစ်သူ ကိုစန်းမောင်မောင်က ပြောသည်။

"အဓိက ကတော့ ဘောလုံးသမားတွေပေါ့ဗျာ။ ဒါပေမဲ့လည်း တခြား အားကစားသမားတွေ အားမငယ်ရအောင် မျှပြီး ဆုချမှာပါ" ဟု ၎င်းက ပြောသည်။

လက်ရှိ စင်ကာပူ၌ ကျင်းပနေသည့် ဆီးဂိမ်းပြိုင်ပွဲတွင် ယူ ၂၃ ကစားသမားများက ပရိသတ်နှစ်သက်သည့် ခြေစွမ်းမျိုးဖြင့် အကောင်းဆုံး ယှဉ်ပြိုင်နေပြီး အင်ဒိုနီးရှား၊ အိမ်ရှင်စင်ကာပူနှင့် ဖိလစ်ပိုင်တို့ကို ခြေစွမ်းအသာ ဂိုးအသာများဖြင့် အနိုင်ယူပြီး လက်ကျန်တစ်ပွဲကျန်နေသော်လည်း အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်ကာ စင်ကာပူရောက် မြန်မာဘောလုံး ပရိသတ်များ ပြည်တွင်းပရိသတ်များ၏ တစ်ခဲနက်အားပေးမှုကို ရရှိနေသည်။

# လက်ရွေးစင်အသင်းကြီး၏ ကမ္ဘာ့ဖလားခြေစစ်ပွဲများ အခမဲ့ပြသရန် မသေချာသေး

ရန်နိုင်
ရန်ကုန်၊ ဇွန် ၉

ဖီဖာ ၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အသင်းပွဲစဉ်များကို အခမဲ့ရုပ်သံလိုင်းမှ ပြသရန် မသေချာသေးကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သိရသည်။

"ကိုယ့်နိုင်ငံ အိမ်ကွင်းမဟုတ်တော့ ပြသဖို့ခက်ခဲပါတယ်။ အဲဒီကိစ္စကိုတော့ တတ်နိုင်သမျှတော့ ညှိနှိုင်းနေတုန်းပါ" ဟု မြန်မာဘောလုံးအဖွဲ့ချုပ် ပြန်ကြားရေးတာဝန်ခံ ဦးစိုးမိုးက ပြောသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် အိမ်ကွင်းအဖြစ် ဘန်ကောက်မြို့တွင် ယှဉ်ပြိုင်ကစားရခြင်း ဖြစ်သောကြောင့် အခမဲ့ရုပ်သံလိုင်းများမှ ပြသရန်အခက်အခဲရှိသည့်အပြင် အိမ်ကွင်းအဝေးကွင်း ပုံစံဖြင့် ယှဉ်ပြိုင်ကစားရခြင်းကလည်း အခက်အခဲတစ်ခု ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ် FIFA မှ မြန်မာအသင်းအိမ်ကွင်းပွဲစဉ်များကို ပိတ်ပင်ထားသည့်အတွက် ကြားကွင်းအဖြစ် ဘန်ကောက်တွင်သာ ကျင်းပခဲ့ခြင်းဖြစ်ကာ ထိုမှတစ်ဆင့် ပြိုင်ပွဲတိုင်းကို ကစားသွားမည် ဖြစ်သည်။

ဖီဖာ ၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲ ပထမဆုံးပွဲစဉ်အဖြစ် ဇွန် ၁၁ ရက်နေ့တွင် လာအိုလက်ရွေးစင်အသင်းနှင့် ဗီယန်ကျင်းတွင် အဝေးကွင်း သွားရောက်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ဇွန်လ ၁၆ရက်နေ့တွင် ဘန်ကောက်မြို့၌ တောင်ကိုရီးယားအသင်းနှင့် ယှဉ်ပြိုင်ရမည် ဖြစ်ကာ စက်တင်ဘာ ၃ ရက်နေ့တွင် ကူဝိတ်အသင်းနှင့် အဝေးကွင်း၊ အောက်တိုဘာ ၈ ရက်နေ့တွင် လက်ဘနွန်အသင်းနှင့် အိမ်ကွင်းအဖြစ် ပထမအကျော့ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းက ဇွန်လ ၅ ရက်နေ့၌ ဘန်ကောက်တွင် ကမ္ဘောဒီးယား လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ (၁-၀) ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ့လက်ရွေးစင် အသင်းမှာ နိုင်ငံတကာခြေစမ်းပွဲအဖြစ် ကမ္ဘောဒီးယား လက်ရွေးစင် အသင်းနှင့်သာ ယှဉ်ပြိုင်ကစားခဲ့ခြင်း ဖြစ်ပြီး ပြည်တွင်းခြေစမ်းပွဲများ အဖြစ် ကမ္ဘောဇအသင်းနှင့် (၃-၁)ဂိုး၊ ဇွဲကပင်အသင်းနှင့် (၃-၀) ဂိုး အနိုင်ရလဒ်များရရှိထားသည်။ မြန်မာ့လက်ရွေးစင်အသင်းမှာ ၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲအဖြစ် အာရှဇုန်အုပ်စု (G)တွင် အာရှထိပ်သီး တောင်ကိုရီးယား၊ ဘက်ဘနွန်၊ လာအို၊ ကူဝိတ် အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

www.free4reader.com

# မြေဈေးကြီးလွန်း၍ မြန်မာတွင် စက်မှုနယ်မြေထူထောင်မည့်အစီအစဉ် ထိုင်း "ဆာဟာ" အုပ်စု ပယ်ဖျက်

PN-002

ဘန်ကောက်၊ ဇွန် ၉

ထိုင်းနိုင်ငံမှ လူသုံးကုန်ပစ္စည်း ထုတ်လုပ်သည့် ဦးဆောင်ကုမ္ပဏီအဖွဲ့ကြီး တစ်ဖွဲ့ဖြစ်သော ဆာဟာအုပ်စုမှ မြန်မာနိုင်ငံတွင် စက်မှုနယ်မြေတစ်ခု ထူထောင်ရန်အစီအစဉ်ကို ပယ်ဖျက်လိုက်ကြောင်းသိရသည်။

ဆာဟာအုပ်စုအနေဖြင့် စတုရန်းမီတာ တစ်သိန်းခြောက် သောင်းမျှကျယ်ဝန်းသော မြေနေရာဝယ် ကိုယ်ပိုင် စက်မှုနယ်မြေတစ်ခု တည်ထောင်ရန် အစီအစဉ်ကို လက်ငင်းပြုလုပ်ခြင်း မရှိတော့ဘဲ၊ စီမံကိန်း၏ အလားအလာတို့ကို နှစ်အနည်းငယ် လေ့လာသုံးသပ်ပြီးမှသာလျှင် ပြုလုပ်ရန် ဆုံးဖြတ်တော့မည်ဖြစ်ကြောင်း ဆာဟာအုပ်စု၏ ဥက္ကဋ္ဌ မစ္စတာ ဘွန်းဆီသီ ချောက်ဝါတာနာက ပြောကြားခြင်းဖြစ်သည်။

"အရင်းအနှီးက ကြီးလွန်းတာကြောင့် ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်စက်မှုနယ်မြေ တည်ထောင်ဖို့ကို မလုပ်တော့တာပါပဲ။ မြန်မာနိုင်ငံမှာ မြေဈေးက အရမ်းကြီးလွန်းတယ်ဗျ"ဟု မစ္စတာ ဘွန်းဆီသီ ချောက်ဝါတာနာက ပြောပါသည်။

ဆာဟာအုပ်စုအနေဖြင့် စက်ရုံများအတွက် မြေနေရာအချို့ကို ငှားရမ်း၍ စက်မှုနယ်မြေထူထောင်မည့် စီးပွားရေး မဟာဗျူဟာကို ပြောင်းလဲလိုက်ကာ ဂျပန်ရင်းနှီးမြှုပ်နှံသူများနှင့် မြန်မာအစိုးရတို့ဖြင့် ဖက်စပ်ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

ဆာဟာအုပ်စုသည် လောလောဆယ်အားဖြင့် မဲဆောက်ခရိုင်ကို ကုန်သွယ်မှု ဗဟိုချက်အဖြစ်ထား၍ ထိုင်း-မြန်မာ ကုန်သွယ်မှုကို ဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း သိရပါသည်။

Ref: Saha cancels Myanmar Estate



ဆာဟာအုပ်စု၏ ဥက္ကဋ္ဌ မစ္စတာဘွန်းဆီသီ ချောက်ဝါတာနာ(ဝဲ)အား I.C.C ကုမ္ပဏီ နိုင်ငံတကာအမှုဆောင်ဥက္ကဋ္ဌ မစ္စတာဘွန်းကီယက် ချောက်ဝါတာနာနှင့်အတူ (၁၉ကြိမ်မြောက် ဆာဟာအုပ်စုပွဲတော်တွင် တွေ့ရစဉ် (Photo - SOMCHAI POOMLARD)



# ဘောလုံးကွင်း အတွင်း ဆူပူမှုကြောင့် ပရိသတ် ၁၁ ဦး သေဒဏ်ချခံရ

ကိုင်ရို၊ ဇွန် ၉

အီဂျစ်နိုင်ငံတွင် လွန်ခဲ့သည့် ၂၀၁၂ ခုနှစ်က လူ ၇၀ ထက်မနည်း သေဆုံးခဲ့ရသော ဘောလုံးကွင်းအတွင်း ဆူပူအုံကြွမှုအတွက် အမိက တရားခံ၁၁ ဦးကိုတရားရုံး က သေဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။



အီဂျစ်နိုင်ငံ ပို့ဆက်မြို့တွင် အိမ်ရှင် အယ်မာဆက်အသင်းနှင့် အီဂျစ် အအောင်မြင်ဆုံးအသင်းဖြစ်သော အယ်အာလီ တို့၏ အမှတ်ပေး ပွဲစဉ်တစ်ခုတွင် ပရိသတ်များကြား ခိုက်ရန်ဖြစ်ပွားမှုမှ အစပြုကာ ဘောလုံးကွင်းအတွင်း ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ပြီး လုံခြုံရေးအဖွဲ့ဝင်များ အပါအဝင် လူပေါင်း ၇၀ကျော် သေဆုံးခဲ့ရပြီး တစ်ရာကျော်ထိခိုက်ဒဏ်ရာရခဲ့သည်။

ယင်းသည် ကမ္ဘာပေါ်တွင် ဘောလုံးပွဲနှင့် ဆက်စပ်ပြီးထိခိုက်သေကျေမှုအများဆုံး ဖြစ်ရပ်ဖြစ်သည်။

ထို့အတူ ယင်းဆူပူမှုတွင် ပါဝင်ခဲ့သော လူပေါင်း ၄၀ ကိုလည်းထောင်ဒဏ် ၁၅ နှစ်အထိ ချမှတ်ထားခဲ့ပြီး ဖြစ်သည်။

အီဂျစ်နိုင်ငံသည် ဘောလုံးအားကစား နည်းကိုအရူးအမူးအားပေးသော နိုင်ငံတစ်ခုဖြစ်ပြီး ဘောလုံးကွင်း အတွင်း အကြမ်းဖက်မှုများ၊ ပရိသတ် ခိုက်ရန်ဖြစ်ပွားမှုများလည်း မကြာခဏဖြစ်ပွားလေ့ရှိသည်။

၂၀၁၃ခုနှစ် သမ္မတမိုဟာမက်မော်စီလက်ထက်တွင်လည်း ပို့ဆက်မြို့ကို အရေးပေါ် ညမထွက်ရအမိန့် ထုတ်ပြန်ခြင်းအား မကျေနပ်သော ဘောလုံး ပရိသတ်များက ဘောလုံးကွင်းအတွင်း ဆူပူဖျက်ဆီးမှုများ ပြုလုပ်ခဲ့ရာ အမိက တရားခံ ၇၃ ဦးကို နှစ်ရှည် ထောင်ဒဏ်များ ချမှတ်ခဲ့ရသည်ဟု သိရသည်။

# တိုဟူးကြိုက်သူ တစ်ဦး၏ ကျောက်ကပ်တွင်းမှ ကျောက်တုံးငယ် ၄၂၀ ကို ခွဲစိတ်ထုတ်ယူခဲ့ရ

PN-002

ပေကျင်း၊ ဇွန် ၉

တိုဟူးကြိုက်သူ တရုတ်အမျိုးသားတစ်ဦး၏ ကျောက်ကပ်ဝယ် ကျောက်တည်မှု ဖြစ်ပေါ်ခြင်းကြောင့် ခွဲစိတ်ကုသရာ ကျောက်တုံးငယ် ၄၂၀ မျှကို ထုတ်ယူရရှိကြောင်း သိရသည်။


မစ္စတာဟီ၏ ကျောက်ကပ်တွင်းမှထုတ်ယူရရှိသော ကျောက်များ

မစ္စတာ ဟီ အမည်ရှိ အသက် ၅၅ နှစ်အရွယ် အဆိုပါတရုတ်အမျိုးသားသည် တိုဟူးကို နေ့စဉ်အခြေခံအစားအစာအဖြစ်စားသုံးသူဖြစ်ပြီး ရေအနည်းငယ်မျှကိုသာ သောက်သဖြင့် ယခုကဲ့သို့ ကျောက်ကပ်တွင် ကျောက်တည်မှုဖြစ်ပွားရကြောင်းသူ့အား ပြီးခဲ့သည့် သောကြာနေ့က ခွဲစိတ်စဉ်တွင် ဆရာဝန်ကပြောသည်။

သူသည် ပြီးခဲ့သည့်လ အတွင်းက ဝမ်းဗိုက်နာသဖြင့် ကျဲ့ကျန်းခရိုင်ရှိ ဆရာဝန်တစ်ဦးနှင့် ပြသစစ်ဆေးရာ သူ၏ဝမ်းဗိုက်အား CT စကင် ရိုက်ကြည့်ရာမှ ကျောက်ကပ်တစ်ခုလုံးဝယ် ကျောက်များ ပြည့်နှက်နေခြင်းကို သိရှိရခြင်းဖြစ်ကြောင်း တရုတ်ပြည်သူ့နေ့စဉ်သတင်းစာက ဆိုထားပါသည်။

သူ၏ ကျောက်ကပ်တွင်းမှ ကျောက်တို့သည် ခန္ဓာကိုယ်တွင် ရေလှည့်ပတ်မှုကို မပြုတော့ခြင်းကြောင့် မစ္စတာဟီအား အမြန်ဆုံး ခွဲစိတ်ကုသရန် စီစဉ်လိုက်ကြရခြင်းဖြစ်ပြီး အကယ်၍ ခွဲစိတ်ကုသရန် နှောင့်နှေးခဲ့ပါက ကျောက်ကပ်ကို ထုတ်ပစ်ရတော့မည်ဖြစ်ကြောင်း ဆရာဝန်များကပြောသည်။

မစ္စတာ ဟီ၏ ကျောက်ကပ်တွင်းမှ ကျောက်များကြောင့် ခွဲစိတ်ဆရာဝန် ဒေါက်တာ ဝေမှာ အထူး အံ့ဩတုန်လှုပ်ခဲ့ ကြောင်းသိရသည်။

"ဒီလောက်များတဲ့ ကျောက်တွေကို အရင်တုန်းက ကျွန်တော် မတွေ့ခဲ့ဖူးဘူး။ ခွဲစိတ်ကုသတာဟာ ၂ နာရီတောင်မကြာပေမယ့် အဲဒီကျောက်တွေကိုထုတ်ရတာက ၄၅ မိနစ်တောင်ကြာတယ်ဗျ။ အားလုံးလည်းပြီးရော ကျွန်တော့်လက်တွေလည်း လက်အံကိုသေရောပဲ။ အရွယ်စုံ၊ အရောင်စုံ ကျောက်တုံး ၄၂၀ ကို ဇန်းတစ်ခုနဲ့ထည့်ထားရတယ်။ ဒါတောင် စက်နဲ့စုပ်ယူရတဲ့ ဆန်စေ့အရွယ် ကျောက်ကလေးတွေ အလုံး ၁၀၀ မပါသေးဘူး"ဟု ဒေါက်တာဝေက ပြောပါသည်။

မစ္စတာဟီစားသုံးသော တိုဟူး အများစုမှာ ဒွန်ယန်းခရိုင်မှ ထုတ် လုပ်ခြင်းဖြစ်ပြီး ကယ်လ်စီယံဓာတ်ပါဝင်မှုမြင့်မား သောကြောင့် ကျောက်ကပ်ဝယ် ကျောက်တည်ရခြင်းဖြစ်ကြောင်း ဒေါက်တာဝေက ပြောပါသည်။

ရေသောက် နည်းခြင်းမှာလည်း ခန္ဓာကိုယ်တွင်းသို့ ရောက်သွားသော ကယ်လ်စီယံများကို လျင်မြန်စွာ အခဲဖြစ်စေကြောင်း သူကပြောပါသေးသည်။

မစ္စတာဟီ၏ မိသားစုကတော့ သူမည်မျှပင် စားချင်သည်ဖြစ်စေ၊ တိုဖူးကို ယခင်လိုစားခွင့်ပြုတော့မည်မဟုတ်ကြောင်း ပြောသည်။

Rref: Man has 420 kidney stones removed in one operation... and doctor says his love of TOFU is the reason to blame

စာမျက်နှာ ၂၇

"ရန်ကုန်မြို့က အမှိုက်တွေ"မှ အဆက် . . .

တကယ် လုပ်သင့်တာကတော့ စည်ပင်က အမှိုက်ပုံးတွေကိုပဲ အရောင်ခွဲပြီး နှစ်လုံးတွဲ ချပေးထားလိုက်ရင် ပြီးတာပါပဲ။ တခြားနိုင်ငံတွေမှာလည်း ဒီလိုပဲ လုပ်ကြတာပါ။

နောက်တစ်ခုကတော့ အမှိုက်ကန်တွေပါ။ အခုဆိုရင် မိုးတွင်းရောက်နေပြီမို့ အမှိုက်ရေတွေကတစ်ဆင့် ရောဂါတွေ မပြန့်ပွားရအောင် အမှိုက်ကန်တွေကို အမိုးမိုးပေးစေချင်ပါတယ်။ စည်ပင်က လမ်းဖောက်ရာမှာသုံးတဲ့ ကတ္တရာပုံးခွံတွေကို အမိုးလုပ်လို့ ရပါတယ်။ တန်ဖိုးကြီး အမိုးတွေ သုံးဖို့မလိုပါဘူး။ မိုးလုံရင် ပြီးတာပါပဲ။

အလားတူပဲ ဆင်ခြေဖုံး ရပ်ကွက်တွေက အမှိုက်ပုံးတွေကိုလည်း နိုင်ငံခြားဖြစ် တန်ဖိုးကြီးသုံးရမှာ တွက်ခြေမကိုက်ရင် ပြည်တွင်းဖြစ် စွန့်ပစ် ပစ္စည်းတွေနဲ့ အဖိုးနည်းဝန်ပါ အမှိုက်ပုံးတွေ ဖန်တီးလို့ရပါတယ်။ အဲဒါကတော့ ကား တာယာအဟောင်းတွေကနေ အမှိုက်ပုံးလုပ်ဖို့ပါ။ ထိုင်းနိုင်ငံဖူးခက် ကမ်းခြေမှာ ကားတာယာနဲ့ လုပ်တဲ့ အမှိုက်ပုံးတွေ ချထားတာတွေ့ဖူးပါတယ်။ အမြင်မလှပေမယ့် အကြမ်းခံတယ်။ သယ်ရလွယ်တယ်။

အမှိုက်သယ်ယူရေးမှာလည်း မြို့ထဲ၊ မြို့ပြင် လမ်းကြိုလမ်းကြားဝင်ဖို့ လက်ရှိအမှိုက်တွေ လှည်းတွေအပြင် စက်ဘီးနောက်တွဲ ဆိုင်ကယ်နောက်တွဲ တွေနဲ့ သယ်ခွင့်ရမယ်ဆိုရင် ပိုပြီးမြန်ဆန်လာမှာပါ။ စုရပ်တစ်ခုကျမှ အမှိုက်သယ်ယာဉ်ကြီးနဲ့စုစည်းပြီး အမှိုက်စွန့်နေရာကို ပို့ပေးမယ် ဆိုရင် လောင်စာဆီနဲ့ ကုန်ကျစရိတ် ချွေတာနိုင်သလို အချိန်လည်း ပိုမြန်လာနိုင်ပါတယ်။

အခြေခံအားဖြင့်တော့ သက်ဆိုင်ရာကလည်း အမှိုက်ပုံးအရေအတွက် လုံလုံလောက်လောက် ချထားပေးပြီးတော့ အမှိုက်ပစ်တဲ့ ပြည်သူတွေကလည်း အသိတရားရှိရှိ အမှိုက်ပုံးမှာပဲ စွန့်ပစ်ကြမယ်ဆိုရင် ဒီကနေ့ ကြုံတွေ့နေရတဲ့ အမှိုက်ပြဿနာတွေအားလုံး ကွယ်ပျောက်သွားမှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ■



www.free4reader.com










Photo- MFF

# အလံတော်အောက် ဝင့်ကြွားခြင်း

Photo news




ထိုည၏ အရေးအကြီးဆုံးသောအရာမှာ ဝါစိမ်းနီအလံနှင့် နိုင်ငံတော် သီချင်းသံ။ အမည်နာမကား မြန်မာ။

နေရာအနှံ့မှ သူတို့ လာသည်။ မသိကျွမ်းကြသော်လည်း အတူတူ အော်သည်။ အတူတူ ကခုန်သည်။ အတူတူ လက်ခုပ်တီး၍ အတူတူ ပျော်ကြသည်။ အဓိပ္ပာယ်ကား မြန်မာ။

မြန်မာကို ကမ္ဘာက သိစေခဲ့သည့် ယူ-၂၀အသင်း အပြန်ခရီးကို အတူတူ ကြိုကြသည်။ မြန်မာယူ ၂၀၏ ဂုဏ်သိက္ခာ၊ ယူ၂၀ အသင်း၏ အနိုင်တို့နှင့်အတူ အောင်ပွဲနှင့် ဝေးကွာနေသော မြန်မာ...ပြန်လာခဲ့ပြီ မဟုတ်ပါလား။

ဓာတ်ပုံ
အောင်နိုင်စိုး (ကျွပ) ၊ ခွန်လတ်





www.free4reader.com